
www.burmeseclassic.com




# ဥစ္စာစောင့်တွေ လှူတဲ့ငွေ

နှင့်

# သေရွာပြန်ဖြစ်ရပ်မှန်များ

မောင်မှိုင်းညို့(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ ဇက်တင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၈၀၀

**မျက်နှာဖုံးဒီဇိုင်း**

ချယ်ရီမေ (အင်းစိန်)

**ကွန်ပျူတာစာစီ**

ချယ်ရီမေ (အင်းစိန်)

**ထုတ်ဝေသူ**

ဦးချစ်ညွန့် (၀၄၀၀၄)၊ ဇင်ရတနာစာပေ၊

၂၀၅၊ က/၄–လမ်း၊ မြို့သစ်၊ (က+ခ)ရပ်ကွက်၊ အင်းစိန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးကျော်မင်းစိုး(၀၇၃၄၆) စိုးမေတ္တာပုံနှိပ်တိုက်

အမှတ်(၁၇)၊ ၅၆–လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**"ထုတ်ဝေသည့်စာအုပ်တတ်တလောတ်အညွှန်း" (CIP)**

မောင်မိုးညို(ချောင်းဦး)

ဥစ္စာစောင့်တွေလှူတဲ့ငွေနှင့်သေရွာပြန်ဖြစ်ရပ်မှန်များ/ မောင်မိုးညို(ချောင်းဦး)။ ရန်ကုန်၊ ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၄။

၂၂၅ – စာ ၁၂.၅ x ၁၈ စင်တီ

(၁) နှစ်တစ်ရာပြတွင်းနိမ့်ပေါ်မှ ဖြစ်ပျက်သမိုင်းဝင်မှတ်တမ်းများ

# ဥစ္စာစောင့်တွေလှူတဲ့ငွေ

နှင့်

# သေရွာပြန် ဖြစ်ရပ်မှန်များ

မောင်မိုးညို(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ဥစ္စာစောင့်တွေ လှူတဲ့ငွေ ၃

၂။ သေရွာပြန် မစိုးရိုးသူ ၂၄

၃။ ကဝေမနှင့်တစ်ပွဲတစ်လမ်း ၅၄

၄။ ပုဏ္ဏကတိုက်တဲ့အိမ် ၈၆

၅။ နေ့စံ ညခံ ၁၀၉

၆။ သေသူတို့၏ဝိညာဉ်များ ၁၂၇

၇။ လောင်မီးကျတဲ့အိမ် ၁၆၁

၈။ ခုနစ်ရက်လည်တဲ့နေ့ ၁၇၄

၉။ တစ္ဆေခြောက်ခံရသူများ ၂၀၆


# ဥစ္စာစောင့်တွေ လှူတဲ့ငွေ

ဒီလိုအချိန်ကြီးမှာမှ ညလုံခြုံရေးတွေဟာ မြောက်တက်ရပ်ပြင်တော်မှာ အမျိုးသမီးနှစ်ယောက် ရောက်ရှိနေတာကို တွေ့လိုက်ကြတယ်။

ထူးခြားတာက ဒီအမျိုးသမီးနှစ်ယောက် ဘယ်စောင်းတန်းက တက်တာလဲဆိုတာ ဘယ်သူမှ မတွေ့ကြဘူး။

အမျိုးသမီးတွေက အသက်အစိပ်၊ သုံးဆယ်ဝန်းကျင် အရွယ်တွေ၊

မြန်မာဆန်ဆန် ထမီ၊ အင်္ကျီတွေ ဝတ်ဆင်ထားပြီး ကျက်သရေရှိရှိ လှပယဉ်ကျေးတဲ့ အမျိုးသမီးတွေ ဖြစ်တာကို လုံခြုံရေးတွေက သတိပြုမိတယ် ...

အဲဒီနောက်မှာတော့ ...

ထူးခြားဆန်းကြယ်တဲ့ ဖြစ်စဉ်တစ်ခုက ...

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားတဲ့ဆင်းတုတော်တစ်ဆူ

"မြေအောက်အနက်ဆယ်ပေလောက်က တွေ့တာပါ အဘ"

(၂၈-၁၁-၂၀၁၀)နေ့၊ နေ့လည်ခင်းမှာ ဂေါပကရုံးခန်းထဲက ဦးသောင်းဆီကို အလုပ်သမားတစ်ယောက် ရောက်လာတယ်။

သူတို့အဖွဲ့က သာမုဒ်ဆံတော်ရှင်ဘုရား ဘက်စုံပြုပြင်ရေး လုပ်ငန်းခွင်မှာ မြေတူးလုပ်ငန်း လုပ်နေကြတာ ...

သာစုကန်ပရဂုဏ်ဆိုတာက သမိုင်းဝင်သာသနာ့နယ်မြေ၊ နှစ်ပရိစ္ဆေဒ မြောက်များစွာကတည်းက ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပခဲ့ရာ ဘူမိနက်သန်ပါ။

ဒီလိုနေရာဌာနတွေရဲ့ မြေပေါ်၊ မြေအောက်မှာ သမိုင်းတန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်တွေ ရှိတတ်တယ်။

ဒါကြောင့်လည်း ထူးခြားဖြစ်စဉ်၊ ထူးခြားတွေ့ရှိမှုရှိတိုင်း ဂေါပကအဖွဲ့ကို ချက်ချင်းသတင်းပို့ဖို့ မှာထားရတယ်။

အခု အလုပ်သမားခေါင်းဆောင်က မြေအောက်ကတွေ့တယ်ဆိုတဲ့ အံ့ရာဝတ္ထုကို လာအပ်နေပြီ။





ဦးသောင်း ကြည့်လိုက်တော့ ညဏ်တော်တစ်ပေခွဲလောက် ဆင်းတုတော်တစ်ဆူကို တွေ့ရတယ်။

စကျင်ကျောက်ကို ထုလုပ်ထားတဲ့ ကျောက်ဆစ်လက်ရာ တင်ပလ္လင်ခွေ ဆင်းတုတော်။

ဒါပေမယ့် ဆင်းတုမှာ ဦးခေါင်းတော်မပါဘူး။

ဦးသောင်း လွန်ခဲ့တဲ့ ၁၀ ရက်လောက်က တွေ့ရှိယားတဲ့ ဦးခေါင်းတော်ကို သတိရလိုက်တယ်။

ဒီဦးခေါင်းတော်က မြောက်ဘက်၊ သုံးထပ်တိုက်ကျောင်း မှာရုံတည်ဆောက်ရေးလုပ်ငန်းခွင်ရဲ့ မြေအောက်ခြောက်ပေအနက် လောက်က တွေ့ရှိထားတာ။

တစ်နေရာစီကရတဲ့ ဦးခေါင်းတော်နဲ့ ကိုယ်လုံးတော်၊

ပြီးတော့ ဒီအစိတ်အပိုင်းနှစ်ခုက မြေအောက်မှာ တစ်သီးတစ်ခြား တစ်နေရာစီ တည်ရှိနေကြတဲ့အရာတွေ၊

ဘယ်လိုပဲဖြစ်ဖြစ်၊ ဦးသောင်းစိတ်ထဲမှာ ဒီဦးခေါင်းတော်နှင့် ကိုယ်လုံးတော်ကို ဆက်ကြည့်ချင်တဲ့စိတ် ဖြစ်ပေါ်လာတယ်။

ဒါကြောင့် စားပွဲအံ့ဆွဲထဲထည့် သိမ်းဆည်းထားတဲ့ ဦးခေါင်းတော်ကို ထုတ်ယူပြီး ကိုယ်လုံးတော်မှာ တပ်ဆင်ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းရော၊ ဇေါ်တာအဖွဲ့ဝင်တွေရော အံ့ဩဝမ်းသာ သွားကြတယ်။

ဦးခေါင်းတော်နှင့်ကိုယ်လုံးတော်တာ တစ်ဆူတည်းက အစိတ်အပိုင်းနှစ်ခုလို အံဝင်ခွင်ကျ ရှိနေတယ်။

အရွယ်တော်ကလည်း အချိုးကျကျ သပ္ပာယ်နေတာ တွေ့ရတယ်။

ဦးသောင်းက ပန်းရံတစ်ယောက်ခေါ်ပြီး ဦးခေါင်းတော်နဲ့ ကိုယ်လုံးတော်ကို ဆက်ခိုင်းတယ်။

အဲဒီနောက်မှာတော့ စေတီတော်ကြီးရဲ့ မြောက်ဘက် ဝန္ဓတုဋ္ဌိတိုက်အတွင်းက ဆင်းတုတော်ကြီးတွေရဲ့နောက်မှာ မထင်မရှား သိမ်းဆည်းထားလိုက်တယ်။

ဒီလိုနဲ့ ငါးလခန့်ကာလကို လွန်မြောက်ပြီး မြန်မာနှစ်သစ် ကူးအခါသမယကို ရောက်ရှိလာပါတော့တယ်။

## ဥစ္စာစောင့်လား၊ လူသားလား

နှစ်ဆန်းတစ်ရက်နေ့ရဲ့ အရုဏ်ဦးက ဖင်လာရှိစွာ ရောက်ရှိ လာပါတယ် ...



ဒီနေ့ဒီရက်မှာ ကျင်းပလေ့ရှိတဲ့ ငါးလွှတ်ပွဲဟာ သာဓုကန် သာသနာ့မြေရဲ့ ထင်ရှားတဲ့ပွဲကြီး လမ်းကြီးတွေမှာ တစ်ခုအပါ အဝင်ပါ။

ဒီလိုနှစ်ဆန်းတစ်ရက်နေ့ရောက်ပြီဆိုတာနဲ့ အရပ်ရှစ်မျက်နှာက ထောင်ပေါင်းများစွာသောလူတွေ သာဓုကန်ကို စုရုံး ရောက်ရှိလာကြတယ် ...

စတုရန်းမိုင်ချီကျယ်ဝန်းတဲ့ ကုန်းတော်တစ်ခွင်တစ်ပြင်လုံး လူတွေနှင့် ဖုံးအုပ်သွားတယ်။

ဒီလို ကြက်ပျံမကျစည်ကားတဲ့မြင်ကွင်းက နာရီအနည်း ငယ်အကြာမှာ ရောက်ရှိလာပါတော့မယ်။

ခုချိန်မှာတော့ အမှောင်ရိပ်ထုထုထဲထဲ လွှမ်းခြုံနေဆဲ ကန်ရေပြင်ရဲ့ အရှေ့ဘက်ကောင်းကင်ယံမှာ

အရုဏ်ရောင်နီ တစ်စတစ်မျှင်လောက်ပဲ ဖွန်းပေနေသေး တယ် ...

တသုန်သုန်တိုက်ခတ်တဲ့ လေပြည်လေညင်းကြောင့် စေတီ ကြီးရဲ့ ထီးတော်ထက်က ထွက်ပေါ်နေတဲ့ ဆည်းလည်းသံ တချွင်ချွင်နှင့် ...

www.burmeseclassic.com



ဖျပ်ဖျပ်ညိုးညံ့ သစ်ရွက်လှုပ်ခတ်သံတွေကလွဲပြီး ဘုရားရင်ပြင်တော်တစ်ခုလုံး အေးချမ်းငြိမ်ဆိတ်နေတယ်။

ဒီလိုအချိန်ကြီးမှာမှ ညလုံခြုံရေးတွေဟာ မြောက်ဘက်ရင်ပြင်တော်မှာ အမျိုးသမီးနှစ်ယောက် ရောက်ရှိနေတာကို တွေ့လိုက်ကြတယ်။

သာခုကာန်စေတီရင်ပြင်တော်ရောက်ဖို့ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှာရှိတဲ့ စောင်းတန်းလှေကားတွေက တက်မှရမယ်။

ထူးခြားတာက ဒီအမျိုးသမီးနှစ်ယောက် ဘယ်စောင်းတန်းက တက်လာတာလဲဆိုတာ ဘယ်သူမှ မတွေ့မိကြဘူး ...။

အမျိုးသမီးတွေက အသက်အစိတ်/သုံးဆယ် ဝန်းကျင်အရွယ်တွေ။

မြန်မာဆန်ဆန် ထမီ၊ အင်္ကျီတွေ ဝတ်ဆင်ထားပြီး ကျက်သရေရှိရှိ လှပယဉ်ကျေးတဲ့ အမျိုးသမီးတွေ ဖြစ်တာကို လုံခြုံရေးတွေ သတိပြုမိတယ်။

အမျိုးသမီးနှစ်ယောက်က ထမင်းစား စားပွဲခုံတစ်လုံး မေတ္တာခဏငှားရမ်းဖို့ လုံခြုံရေးတွေကို မေတ္တာရပ်ခံတယ်။





လုံခြုံရေးတွေက ရင်ပြင်တော်ရုံးခန်းမှာ အိပ်နေတဲ့တာဝန်ကျဂေါပကအဖွဲ့ဝင် ဦးညွန့်ရွှေကို သွားနှိုးပြီး အကျိုးအကြောင်းပြောတယ်။

ဦးညွန့်ရွှေရဲ့ခွင့်ပြုချက်နဲ့ စားပွဲဝိုင်းတစ်လုံး ယူပေးလိုက်တယ်။

အမျိုးသမီးတွေဟာ စားပွဲခုံကို မြောက်ဘက်ဂန္ဓကုဋိတိုက်ထဲ သယ်ယူသွားကြတယ်။

အမျိုးသမီးနှစ်ယောက်က ထပ်မံပြီးတော့ ဆင်းတုတော်တစ်ဆူချပေးဖို့ လုံခြုံရေးကို အကူအညီတောင်းပြန်တယ်။

လုံခြုံရေးက ဆင်းတုတော်တစ်ဆူပင့်ပြီး စားပွဲဝိုင်းပေါ်တင်ပေးတယ်။

အမျိုးသမီးတွေက ပင့်လာတဲ့ဆင်းတုတော်ကို ပြန်ပို့ခိုင်းတယ်။

ပြီးတော့၊ ဆင်းတုတော်ကြီးတွေရဲ့နောက်မှာ မထင်မရှားသိမ်းဆည်းထားတဲ့။

ဆင်းတုတော်ကိုပဲ ချပေးဖို့မေတ္တာရပ်ခံတယ်။

လုံခြုံရေးကလည်း အမျိုးသမီးတွေပြောတဲ့အတိုင်း ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တော်နှင့် ကိုယ်လုံးတော်ဆက်ထားတဲ့ ဆင်းတုတော်လေးကိုပဲ စားပွဲခုံပေါ် တင်ပေးလိုက်တယ်။ ပြီးတော့၊

အမျိုးသမီးနှစ်ယောက် အသင့်ယူဆောင်လာတဲ့သပိတ်လေးတွေနှင့် သစ်သီးဆွမ်းတော်တို့ ပြင်ဆင်နေကြတာကို ခေတ္တကြည့်ပြီး လုံခြုံရေးတွေ ကိုယ့်နေရာကိုယ် ပြန်သွားခဲ့ကြတယ်။

အဲဒီနောက်မှာတော့ နှစ်ဆန်းတစ်ရက်နေ့ရဲ့ ထုံးစံအတိုင်း ...

စဉ်လာမပျက် ဇီဝိတဒါန ငါးလွှတ်ပွဲဆင်နွှဲကြလို့ အနယ်နယ်အရပ်ရပ်ကနေ ထောင်ပေါင်းများစွာသော ရဟန်းရှင်လူ ပရိသတ်တွေ ရောက်လာကြတယ်။

များပြားလှတဲ့တာဝန်ဝတ္တရားတွေကြောင့် ဂေါပကအဖွဲ့ဝင်တွေရော ညစောင့်တွေပါ အရှေ့ဦးက ရောက်လာတဲ့ အမျိုးသမီးနှစ်ယောက်ကို မေ့လျော့သွားခဲ့ကြပါတယ်။

အဲဒီအမျိုးသမီးတွေ ဘယ်အချိန်ပြန်သွားတယ်ဆိုတာလည်း ဘယ်သူမှ မသိမမြင်လိုက်ကြဘူး။

အချိန်အနည်းငယ်အကြာမှာတော့ ဒီအမျိုးသမီးတွေဟာ လူသားဝင်စစ်မှ တုတ်ရဲ့လား ...။

ဥစ္စာစောင့်မလေးတွေများ ဖြစ်နေမလားဆိုတဲ့



အဖြေရှာရခက်တဲ့ ပဟေဠိတစ်ပုဒ်ကို စဉ်းစားဖို့ ထူးခြားဖြစ်စဉ်တစ်ခုက အသင့်စောင့်ကြိုနေပါတော့တယ်။

## ဥစ္စာစောင့်တွေ လှူတဲ့ငွေ

"မြောက်ဘက်ဂန္ဓကုဋိတိုက်ထဲမှာ ငွေတွေအများကြီး လှူထားတာတွေ့တယ်။

လူတွေလည်း အရမ်းများနေတာမို့ သွားပြီး ထိန်းသိမ်းထားမှ သင့်တော်မယ် ..."

ဂေါပကဥက္ကဋ္ဌဦးသောင်းကို အဖွဲ့ဝင်တစ်ယောက်က လာအကြောင်းကြားတယ်။

ဦးသောင်း ဂေါပကအဖွဲ့ဝင်အချို့နှင့် မြောက်ဘက်ရင်ပြင်တော်ဆီ ထွက်ခဲ့တယ်။

ဂန္ဓကုဋိတိုက်ထဲရောက်တော့ များပြားလှတဲ့ လူအုပ်ကြီးကို မနည်းရှာလုပ်ခံပြီး ရှေ့တိုးခဲ့ကြတယ်။

အဲဒီမှာ ထူးခြားပြီး အံ့ဩဖို့ကောင်းတဲ့အချင်းအရာကို တွေ့မြင်လိုက်ကြရတယ်။

စားပွဲပေါ်က ဆင်းတုတော်လေးကို ငွေစက္ကူတွေပွဲပြီး ပူဇော်ထားတယ်။

www.burmeseclassic.com



တိတိကျကျပြောရရင် ငွေကြေးမျိုးစုံကို ဘောင်လေးတစ်လုံး သဏ္ဍာန်စုပုံ ပူဇော်ထားတာပါ။

ပြီးတော့၊ သစ်သီးဆွမ်းကပ်ထားတဲ့ မြသပိတ်ငါးလုံးနှင့် သောက်တော်ရေဖန်ခွက်တွေလည်း တွေ့တယ်။

ဦးသောင်းနဲ့ဂေါပကအဖွဲ့ဝင်တွေက အလှူရှင်တွေ အနီးအနားမှာများ ရှိနေသလားလို့ မေးမြန်းကြည့်ကြတယ်။

တုန့်ပြန်လာတဲ့အဖြေကိုတော့ ဘယ်သူတစ်စုံတစ်ယောက်ကမျှ ပြောကြားခြင်း မရှိခဲ့ဘူး။

ဦးသောင်းက ဓာတ်ပုံဆရာ လှမ်းခေါ်တယ်။

ထူးခြားတဲ့မြင်ကွင်းကို ဓာတ်ပုံမှတ်တမ်းတွေ ရိုက်ယူထားလိုက်တယ်။

ပြီးတော့ ငွေစက္ကူတွေကို ရေတွက်ကြည့်ကြတယ်။ စုစုပေါင်း ငါးသိန်းရှိတာ သိရတယ်။

အဲဒီအချိန်ကျမှ ညတာဝန်ကျ ဂေါပကတွေနဲ့ လုံခြုံရေးတွေဟာ အရုဏ်ဦးကာလမှာ ရောက်ရှိလာတဲ့ အမျိုးသမီးနှစ်ယောက်ကို ပြန်ပြီးသတိရမိကြတယ်။

အမျိုးသမီးတွေရဲ့အကြောင်းကို ဥက္ကဋ္ဌဦးသောင်းနှင့် ကျန်အဖွဲ့ဝင်တွေကို ပြန်ပြောပြကြတယ် ...။





"အဲဒီအမျိုးသမီးနှစ်ယောက် ဘယ်ကလာတာလဲ ...
ဘယ်အချိန် ပြန်သွားတာလဲ ...
ဘယ်စောင်းတန်းကနေ ပြန်ဆင်းသွားကြတာလဲ ..."

အသီးသီး မေးမြန်းလာတဲ့ မေးခွန်းတွေကိုတော့ ဘယ်သူမှ မဖြေနိုင်ဘဲ နှုတ်ဆိတ်နေကြပါတယ်။

တစ်ချိန်တည်းမှာပဲ သူတို့အားလုံးစိတ်ထဲမှာ သံသယအတွေးတစ်ခုကို တွေးနေခဲ့ကြတယ်။

အဲဒီအတွေးကတော့ "လူသားစင်စစ်အမျိုးသမီးတွေလား၊ ဥစ္စာစောင့်တွေ လာလှူတာများလား"ဆိုတဲ့ တူညီတဲ့ဒွိဟအတွေး တစ်ခုပဲ ဖြစ်ပါတော့တယ်။

**ပေါ်ထွက်မှု ထူးဘုရား**

၂၀၁၄ ခုနှစ်ရဲ့ ဇွန် ၂၆ ရက်နေ့မှာ စာရေးသူဟာ ရဲ အရာရှိ(အငြိမ်းစား)ဦးစောသိန်း(စာရေးဆရာ စောဟိန်း စီအိုင်ဒီ)နှင့် အတူ သာမုကန်စေတီ ရင်ပြင်ပေါ် ရောက်ခဲ့ပါတယ် ...။

ဘုရားဖူး၊ မျက်စိတစ်ဆုံး ကျယ်ပြန့်လှတဲ့ ကန်ကြီးရဲ့ ရှုမဆုံး သဘာဝအလှ ပန်းချီကားကို ခံစားငေးမော၊

www.burmeseclassic.com



ပြီးသာနဲ့ စာရေးသူတို့နှစ်ဦးဟာ စေတီတော်ကြီး ဘက်စုံ ပြုပြင်တည်ဆောက်ရာမှာ တတ်စွမ်းသမျှ ပါဝင်ဖို့ အလှူခံဌာနကို သွားခဲ့ကြပါတယ် ...။

အလှူခံဌာနမှာ အသက်ရှစ်ဆယ်ခန့် ပုဂ္ဂိုလ်ကြီးတစ်ဦး ထိုင်နေတာတွေ့ရပါတယ်။

အဲဒီပုဂ္ဂိုလ်ကြီးကို မြင်လိုက်တာနဲ့ ထူးခြားသည်ဖို့ မတတ် နိုင်တဲ့ အံ့ဩဝမ်းမြောက်မှုတွေ ဦးစောသိန်းရဲ့မျက်နှာမှာ ဖြစ်ပေါ် လာတယ် ...

"အစ်ကိုကြီး ဦးသောင်း ..."လို့ ခေါ်လိုက်တယ်။

ဦးသောင်းဆိုသူကလည်း လိုက်လိုက်လှဲလှဲ ဝမ်းသာသွား တယ်။

"ဟာ ဦးစောသိန်း ..."

တစ်ယောက်နှင့်တစ်ယောက်ဟာ ညီရင်းအစ်ကိုတွေလို ပါပဲ။

ဝမ်းမြောက်ဝမ်းသာနဲ့ အပြန်အလှန် နှုတ်ဆက်ကြတယ်။ မာကြောင်း၊ သာကြောင်းတွေ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြတယ် ...။





ဦးသောင်းဟာ သာစုကန်ကျေးရွာရဲ့ ကောင်းကျိုးကို နှစ်ပေါင်းများစွာ ထမ်းရွက်ခဲ့သူပါ။

ယခုထက်တိုင် ရှိသေလေးစားခံရတဲ့ ရပ်မိရပ်ဖတစ်ဦး အဖြစ် ရပ်တည်လျက်ရှိပြီး ...

သာစုကန်စေတီဝေယျာဝစ္စအဖြစ်လည်း တာဝန်ယူထား တယ်လို့ သိရပါတယ် ...။

ဦးသောင်းက ဦးစောသိန်းနှင့် စာရေးသူတို့ ကော်ဖီတွေ၊ မုန့်တွေနဲ့ ဧည့်ခံပြီး ဘုရားရင်ပြင်တော်ပေါ် ပြန်ခေါ်သွားပါတယ်။

သာစုကန်ဘုရားနှင့်ပတ်သက်တဲ့ သိမှတ်ဖွယ်ရာတွေ၊ ဆက် နွယ်နေတဲ့ ထူးခြားအံ့ဩစရာအဖြစ်အပျက်တွေနှင့် တည်ဆောက် ပြုပြင်လုပ်ငန်းခွင်ကို လိုက်ပြီး ရှင်းပြပါတယ်။

ဦးသောင်းရဲ့ ရှင်းပြပြောကြားချက်ကြောင့် ...

မြေအောက်တစ်နေရာကရတဲ့ ရုပ်ပွားဆင်းတုဦးခေါင်း တော်နှင့် အခြားမြေအောက်တစ်နေရာတရတဲ့ ရုပ်ပွားဆင်းတု ခန္ဓာကိုယ်ပိုင်းကို ဆက်ထားတဲ့ ထူးခြားဆင်းတုတော်တစ်ဆူ အကြောင်း သိခွင့်ရလိုက်ပါတယ်။

တစ်ဆက်တည်းမှာပဲ နှစ်ဆန်းတစ်ရက် နေ့ထူးနေ့မြတ်မှာ ဖြစ်ပွားခဲ့တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



လူတွေသူတွေမသိအောင် ရောက်လာပြီး လို့လို့ဝှက်ဝှက်
ပြန်လည် ထွက်ခွာသွားကြတဲ့

လူသားစင်စစ်လား ...

ဥစ္စာစောင့်လားလို့

ခွဲခြားဝေဖန်ရခက်တဲ့ ငွေတွေစုပုံလှူဒါန်းခဲ့သူ အမျိုးသမီး
နှစ်ယောက်ရဲ့အကြောင်းကိုလည်း သိခွင့်ရလိုက်ပါတယ်။

ဖြစ်စဉ်တိုင်းမှာ ကြောင်းကျိုးဆက်စပ်မှုတွေ ရှိပါတယ်။
ရုပ်ပွားဆင်းတု ဦးခေါင်းတော်လေးကို တွေ့ရှိခဲ့တာ၊ သုံးထပ်
ဓမ္မဗိမာန်တော်ကြီး ဆောက်လုပ်တဲ့ မြေတူးလုပ်ငန်းခွင်မှာပါ။

ဒီဗိမာန်တော်ကြီးကို လှူဒါန်းသူတွေက ဦးသန်းလွင်-
ဒေါ်စန်းကြည်၊ သမီး မဇင်မာသန်း၊ သား ကိုသူထက်အောင်
မြို့မဆင်ဖြူတော် မိသားစုပါ။

အလှူရှင်မိသားစုဟာ ဓမ္မဗိမာန်ကြီး ဆောက်လုပ်လှူဒါန်း
ရုံတင်အားမရဘဲ သာစုကန်ဆံတော်ရှင်ဘုရား ဘက်စုံပြုပြင်ရေး
လုပ်ငန်းတွေမှာလည်း သိန်းပေါင်းထောင်ကျော် စွန့်လွှတ်လှူဒါန်းပြီး
သာသနာ့အကျိုးကို ရွက်ဆောင်ခဲ့ပါတယ် ...

သူတို့ရဲ့ ရဲရင့်တဲ့ သဒ္ဓါတရားနဲ့ ထူးထူးကဲကဲ လှူဒါန်းတဲ့
အကြောင်းတရားကြောင့် ရုပ်ပွားဆင်းတုတော်ကို တွေ့ရှိရတာတာ





ရှေးနှစ်ပေါင်းများစွာကတည်းက ထုဆစ်ကိုးကွယ်ခဲ့ကြတဲ့
ထူးခြားဆင်းတုတော်နှင့် အလှူရှင်တွေရဲ့

ကောင်းမှုကုသိုလ်ဆက်၊ ပဋ္ဌာန်းဆက်ကြောင့်ပဲ ဖြစ်မယ်လို့
စာရေးသူထင်ပါတယ်။ ထူးခြားဆန်းကြယ်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ
ကြောင့် ဆင်းတုတော်ကို ထူးခြားတဲ့ဆင်းတုတော်အဖြစ် သတ်မှတ်
ပြီး "ပေါ်တော်မူ ထူးဘုရား"ဘွဲ့အမည် ဆက်ကပ်ခဲ့ပါတယ်။

ယခုအခါမှာ

ပေါ်တော်မူထူးဘုရားကို သာစုကန်စေတီတော်ကြီးရဲ့
သောကြာဂြိုဟ်တိုင်နဲ့ တနင်္ဂနွေဂြိုဟ်တိုင်နှစ်ခုအကြား ...

ပထမပစ္စယံမှာ ဖူးတွေ့နိုင်ကြမှာ ဖြစ်ပါတယ်။

## ဥစ္စာစောင့်နှင့် စာရေးသူအမြင်

ယခုလောကမှာ ဥစ္စာစောင့်လို့ ခေါ်ဝေါ်တဲ့သူတွေကို -

အဘိဓမ္မာသံခိပ်မှာ ကုမ္ဘဏ်၊ မြေဖုတ်ဘီလူးတို့အဖြစ်
ဖော်ပြထားတယ်လို့ ဆိုပါတယ်။

ဥစ္စာစောင့်တွေကို ကုဝေရနတ်မင်းကြီးရဲ့ လက်အောက်
ခံတော်အတန်ဘုန်းတန်ခိုးကြီးတဲ့ ဘုမ္မစိုးနတ်ဘီလူးတွေက အုပ်ချုပ်
တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာစောင့်တွေကိုယ်တိုင်ကလည်း နည်းပါးပေမယ့် ဘုန်းတန်ခိုးအသင့်အတင့် ရှိကြတယ်။

သူတို့တာ ဘုမ္မစိုးနတ်ဘီလူးတွေ စေခိုင်းတဲ့အတိုင်း မြေတွင်းရှိ ဥစ္စာသိုက်တွေကို စောင့်ကြပ်ကြရတယ်။

သူတို့ရဲ့မူလရုပ်အသင်းတာ ကြီးသောဝမ်းဗိုက်နဲ့ ကျယ်သော၊ ပြူးသော၊ နီသောမျက်စိရှိကြပေမယ့်

သူတို့ကိုယ်သူတို့ လှပအောင် ဖန်ဆင်းနိုင်ကြတယ်။

သိုက်နန်းအတွင်းမှာ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြပြီး သူတို့ဘဝကို စွဲလမ်းသာယာမှုရှိသူတွေ ဖြစ်ကြပါတယ်။

လူ့ပြည်ရှိ လူသားတွေနှင့် ဆက်ဆံနိုင်တဲ့အနေထားရှိတယ်။

လူတွေက ဖိတ်ရင် တရားနာနိုင်ကြတယ်။

အမျှဝေတာ၊ သာဓုခေါ်တာ၊ အိပ်မက်ပေးတာတွေလည်း လုပ်နိုင်တယ်။

လူရုပ်ပေါ်အောင် ဖန်ဆင်းပြနိုင်သူ၊

လူသားတွေနှင့် စကားယှဉ်ပြောနိုင်သူ၊

လူတွေကို ရွှေငွေကအစ အခြားဝတ္ထုပစ္စည်းပေးတမ်းနိုင်သူတွေလည်း ဖြစ်ပါတယ်။



သူတို့တာ ကျေးဇူးသိတတ်တယ်၊ ကျေးဇူးတစ်တတ်တယ်။ ကျောင်းကန်ဘုရားတွေနဲ့ နီးစပ်သူတွေလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ...

သူတို့ရဲ့ဘဝကို သူတို့စွဲလမ်းသာယာနေတဲ့အတွက် တော်တော်တန်တန် ကုသိုလ်ပြုပြီး အမျှဝေတဲ့တိုင် ဥစ္စာစောင့်ဘဝကနေ ကျွတ်သူလွတ်သူ နည်းပါးကြတယ်လို့

တက္ကသိုလ်သျှင်သီရိ (မှော်စရိယာ၊ ဘီအေ)ရဲ့ ပြိတ္တာလောက ဖြစ်ရပ်ဆန်းများစာအုပ်မှာ ဖော်ပြထားပါတယ်။

ဥစ္စာစောင့်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အမျိုးအစားသုံးမျိုး ခွဲလို့ရတယ်လို့ စာရေးသူထင်မိပါတယ်။

ပထမအမျိုးအစားက ပွင့်တော်မူပြီး ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့ရဲ့ သာသနာနှင့်သက်ဆိုင်တဲ့ ဥစ္စာသိုက်တွေကို စောင့်ရတဲ့ ဥစ္စာစောင့်၊

ဒုတိယအမျိုးအစားက သာသနာအတွက် ရည်စူးထားခြင်း မရှိ၊ မိမိပိုင်ဆိုင်မှုလည်းမဟုတ်တဲ့ ဥစ္စာသိုက်တွေကို စောင့်ကြပ်ရတဲ့ ဥစ္စာစောင့်နဲ့

တတိယတစ်မျိုးဖြစ်တဲ့၊ မိမိပိုင် သိမ်းဆည်းသိုဝှက်ထားတဲ့ ဥစ္စာပစ္စည်းကို စောင့်ကြပ်နေရတဲ့ ဥစ္စာစောင့်တွေ ဖြစ်ပါတယ်။

www.burmeseclassic.com



ဥစ္စာစောင့်တွေဟာ ရှေးဘဝတောင်းက သွေမျိုးတော်စပ်ဖူးသူတွေ၊ ချစ်ခင်နှစ်သက်သူတွေကို ဥစ္စာပစ္စည်းပေးတမ်းတဲ့အကြောင်းတွေ အလှူအတန်း ပြုလုပ်တာတွေကို …

ပုံဝတ္ထုတွေနှင့် ဖြစ်ရပ်မှန်ထူးခြားဆန်းကြယ်ဇာတ်လမ်းတွေမှာ ဖတ်ရှုသိရှိရပါတယ်။

မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ ဥစ္စာစောင့်နဲ့ ပတ်သက်တဲ့ယုံကြည်မှုတွေ ဖြစ်ရပ်ဆန်းကြယ်တွေ ရှိတတ်ပါတယ်။

စာရေးသူဝန်ထမ်းဘဝက နေခဲ့တဲ့ ကညွတ်ကွင်းမြို့ခြောက်ဘက်ကျွန်းတောကျောင်းမှာလည်း ဥစ္စာစောင့်သိုက်နန်းရှိတဲ့အကြောင်းနှင့် …

ကျွန်းတောကျောင်းရဲ့ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတစ်ခုမှာ အလှူငွေလာရောက်ထည့်ဝင်တဲ့အကြောင်း ကိုယ်တွေ့ကြုံခဲ့သူကပြောပြလို့ သိခဲ့ရပါတယ် …။

သာဓုကန်ဘုရားက နှစ်ဆန်းတစ်ရက်နေ့ ငွေလှူဒါန်းတဲ့ဖြစ်စဉ်နဲ့ ပတ်သက်လို့လည်း …

လူသားစင်စစ်သာ ဒီလိုများပြားတဲ့ငွေတွေကို လှူဒါန်းမယ်ဆိုရင် …



လူမသိအောင်လား၊ လျို့လျို့ဝှက်ဝှက် ပြန်တဲ့အလုပ်ကိုလုပ်မှာမဟုတ်ဘဲ ဂေါပကအဖွဲ့ကို အသိပေးအကြောင်းကြားပြီးမှလှူဒါန်းမှု ပြုမယ်လို့ ထင်မြင်မိပါတယ်။

ဒါကြောင့် လာရောက်လှူဒါန်းသူအမျိုးသမီးနှစ်ဦးကို ဥစ္စာသိုက်က လာတဲ့သူတွေလို့ပဲ ခန့်မှန်းယူဆမိပါတယ် …။

မှန်ကန်မှု ရှိ၊ မရှိ၊

ဖြစ်နိုင်၊ မဖြစ်နိုင်ကိုတော့

စာဖတ်သူကိုယ်တိုင် စဉ်းစားဝေဖန် ဆုံးဖြတ်တော်မူစေလိုပါတယ်။

www.burmeseclassic.com



သာခုတန်စေတီတော်မှ
ထူးဆန်းသောငွေ လှူဒါန်းမှုဖြစ်စဉ်ကို
ဂေါပကအဖွဲ့က ချက်ချင်းဓာတ်ပုံမှတ်တမ်းရိုက်ကူးခဲ့သည်။







သာခုတန်စေတီတော်မှ
ထူးဆန်းသောငွေ လှူဒါန်းမှုဖြစ်စဉ်ကို
ဆင်းတုတော်၏နောက်ကျောဘက်မှနေ၍
ဓါတ်ပုံမှတ်တမ်းရိုက်ကူးထားပုံ



www.burmeseclassic.com

www.burmeseclassic.com

# သေရွာပြန် မစိုးစိုးသူ

“ဒါ မဖြစ်နိုင်ဘူး ...
သေပြီးသားလူ အသက်ပြန်ရှင်လာတယ်ဆိုတာ ...
လုံးဝမဖြစ်နိုင်ဘူး ...
အောက်လမ်းပညာနှင့် ဖုတ်သွင်းလိုက်တာပဲဖြစ်မယ်၊
ဖုတ်သရဲဆိုရင်
စားပြီးသောက်ပြီးတာနှင့် ပြန်ထွက်သွားမယ် ...
အဲဒီအချိန်
ကောင်မလေး ပြန်သေသွားမှာပဲ။
ဒီအောက်လမ်းဆရာကို ...
မျက်ခြေမပြတ် စောင့်ကြည့်နေကြ ...”





မိန်းမပျိုလေးရဲ့အလောင်းကို ထင်းပုံပေါ်တင်လိုက်ကြတယ်။

မီးသင်္ဂြိုဟ်ဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီ ...

မီးသင်္ဂြိုဟ်ရမယ့်အချိန်ကလည်း စေ့ရောက်နေပြီ။

ထင်းပုံကို မီးရှို့လိုက်ဖို့ပဲ ကျန်တော့တယ်။

ဒါပေမယ့် ...

ဦးလေးဖြစ်သူရောက်မလာသေးတဲ့အတွက် ခေတ္တစောင့်ဆိုင်းနေကြရတယ် ...

အဲဒီအချိန်မှာမှ ...

ရုတ်တရက်၊ မမျှော်လင့်ဘဲ ...

လူစိမ်းတစ်ယောက် သုသာန်ထဲကို ရောက်လာတယ်။

လူစိမ်းကခွင့်တောင်းပြီး မိန်းမပျိုရဲ့အလောင်းကို စမ်းဆေးကြည့်တယ် ...

ပြီးတော့ ...

မိန်းမပျိုလေးရဲ့ဖခင်ဖြစ်သူကို လှမ်းပြောလိုက်တယ်။

“ဒီမိန်းကလေး မသေသေးဘူး၊

ကျုပ်အတိအကျ ပြောရဲတယ်”တဲ့။

သူပြောလိုက်တဲ့စကားကြောင့် အသုဘအခမ်းအနားတစ်ခုလုံး အုတ်အော်သောင်းတင်း ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩဝမ်းသာသံတွေနှင့် ဆူညံသွားတယ် ...

## တစ်

(၁၀-၄-၂၀၁၄)ရဲ့ ပူရှိန်ပြင်းတဲ့နေ့လယ်ခင်းကြီးမှာပဲ စာရေးသူဟာ ဆရာပွင့်ရဲ့ ဗေဒင်ဟောခန်းကို ရောက်သွားခဲ့တယ်။

ဆရာပွင့်ရဲ့ဟောခန်းက လှိုင်မြို့နယ်၊ တရားရုံးအနီး၊ ကျိုက်သာဒီကံပွင့်ဆုတောင်းပြည့်စေတီမုခ်ဦးအရှေ့မှာပါ။

“ဆရာပွင့်က ဗေဒင်ဟောရုံတင်မကဘူး၊ ပယောဂအတိုက် အခိုက်တွေပါ နိုင်နိုင်နင်းနင်း ဖယ်ရှားပေးနေတဲ့ဆရာ၊ သူ့ဆီမှာ အံ့ဩစရာ ကုန်ကြမ်းတွေရှိတယ်”ဆိုတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ လမ်းညွှန်ချက်ကြောင့် စာရေးသူ ရောက်သွားရတာပါ။

ဟောခန်းရောက်တော့ ဆရာပွင့်မရှိဘူး။

ဧည့်သည်တွေနှင့် ထမင်းသွားစားကြတယ်တဲ့။

ဆယ့်ငါးမိနစ်လောက် ထိုင်စောင့်ပြီးမှ ဆရာပွင့်နှင့်အတွဲ ရောက်လာကြတယ် ...။

စာရေးသူရေးတဲ့ စာအုပ်အချို့ လက်ဆောင်ပေးပြီး မိတ်ဆက်လိုက်တယ် ...။





ဆရာပွင့်ကလည်း သူ့ဧည့်သည်တွေနှင့်ပြန်ပြီး မိတ်ဆက် ပေးတယ် ...။

သူတို့အားလုံး မတူတဲ့အရပ်ဒေသအသီးသီးက ရောက်လာ တဲ့သူတွေ ...

ကမာရွတ်၊ သာကေတ၊ တောင်ဥက္ကလာ စတဲ့မြို့နယ် တွေကလာပြီး တိုက်တိုက်ဆိုင်ဆိုင် ဆရာပွင့်ဟောခန်းမှာ ဆုံမိ ကြတာ ...

သူတို့အားလုံးမှာ တူညီတဲ့အချက်တစ်ချက်တော့ ရှိလေရဲ့။

အဲဒါကတော့ သူတို့အားလုံး ရှေးရင်ကျော်ဆရာတွေဆိုတဲ့ အချက်ပါပဲ။

စာရေးသူနှင့်သူတို့ဟာ ထူးဆန်းအံ့ဩဖွယ်ရာ အဖြစ် အပျက်တွေအကြောင်း စကားပြောဖြစ်ကြပါတယ်။

အဲဒီအချိန်မှာ ဧည့်သည်တစ်ယောက် ထပ်ရောက်လာပြီး စာရေးသူတို့ရဲ့စကားဝိုင်းထဲ ဝင်လာပြန်ပါတယ်။

သူက ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျူတာနီး တိုက်နယ်မြို့လေးမှာ နေထိုင်တဲ့ ဆရာဦးဇော်လွင်ပါ။

ဦးဇော်လွင်က သူပထမဆုံးကုသခွင့်ရခဲ့တဲ့လူနာ မစိုးစိုးသူ အကြောင်းကို ပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြေဆိုးကြီးအကိုက်ခံရပြီး ငါးရက်တိုင်တိုင် သတိလစ်မေ့မြောသွားတဲ့ မစိုးစိုးသူကို သေပြီလို့ပဲ အားလုံးက သတ်မှတ်ခဲ့ကြပါတယ်။

ငါးရက်မြောက်တဲ့နေ့မှာ သုသာန်ကိုပို့ပြီး မီးသင်္ဂြိုဟ်တော့မယ်ဆဲဆဲ ...

ဆရာဦးဇော်လွင်ဟာ ထင်မှတ်မထားတဲ့ အခြေအနေမှာ အဲဒီသုသာန်ကို ရောက်သွားတယ် ...

နောက်ဆုံးမှာတော့ မီးသင်္ဂြိုဟ်တော့မယ့် မစိုးစိုးသူရဲ့ အသက်ကို ကယ်တင်နိုင်ခဲ့တယ်။

စိတ်ဝင်စားဖို့ကောင်းတဲ့ နောက်တစ်ချက်က

"မမြင်ရတဲ့ ပုဂ္ဂိုလ်ထူးတွေက မစိုးစိုးသူရှိနေတဲ့ သုသာန်ထဲထိရောက်အောင် အတင်းစေလွှတ်လိုက်တာပါ"ဆိုတဲ့ ဆရာဦးဇော်လွင်ရဲ့ ပြောစကားပါ။

အဲဒီနေ့က ဆရာဦးဇော်လွင်သွားတာက ပန်းတနော်မြို့ဖြစ်ပေမယ့် ...

သူတကယ်ရောက်သွားတာကတော့ ...





(နှစ်)

"အဲဒီနေ့က အကြောင်းပြချက် မယ်မယ်ရရမရှိဘဲ ကျွန်တော်အိမ်က ထွက်လာခဲ့ရတယ်။

အိမ်မှာ ကွမ်းခြံပိုက်ထားတယ်။ ရန်ကုန်ကွမ်း ဘယ်ဈေးပေါက်နေလဲဆိုတာ သိချင်တဲ့အကြောင်းပြချက်လေးတော့ ရှိတာပေါ့။

ဒါပေမယ့် အရေးမကြီးဘူး၊ မသွားလဲ ရတဲ့ကိစ္စ။

ဒါပေမယ့် မမြင်ရတဲ့ ပုဂ္ဂိုလ်ထူး၊ ဆရာသခင်တွေဟာ အဲဒီအချိန်ကတည်းက ကျွန်တော့်စိတ်ကို ချုပ်ကိုင်ထိန်းသိမ်းနေပုံပါပဲ။

ကွမ်းဈေးကို အရမ်းသိချင်နေတယ်။ သွားမှကိုဖြစ်မယ်ဆိုတဲ့ အတွေးဆန္ဒ၊ အာသီသက ကျွန်တော့်စိတ်ထဲမှာ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေတယ် ...။

အဲဒီအချိန်ဟာ မစိုးစိုးသူကို သင်္ဂြိုဟ်ဖို့ အိမ်ကနေ သုသာန်ကို စထွက်လာတဲ့အချိန်လောက်ပေါ့ ...။

အဲဒီတုန်းက ကျွန်တော် ပန်းတနော်မြို့နယ်၊ အောက်ဂ ကျေးရွာမှာ နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကနေ စက်ဘီးစီးပြီး ပန်းတနော်ကို ထွက်လာခဲ့တယ် ...။

တာလမ်းမကြီးအတိုင်း နင်းလာရင်း၊ ပန်းတနော်နှင့် အီးတစ်ဝက်၊ ရေလဲတောင်စုရွာ သုသာန်အနီးကို ရောက်လာတယ်။

အဲဒီအချိန်မှာပဲ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေ စပြီး ဖြစ်တော့တာပါပဲ။

တာလမ်းမကြီးပေါ်မှာ ပြောင့်ပြောင့်တန်းတန်း သွားနေတဲ့ ကျွန်တော့်စက်ဘီးကို မမြင်ရတဲ့ တစ်စုံတစ်ယောက်က ဆွဲလှည့်လိုက်သလို လည်သွားတယ်။

အဲဒီနောက် အမြင့် ခုနစ်ပေ၊ ရှစ်ပေလောက်ရှိတဲ့ တာလမ်းမပေါ်ကနေ ဆင်ခြေလျှောအတိုင်း စက်ဘီးပြေးဆင်းသွားတယ်။

ထူးဆန်းတာနော် ...

ကျွန်တော့်စက်ဘီးက ဘရိတ်အုပ်လိုက်တာနဲ့ ကျွိ၊ ရပ်ပဲ။

အခုတာလမ်းမပေါ်မှာ စက်ဘီးလည်သွားကတည်းက ဘရိတ်အုပ်လိုက်တာ၊

ဒါပေမယ့် မရပ်ဘူး၊ လုံးဝမရပ်ဘူး။

တာလမ်းနှင့်သုသာန်ကြားမှာ လယ်ကွက်တွေရှိတယ်။

နှစ်ပေ သုံးပေမြင့်တဲ့ လယ်ကန်သင်းရိုးတွေရှိတယ်။





စက်ဘီးက လဲကျမသွားဘူး။

လယ်ကွင်းတွေ၊ ကန်သင်းရိုးတွေပါ တစ်ခုပြီးတစ်ခု ကျော်ဖြတ်၊ သူ့အလိုလို သွားနေတယ်။

ကျွန်တော်လည်း ဘာမှ မတတ်နိုင်ဘူး။

စက်ဘီးပေါ်မှာထိုင်ပြီး စက်ဘီးခေါ်ရာ လိုက်သွားရတဲ့ သဘော ဖြစ်နေတယ်။

စက်ဘီးကိုရပ်အောင် ဘယ်လိုမှ မလုပ်နိုင်ခဲ့ဘူး။

စက်ဘီးပေါ်ကလည်း ခုန်မဆင်းမိဘူး။

သုသာန်ထဲက အသုဘပို့တဲ့ လူအုပ်ကြီးအနီးရောက်မှ စက်ဘီးက သူ့အလိုလို ရပ်သွားတယ်။

လူတွေကလည်း တာလမ်းမကြီးပေါ်ကနေ စက်ဘီးနှင့် အပြေးဆင်းလာတဲ့ ကျွန်တော့်ကို အထူးအဆန်း ဝိုင်းကြည့်လို့ပေါ့။

ဆရာစဉ်းစားကြည့် ...

စက်ဘီးမတော်တဆဖြစ်တယ်၊ အသုဘပို့တဲ့လူတွေအနီး ရောက်သွားတယ် ...

ပုံမှန်အနေအထားဆိုရင် တောင်းပန်စရာရှိတာ တောင်းပန်၊ စက်ဘီးပြန်လှည့်၊ တာလမ်းမပေါ်တက်ပြီး ကျွန်တော် ပန်းတနော် ဆက်သွားရမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခုဖြစ်နေတာက မမြင်ရတဲ့ပုဂ္ဂိုလ်ထူး၊ ဆရာသခင်တွေရဲ့ အရေးအရာကိစ္စ ဖြစ်နေတယ်။

ဒါကြောင့်လည်း ပုဂ္ဂိုလ်ထူးတွေ ညွှန်ပြသွန်သင်သလို ကျွန်တော့်ခန္ဓာကိုယ်က ပြောဆိုဆောင်ရွက်နေရခြင်းပါ ...

ဒါကြောင့်လည်း ကျွန်တော်စက်ဘီးကို ပြန်မလှည့်မိဘူး။ တာလမ်းပေါ် ပြန်မတက်မိဘူး။

"ဘာရောဂါနဲ့ဆုံးတာလဲ"လို့ အနီးက အသုဘပို့သူတစ်ဦးကို ကျွန်တော်မေးမိလိုက်တယ်။

"မြွေဆိုးကိုက်တာဗျ ...

မစိုးစိုးသူတဲ့၊ အသက် ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ် ...

အလောင်းကို ငါးရက်ထားပြီး ဒီနေ့ မီးသဂြိုဟ်တော့မလို့ ...၊

သူ့ဦးလေးရောက်မလာသေးလို့ စောင့်နေတာ"တဲ့။

ကျွန်တော် လူအုပ်ကြီးမျက်နှာမူနေတဲ့ ရှေ့ဆုံးကို လှမ်းကြည့်လိုက်တယ်။

ဟုတ်တယ်ဗျ၊ ကြီးမားတဲ့လောင်စာထင်းပုံကြီးပေါ်မှာ အမျိုးသမီးငယ်ရဲ့အလောင်းကို အခေါင်းထဲကထုတ်ပြီး တင်ထားတယ်။

မီးသဂြိုဟ်ဖို့ အားလုံးက အဆင်သင့်ဖြစ်နေပြီ။





ကျွန်တော်ထင်တယ်၊ အခြားသူတစ်ယောက်သာဆိုရင် "ဩော် ... ဟုတ်လား"ဆိုပြီး ပြန်လှည့်သွားမှာပဲ။

ကျွန်တော်ကတော့ ထင်းပုံပေါ်က မိန်းကလေးအလောင်းကို ကြည့်ရင်း ကြက်သီးတွေ တဖြန်းဖြန်းထလာတယ် ...

"သေနေတာမဟုတ်ဘူး၊ မေ့နေတာ"ဆိုတဲ့ အသံကိုလည်း နားထဲက ကြားနေတယ် ...

ဒါကြောင့်လည်း ပုံမှန်မဟုတ်တဲ့အလုပ်တစ်ခုကို ကျွန်တော်လုပ်မိလိုက်ပါတယ် ...

အလောင်းနဲ့အနီးဆုံးထိ တိုးဝင်သွားတယ်။

အလောင်းပိုင်ရှင် မိဘတွေကိုရှာတယ်။

"သေတာတော့ သေပြီပေါ့ခင်ဗျာ၊ ဒါပေမယ့် အမှန်တကယ်သေတာ ဟုတ်၊ မဟုတ် စစ်ဆေးကြည့်ချင်ပါတယ် ...

စမ်းသပ်ခွင့်ပြုပါ"လို့ ခွင့်တောင်းမိတယ်။

သူတို့ကလည်း ...

"သေပြီးသားလူမို့ အမှန်တကယ် သေတယ်ဆိုရင်လည်း ကိစ္စမရှိဘူး၊

မသေသေးဘူးဆိုရင် ..."ဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ စမ်းသပ်ကြည့်ဖို့ ခွင့်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မစိုးစိုးသူရဲ့ဖခင်နှင့်ဦးကြီးကိုခေါ်ပြီး လောင်တထင်းပုံပေါ် တက်လိုက်တယ်။

ထင်းပုံပေါ်က ဝါးကပ်ပေါ်မှာ မစိုးစိုးသူရဲ့အလောင်းကိုတင်ထားတယ်။

အလောင်းနှင့်ယှဉ်ပြီး မစိုးစိုးသူကိုကိုက်တဲ့ မြွေကြီးကိုလည်း တင်ထားတယ်။

မြွေက မြွေပွေးကြီးဗျ။ လက်မောင်းလောက်ကို တုတ်တယ်။ မြွေကြီးကိုချိန်ကြည့်တာ နှစ်ပိဿာမှာ ဆယ့်ငါးကျပ်သားပဲ လျော့တယ်တဲ့။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။

ထင်းပုံပေါ်ရောက်တော့ အပုပ်နံ့ကြီးက နံစော်နေတယ်။

ဒါပေမယ့် မြွေသေကောင်ရဲ့ အပုပ်နံ့ဗျ၊ လူ့သေကောင် အပုပ်နံ့မဟုတ်ဘူး။

ဒီတစ်ချက်၊ ကျွန်တော်သတိပြုမိလိုက်တယ်။

အလောင်းရဲ့ ညာခြေ၊ ခြေမနှင့် ခြေညှိုးကြားမှာ မြွေကိုက်ခံရတဲ့ဒဏ်ရာကို တွေ့တယ်။

မြွေကကြီးတော့ အစွယ်ရာနှစ်ပေါက်တ လက်တစ်လုံးခွဲလောက်တောင် ဝေးတယ်ဗျ …။

အသားဖြူတဲ့သူဆိုတော့ အလောင်းရဲ့လည်ပင်းတစ်ဝိုက်နဲ

ဘယ်၊ ညာ၊ လက်မောင်း၊ လက်ဖျံတွေမှာ ကျပ်ပြားဝိုင်းလောက်ရှိတဲ့ အဆိပ်ကွက်တွေ အများကြီးတွေ့ရတယ်။

မျက်ကွင်းတွေကလည်း မည်းနေတယ်။

ဒါတွေက မြွေဆိပ်မှန်နေတယ်ဆိုတဲ့ လက္ခဏာတွေပေါ့။

ကျွန်တော်က ခွင့်တောင်းပြီး ကလေးမလေးရဲ့ ဆံပင်လေးငါးပင်ကို ရုပြီး ဆွဲနုတ်ကြည့်လိုက်တယ်။

"ဖြုတ်၊ ဖြုတ်"ဆိုပြီး ဆံပင်တွေ ကျွန်တော့်လက်ထဲပါလာတယ်။

ဆံပင်တွေကိုကြည့်လိုက်တော့ ကျွန်တော့်ရင်တွေ ဒိန်းခနဲခုန်သွားတယ်။

ဆွဲနုတ်လိုက်တဲ့ ဆံပင်တွေမှာ တစ်ပင်မှ အမြစ်ပါမလာဘူးလေ။

အဲဒီအချက်က လူ့ ပမဟုတ်ဘူးဆိုတာ ပြနေတာပဲ။

အသက်မရှိတဲ့လူ့ယာအလောင်းကို ဆံပင်နုတ်ကြည့် …

ဆယ်ပင်နုတ်ရင် အနည်းဆုံးတော့ ရှစ်ပင်လောက်မှာ အမြစ် ပါလာရမယ်။

အခုနုတ်ကြည့်တော့ တစ်ပင်မှ အမြစ်မပါဘူး

www.burmeseclassic.com



ဒီတစ်ချက်ထဲနှင့်တင် မစိုးစိုးသူ မသေသေးဘူးဆိုတာ ပြောနိုင်ပြီ။

ဒါပေမယ့် ပိုပြီးသေချာအောင် နောက်တစ်နည်း စမ်းကြည့်လိုက်တယ်။

ခုတိယအကြိမ် ခွင့်တောင်းပြီး မစိုးစိုးသူရဲ့ အကျီအောက်အနားစကို နည်းနည်းလှန်လိုက်တယ်။

ပေါ်လာတဲ့ ဝမ်းဗိုက်သားတစ်နေရာတည်းကိုပဲ ဝါးနှီးပြားလေးနှင့် တစ်ချက်ချင်းတောက်ကြည့်တယ်။

ဆယ့်လေး၊ ငါးချက်တောက်မိတော့ ဝါးနှီးပြားထိတဲ့ ဝမ်းဗိုက်သားနေရာက သွေးရောင်နီရဲလာတယ်။

တကယ် လူသေဆိုရင် သွေးဆုတ်ပြီး ဖြူဖတ်ဖြူရော်ဖြစ်သွားရမှာ ...

ခုတော့၊ သွေးရောင်လွှမ်းပြီး နီရဲလာတယ်။

အဲဒီအချိန်က ကျွန်တော်ခံစားလိုက်ရတဲ့ ဝမ်းမြောက်ပီတိကို ဘယ်လို စာဖွဲ့ရမယ်မှန်းတောင် မသိဘူး။

ကျွန်တော် တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေ ထအောင်ကို ဝမ်းသာခံစားလိုက်ရတယ်။

ကျွန်တော်လက်မထောင်ပြီး ပြောလိုက်တယ်။



"ဒီမိန်းကလေး မသေသေးဘူး၊ ကျုပ် အတိအကျ ပြောရဲတယ် ..."

ကျွန်တော်လည်း ဒီလိုပြောလိုက်ရော အသုဘပို့ရောက်တဲ့ သူအားလုံး အုတ်အော်သောင်းတင်း ဆူညံသွားတယ်။

မိဘတွေ၊ ဆွေမျိုးသားချင်းတွေဆို ဝမ်းသာအယ်လဲ မျက်ရည်တွေရွှဲလို့ ...။

"ဟုတ်မှ ဟုတ်ရဲ့လား"လို့ ဇဝေဇဝါ ဖြစ်သူတွေက ညည်းဖြစ်၊

"မဖြစ်နိုင်ဘူး"လို့ မယုံသင်္ကာဖြစ်သူတွေကလည်း ဖြစ်လို့။

သုသာန်တစ်ခုလုံး စကားပြောသံတွေနှင့် ပွက်လောရိုက်သွားတော့တာပဲဗျို့ ...

အဲဒီအချိန်မှာ ကျွန်တော် ဘာဖြစ်နေတယ်လို့ ဆရာထင်သလဲ။

ဒုက္ခရောက်နေတာ ဆရာရေ့၊ ကျွန်တော်ဒုက္ခရောက်နေတာ။

မစိုးစိုးသူ မသေသေးဘူးဆိုတာ အတိအကျသိလိုက်ရပြီ။ အားလုံးကိုလည်း လက်မထောင်ပြီး ပြောလိုက်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကလေးမလေးက ထင်းပုံထက်က ဝါးကပ်ပေါ်မှာ တကယ့်လူသေကောင်အတိုင်းပဲ ဖြစ်နေသေးတယ်။

ဘာဆက်လုပ်ရမှန်းမသိဘူး။

ကျွန်တော် ဘာဆက်လုပ်ရမယ်ဆိုတာ မသိတော့ဘူး။

## သုံး

ဆရာသိအောင် ပြောရဦးမယ်။

ကျွန်တော်က တ.ဆ နံပါတ်ရ၊ တိုင်းရင်းဆေးဆရာတစ်ယောက်ပါ။

ပြီးတော့၊ ရွှေရင်ကျော်မှာလည်း အဆင့်(၃)၊ ကျွန်တော်တို့ ရွှေရင်ကျော်ဂိုဏ်းတော်မှာက ဆေးတော်ပိုင်ပြီး သတ္တဝါတွေကို ကယ်တင်ပေးနိုင်မှ၊

ပညာပြန့်ပွားအောင် လုပ်နိုင်မှ၊

အဆင့်(၉)၊ ဆရာကြီးအဖြစ် သတ်မှတ်ခံရတာ၊

ကျွန်တော့်အဆင့်က(၃)ဆိုတော့ ဆရာပေါက်စပေါ့၊

ကလေးမက မြွေဆိပ်မွန်ပြီး ဝါးရက်လုံးလုံး သတိလစ်မေ့မြောနေခဲ့တာ၊



သေပြီထင်လို့တောင် မီးသဂြိုဟ်တော့မယ်၊

ဒီအခြေအနေမှာ ကမ္ဘာကျော် အနောက်တိုင်းဆေးပညာပါရဂူကြီးတွေ အကုန်လုံး လာကုတောင် ချက်ချင်း သတိပြန်ရလာဖို့ဆိုတာ မဖြစ်နိုင်ဘူး။

ဒီအတိုင်းပဲ ကျွန်တော်ဟာ ဘာဆက်လုပ်ရမှန်းမသိဘူး။

ဒါက ကျွန်တော်ရဲ့ ပုံမှန်သိစိတ်သဘောတရားလား၊

ဒါပေမယ့် ကျွန်တော်ကောင်းကောင်း သတိထားမိလိုက်တယ် ...၊

ဘာဆက်လုပ်ရမှန်း မသိဖြစ်နေတဲ့စိတ်တွေ ခဏပဲ၊ ကျွန်တော့်အာရုံမှာ ပေါ်သွားတာ၊

အဲဒီ တခဏရဲ့ နောက်မှာတော့ ကျွန်တော်ရဲ့ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးက လုပ်စရာရှိတဲ့အလုပ်အားလုံးကို သူ့အလိုလို လုပ်ဆောင်သွားခဲ့တယ်။

ကျွန်တော်အံ့ဩလို့ မဆုံးဘူး။

အဘ ဆေးဝိဇ္ဇာတွေ ကျွန်တော့်ကို ဝင်ရောက် ပူးကပ်နေပြီဆိုတာ ကျွန်တော်သတိပြုမိလိုက်တယ်။

ကျွန်တော်က ကလေးမလေးရဲ့ နဖူးကို အသာအယာ ပုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မြွေကိုက်ခံထားရတဲ့ မစိုးစိုးသူရဲ့ ခန္ဓာကိုယ်ထဲက မြွေဆိပ်မှန်သမျှ၊

မကောင်းသောအတိုက်အခိုက်၊ အနှောင့်အယှက်မှန်သမျှ ငါ့လက်ဖိုးအောက်က မီးလိုပူပြီးလိုက်ခဲ့ ..."လို့ အမိန့်ပေးလိုက်တယ်။

ပြီးတော့ ကလေးမရဲ့ခန္ဓာကိုယ်ကို မထိဘဲ၊ နဖူးကနေ ခြေဖျားထိအောင် အဆိပ်တွေ သပ်ချတယ်။

ခြေဖျားဘက်ရောက်တော့ ...

"စကြာဝဠာသို့ လွှင့်စေသတည်း"လို့ပြောပြီး အဆိပ်တွေကို လွှင့်ပစ်လိုက်တယ်။

ဒီလို ဆယ့်လေး၊ ငါးခါလောက် အဆိပ်တွေ သပ်ချပြီးချိန်မှာ ...

ကလေးမလေးဆီက ထွက်လာတဲ့ အသံတိုးတိုးလေးတစ်ခု ကြားလိုက်ရတယ်။

"ရေပေးပါ"တဲ့။

ဝမ်းသာလိုက်တာဗျာ၊

ကျွန်တော့်နှလုံးခုန်တာတောင် ရပ်တန့်သွားတယ် ထင်မိလိုက်တယ် ...



မစိုးစိုးသူရဲ့ ဖခင်နှင့် ဦးကြီးဆိုရင် ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင်လည်လို့ ..

"သတိရလာပြီ"လို့ အားလုံးကို အော်ပြောလိုက်တယ်။

အသုဘလိုက်ပို့တဲ့ လူအားလုံးကလည်း မီးသဂြိုဟ်မယ့် ထင်းပုံပေါ်က ကျွန်တော်လုပ်နေသမျှကို မယုံမရဲစိတ်တွေနဲ့ မျက်တောင်မခတ်တမ်း စောင့်ကြည့်နေကြတာဗျ။

မစိုးစိုးသူ သတိရပြီလည်းဆိုရော ထခုန်ကြတာဗျို့ ...

တအံ့တသြနဲ့ ဝမ်းသာကုန်ကြတာပေါ့ ...၊

ကံအားလျော်စွာပဲ မစိုးစိုးသူ မျက်လုံးဖွင့်ပြီး ကြည့်လာတယ် ...၊

ကျွန်တော် အောက်ကလူတစ်ယောက်ဆီက ဓားလှမ်းတောင်းလိုက်တယ်။

မစိုးစိုးသူရဲ့ ခြေမ၊ လက်မတွေမှာ ချည်နှောင်ထားတဲ့ ကြိုးအားလုံးကို ဖြတ်ပစ်လိုက်တယ် ...၊

ကလေးမကို ထင်းပုံပေါ်ကချပြီး အရိပ်ကောင်းတဲ့နေရာ တစ်ခုမှာ နေစေတယ်။

ပြီးတာနဲ့ ရွာပြန်ပြီး အုန်းနနုတစ်ခိုင် ခုတ်ခိုင်းလိုက်တယ်။

သုသာန်နှင့်ရွာက နာရီဝက်ခရီးဗျ။



www.burmeseclassic.com

www.burmeseclassic.com



အသွားအပြန် တစ်နာရီလောက်ကြာမှ အုန်းခိုင်ရောက်လာတယ် ...၊

ကျွန်တော်တ အုန်းသီးတွေ ထိပ်ဖွင့်ပြီး သံပုံးထဲကို အုန်းရေတွေ သွန်ထည့်တယ် ...၊

"ကျွန်ုပ်သည် ရှေးရိုးကျော်အထက်လမ်းပညာကို စေတနာရှင်ဆရာကြီး ဦးသန်းညွန့်ထံမှ ယူတဲ့နေ့ကစပြီး

နွားသား၊ ကျွဲသားများကို ဘယ်သောအခါမှ သိလျက်နှင့် မစားမသောက်ပါ။

ကာမပိုင်လင်ရှိမယားကို သိလျက်နှင့် ဘယ်သောအခါမှ မဖိုးယူ၊ မပေါင်းသင်းပါ။

မူးယစ်စေတတ်သော သေရည်အရက်၊ ထန်းရည်၊ ဘိယာတို့ကို သိလျက်နှင့် ဆေးအဖြစ်တောင်မှ ဘယ်သောအခါမှ မထိမ်း မကျုံ မသောက်မစားပါ။

ဤသစ္စာကျိုးပေါက်ပါက ရှေးရိုးကျော်အထက်လမ်းပညာ ရပ်တွေ ပျောက်ပျက်ပြီး သေချင်းဆိုးအမျိုးမျိုးဖြင့် သွေးပွက်ပွက် အန်၍ သေရပါစေ။

သေပြီးသည့်နောက်မှာလည်း မဟာအဝီစိငရဲ၌ မကျွတ်တန်း ခံရပါစေ။





ဤသစ္စာတရား မှန်ကန်ခဲ့သည်ဖြစ်သော် မစိုးစိုးသူမှာ အကိုက်ခံထားရသော အဆိပ်မှန်သမျှ၊ မကောင်းသောဘေးအန္တရာယ်စက်န်သမျှ ပြယ်မှုန်မှုမကျန်အောင် ပျောက်ကင်းစေသော အဆိပ်ကျချင်များ ဖြစ်ပါစေ ..."

ကျွန်တော် ဒီလို သစ္စာဆိုလိုက်တယ်။

ပြီးတာနဲ့ အုန်းရေတွေထဲကို ဘယ်၊ ညာ လက်ညှိုးချောင်းထည့်ပြီး မွှေလိုက်တယ်။

ဒီနည်းက ရှေးရိုးကျော်အထက်ဂိုဏ်းရဲ့ ဆေးမွှေနည်းပုံစံပါ။

ဆေးမွှေပြီးမှ မစိုးစိုးသူကို တိုက်တယ်။

ကလေးမက ငါးရက်လုံးလုံး အစာရေစာပြတ်ခဲ့တာဆိုတော့ ဘ်ခွက်သုံးလုံးစာလောက်ကို သောက်တယ်။

ခဏနေတော့ ဆီးသွားချင်တယ်၊ ဝမ်းသွားချင်တယ်၊ ပြောလာတယ်။

, သွားတော့လည်း မဲပုပ်ပုပ် အရောင်တွေကျို။

အဲဒါ၊ မြွေဆိပ်တွေပါသွားတဲ့ လက္ခဏာပေါ့။

စောစောက တွေ့နေရတဲ့ ကျပ်ပြားဝိုင်းလောက် အဆိပ်ဘုက်တွေအားလုံးလည်း အဲဒီအချိန်မှာပဲ ယူပစ်လိုက်သလို ပျောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာရဲ့တန်ဖိုး ...

အာဘဆေးဝိဇ္ဇာတို့ရဲ့ ပညာစွမ်း ...

မယုံနိုင်လောက်တဲ့ အံ့မခန်းအစွမ်းပါပဲ။

မစိုးစိုးသူ ချက်ချင်း ထူထူထောင်ထောင် ဖြစ်သွားတယ်။

သူသာနကနေ ရှာပြန်တာတောင် သူကိုယ်တိုင် လမ်းလျှောက်ပြန်ခဲ့တယ်ဗျ ...

## လေး

"ဒါ မဖြစ်နိုင်ဘူး၊

သေပြီးသားလူ၊ အသက်ပြန်ရှင်လာတယ်ဆိုတာ လုံးဝကို မဖြစ်နိုင်ဘူး။

အောက်လမ်းပညာနဲ့ ဖုတ်သွင်းလိုက်တာပဲဖြစ်ရမယ်။

ဖုတ်သရဲဝင်တာဆိုရင် စားပြီးသောက်ပြီးတာနဲ့ ပြန်ထွက်သွားမယ်။

အဲဒီအချိန် ကောင်မလေး ပြန်သေသွားမှာပဲ"

ဒီအောက်လမ်းဆရာကို မျက်ခြေမပြတ် စောင့်ကြည့်နေစေ"

လူတစ်စုပြောနေတဲ့စကားသံတွေက ကျွန်တော့်နားထဲကို ဆူးတွေလို ဝင်လာတယ်။

ကြားလိုက်တာနဲ့ ဒေါသက ထောင်းခနဲ ထသွားတယ်။





အဲဒီအချိန်မှာ ကျွန်တော့်အသက်က နှစ်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်ဗျ ...။

တုန့်ပြန်ချင်တဲ့စိတ်က မြန်မြန်ဆန်ဆန် ရောက်လာတယ်။

ဒါပေမယ့် ...

"ငါလုပ်နေတဲ့အလုပ်က မြင့်မြတ်တဲ့ အထက်လမ်း၊ သတ္တဝါတွေကို ကယ်တင်တဲ့အလုပ်"လို့ သတိရပြီး သည်းခံလိုက်တယ်။

"သူတို့ မသိလို့၊ နားမလည်လို့ ပြောတာပဲ"ဆိုပြီး တင်းမာနေတဲ့စိတ်ကို ဖြေလျှော့လိုက်ရတယ်။

ဖြစ်တာက ဒီလိုဗျ ...၊

သုသာနကပြန်လာ၊ အိမ်ရောက်တာနဲ့ မစိုးစိုးသူရဲ့ ကိုယ်ခန္ဓာထဲပြန့်နေတဲ့ မြွေဆိပ်တွေကို ရိုးရာတိုင်းရင်းနည်းနဲ့ စုပ်ယူရတယ်။

တွင်စုပ်တယ်လို့ ခေါ်တာပေါ့။

မြွေကိုက်ခံရတဲ့ဒဏ်ရာကို စပါးလုံးတစ်ထောက်လောက် ခွဲလိုက်တယ်။

ပြီးတော့ ရေနွေးပွက်ပွက်ဆူထဲမှာ ထည့်ပြုတ်ထားတဲ့ ဝဏ္ဏယ်စလင်ပုလင်းကို ညှပ်နဲ့ယူပြီး ခွဲထားတဲ့အနာပေါ် ဖွေက်လိုက်တယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းက အရမ်းပူနေတော့၊ အသားကို မလောင်အော
အနာဝအနီးမှာ ရေနည်းနည်း ချပေးရတယ်။

အနာကို ပုလင်းဝအုပ်လိုက်တာနဲ့ အနာထဲက သွေးေ
အဆိပ်တွေ အလိုလို စိမ့်ထွက်လာတယ်။

ဒီနည်းက အဆိပ်ကို စုတ်ထုတ်တဲ့ တိုင်းရင်းနည်း
ပနယ်စလင်ပုလင်းနှင့် နှစ်ဆယ့်လေးလုံးစုပ်အပြီးမှာ

"သမီး ထမင်းဆာတယ်၊ စားလို့ရလား" လို့ မေး
တယ်။

"သမီးစားချင်သလောက် ထမင်းသွားခူး၊
ခူးပြီးရင် မစားနှင့်ဦး ဆရာ့ဆီယူလာခဲ့" လို့ ကျွန်ေ
ပြောလိုက်တယ်။

ကလေးမက ထမင်းမစားရတာ ကြာပြီလေ။
စားချင်တဲ့ အာသီသကလည်း ပြင်းထန်နေမှာပေါ့။
ခူးလာတဲ့ ထမင်းတွေက မနည်းဘူး။

အခြားသူ့တွေလည်း အံ့သြသွားတယ်။ ကျွန်တော်တေ
ထမင်းတွေကြည့်ပြီး ပြုံးမိလိုက်သေးတယ် ...၊

ထမင်းပန်းကန်ထဲမှာ ဟင်းတွေလည်း ပုံပြီးသား ...





ထမင်းနှင့်ဟင်းတွေကို ကျွန်တော်က ဝဲ၊ ယာ လက်ညှိုး
နှစ်ချောင်းနှင့် တစ်ပြိုင်နက်တည်း မွှေတယ်။

မွှေနေရင်းနှင့် အုန်းရေစိုက်တုန်းကလိုပဲ သစ္စာဆိုတယ်။

"အဆိပ်တွေနှင့် မကောင်းသော ဘေးအန္တရာယ်စက်
မှန်သမျှ ပြယ်ပျက်မျှ မကျန်အောင် ပျောက်ကင်းစေသော ဆေးထမင်း၊
ဆေးဟင်းများဖြစ်ပါစေ" လို့ သစ္စာပြုရတယ်။

ပြီးတော့မှ ထမင်းကို စားစေတယ်။

ကလေးမကလည်း ထမင်းတွေကို ကုန်အောင်စားနိုင်
တယ်ဗျ ...၊

ထမင်းစားပြီးတော့ "သမီးအိပ်ချင်လို့ပါ၊ အိပ်ခွင့်ပေးပါ" လို့
ပြောပြီး အိပ်ပျော်သွားတယ် ...၊

ဒါကြောင့် နားမလည်တဲ့သူတစ်ချို့က ပြောကြတာ။

ဗုဒ်တစ္ဆေသွင်းထားလို့သာ သေပြီးသားလူက ပြန်ထ
လာတာ ...၊

ထမင်းဟင်းတွေကိုလည်း မယုံနိုင်အောင် အများကြီး
စားတယ် ...၊

စားပြီးတာနဲ့ ပြန်အိပ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဗုတ်တာဧည့်ပြန်ထွက်သွားရင် စိုးစိုးသူ ပြန်သေသွားမယ်လို့ သူတို့က ထင်နေကြတယ် ...။

မစိုးစိုးသူရဲ့ မိဘတွေ တောင်းပန်လို့ ကျွန်တော် အိ

အိမ်မှာပဲ ညအိပ်တည်းခိုလိုက်ရတယ် ...၊

ကလေးမကလည်း ဧအိပ်ကတည်းက တစ်ညလုံး တစ်

ရေးမှ မနိုးတော့ဘူးဗျ။

တစ်ချို့က ပြန်သေသွားတာလားဆိုပြီး အနီးကပ် ကြည့်

ကြသေးတယ်။

တကယ်တော့ မစိုးစိုးသူတာ သေပြီလို့ သတ်မှတ်ခံထာ

ရတဲ့ ငါးရက်တိုင်တိုင် မြင်းထန်တဲ့ မြွေဆိပ်ကြောင့် မေ့မြောသွာ

ခဲ့တာပါ ...၊

အိပ်ပျော်နေတာနဲ့ မေ့မြောတာ မတူပါဘူး၊

အိပ်ပျော်နေတာက အနားယူခြင်းတစ်မျိုးဖြစ်ပြီး

မေ့မြောနေချိန်မှာတော့ သူမရဲ့ ဝိညာဉ်ဟာ ပင်ပင်ပန်းပန်

သွားလာ လှုပ်ရှားနေရပါတယ် ...၊

ကျွန်တော် စက်ဘီးကို ထိန်းမနိုင်၊ သိမ်းမနိုင်ဖြစ်၊

တာလမ်းမကြီးပေါ်ကနေ ထိုးဆင်း၊

မိတ်ဆွေစာပေ



လယ်ကွင်းတွေဖြတ်၊ ကန်သင်းတွေကျော်ပြီး သုသာန်ထဲ

ဝ်လာတာကို သူမြင်နေရတဲ့အကြောင်း ...

ကျွန်တော့်စက်ဘီးနောက်က ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအို

စ်ဦးက တွန်းပို့ပေးနေကြောင်း ...၊

ကျွန်တော့်တို မြန်မြန်လာပါလို့ သူမက ခေါ်နေပေမယ့်

ျွန်တော်က မကြားတဲ့အကြောင်း ...၊

သတိလစ် မေ့မြောနေချိန်က ဝိညာဉ်ဘဝနှင့် သူမ မြင်

ွေ့တဲ့ အရာတွေကို မစိုးစိုးသူ သတိပြန်ကောင်းလာတဲ့အချိန်မှာ

ျွန်တော့်ကို ပြောပြခဲ့ပါတယ်။

မစိုးစိုးသူဟာ မိုးစင်စင်လင်းမှ အိပ်ရာက နိုးထလာပါတယ်။

အဲဒီအချိန်မှာ ပကတိ ကြည်စင်ဝင်းပတဲ့ မျက်နှာနှင့်

န်းလန်းဆန်းဆန်း ဖြစ်သွားပြီ။

မျက်ကွင်းညိုမဲတာတွေလည်း ပျောက်ပြီး တကယ့် လူ

ောင်းပကတိ ဖြစ်သွားပါတယ် ....။

အဲဒီတော့မှ သူမရဲ့ မိဘတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေ

ားလုံး စိတ်ချလက်ချ ပျော်နိုင်ကြပါတော့တယ်။

မစိုးစိုးသူက

www.burmeseclassic.com



"ဆရာပေးတဲ့အသက်ပဲ ရှိပါတော့တယ်"ပြောပြီး ကျွန်တော့်ကို လက်အုပ်ချီ ကန်တော့ရှာတယ်။

သူမဝတ်ဆင်တဲ့ ခြယ်နားကပ်တစ်ရံ၊ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေလက်ကောက်တစ်ကွင်း၊ ရွှေဆွဲကြိုးတစ်ကုံးနှင့် ငွေဒင်္ဂါးထောင်ကိုလည်း ထည့်ကန်တော့ပါတယ်။

ကျွန်တော်က ကန်တော့ခံပြီး လက်ဝတ်လက်စားတွေကို ပြန်စွန့်ပေးတယ်။

ရွှေထည်ပစ္စည်းတွေ လက်မခံတဲ့အတွက် မစိုးစိုးသူရော၊ သူ့မိဘတွေရော စိတ်မကောင်းကြဘူး။

ဒါပေမယ့် "ကျွန်တော် တိုင်းရင်းဆေးပညာလေ့လာ သင်ယူခဲ့တာ၊ ရွှေရင်ဖကျော်အထက်လမ်းပညာကို ယူခဲ့တာတာ ဥစ္စာပစ္စည်းလိုချင်လို့ မဟုတ်ပါဘူး၊ ခုနစ်ရက်သားသမီးတွေကို ကယ်တင်ချင်လို့ပါ၊ ကယ်တင်ခွင့်ရတာပဲ ဝမ်းသာလှပါပြီ"လို့ပြောပြီး ငွေကိုပဲ လက်ခံခဲ့ရပါတယ်။

ဒီအဖြစ်အပျက်က လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ပါ။

မစိုးစိုးသူဟာ ခုချိန်ထိ တာချီလိတ်မြို့မှာ သက်ရှိထင်ရှား ရှိနေတုန်းပါ။



အိမ်ထောင်ကျပြီး သားနှစ်ယောက်နှင့် သမီးလေးတစ်ယောက်င် ရနေပါပြီ။

ဆရာဦးဖော်လွင်ရဲ့ ထူးထူးခြားခြားကိုယ်တွေ့၊ "သေရွာပြန် မစိုးစိုးသူ"ဖြစ်ရပ်မှန် ဇာတ်လမ်းလေးက ဒီနေရာမှာပဲ အဆုံးသတ်သွားခဲ့ပါပြီ။

စာရေးသူနှင့် သူတို့အဖွဲ့ကတော့ ဆရာပွင့်ရဲ့ ဟောခန်းထဲမှာပဲ။

အသက်တမ်းကုန်၍သေခြင်း ...

ကံအစွမ်းကုန်၍သေခြင်း ...

အသက်နှင့်ကံ နှစ်ခုစလုံးကုန်၍သေခြင်း ...

ကံတစ်ပါးကသတ်ဖြတ်၍ သေခြင်းဆိုတဲ့ ...

သတ္တဝါတို့ရဲ့သေခြင်းအကြောင်းတရား (၄)ပါးကိုဆက်ပြီး နွေးဖြစ်ခဲ့ကြပါတယ် ...

သေခြင်းတရားဖော်နှင့် မစိုးစိုးသူရဲ့အဖြစ်ကို ယှဉ်တွဲပြီး းကြည့်ခဲ့ကြပါတယ် ...

အဲဒီအချိန်က မစိုးစိုးသူရဲ့အသက်က (၁၈)နှစ်သာ ရှိသေး တွက် လူ့သက်တမ်း မကုန်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မြေဆိုးအကိုက်ခံရတာ၊ သေပြီအထင်နှင့် မီးသင်္ဂြိုဟ်တော့မယ့်အထိ ရောက်ခဲ့ရတာက အတိတ်က မကောင်းတဲ့အကြောင်းကံတစ်ခုခုရဲ့ အကျိုးဆက်လို့ သတ်မှတ်ရပါမယ်။

ဒီအခြေအနေထိဖြစ်ပြီးမှ မမြင်ရတဲ့ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေက ဆရာဦးဇော်လွင်ကို စေလွှတ်ပြီး ကယ်တင်စေခဲ့ပြန်တယ်။

ဒီအချင်းအရာတွေက မစိုးစိုးသူဟာ လူ့သက်တမ်း မကုန်သေးသလို၊ ကံလည်းမပြတ်သေးဘူးဆိုတာ ပြနေပါတယ်။

ဆရာဦးဇော်လွင် ပြောခဲ့တဲ့စကားတွေထဲမှာ

မစိုးစိုးသူဟာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး

ဘာသာတရားကိုင်းရှိုင်းသူ၊ သီလစောင့်ထိန်းသူ၊ အလှူဒါနဝါသနာထုံသူဆိုတဲ့ အချက်တွေလည်း ပါရှိပါတယ်။

မြေဆိုးကိုက်ခံရလို့ မသေဘဲ မီးသင်္ဂြိုဟ်ခံရပြီး သေတော့မယ့်ဆဲဆဲအချိန်မှာ အသက်ကယ်မယ့်သူ ရောက်လာခဲ့တယ် …၊

ဒီအကြောင်းချင်းရာက

သံသရာမှာ ပြုခဲ့တဲ့ ကုသိုလ်ကံတစ်ခုခု ကျန်ရင်ကျန်၊

အတိတ်ကံ မကျန်ရင်လည်း …

ယခု လက်ရှိဘဝမှာ ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုကံတွေက ထောက်ပံ့ကူညီလို့ပဲ ဖြစ်ရပါမယ် …၊



စာရေးသူတို့ ဆွေးနွေးပြောဆို နေချိန်မှာပဲ အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားငယ်တစ်ယောက် ဆရာပွင့်ရဲ့ ဗေဒင်ဆောင်ခန်းထဲ ဝင်လာကြတယ် …

စာရေးသူတို့လည်း အလိုက်တသိနှင့် အပြင်ဘက်ထွက်ခဲ့ကြတယ် …၊

ဆရာဦးဇော်လွင်က ရုန်ကန်သားသမီးတွေကို ကယ်တင်ဖို့ဆောင်ပွ၊ ထန်းတပင်ဘက် ခရီးထွက်မယ်ပြောပြီး ထွက်ခွာသွားတယ် …

စာရေးသူကတော့ …

ကိုယ်တိုင်ပြုလုပ်ထားတဲ့ ကောင်းမှုကံ၊ မကောင်းမှုကံတွေသိမ်းဆည်းထားရာ …

မပိုင်တဲ့သက်ရှိ သက်မဲ့များ စုစည်းထားရာ

ရွှေပြည်သာမြို့နယ်က နေအိမ်ကို ပြန်လာခဲ့ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ကဗေမနှင့် တစ်ပွဲတစ်လမ်း

"ဟိုထောင့်တိုင်ကို ခေါင်းနှင့်ပြေးဆောင့်စမ်း ..."
ဆရာကြီးအမိန့် ပေးလိုက်တာနှင့် ချက်ချင်းဗျာ၊
လက်ပြန်ကြိုးတုပ်ပုံစံနှင့်ပဲပြေးသွားပြီး ...
အိမ်ထောင့်တိုင်ကို ခေါင်းနှင့်ဆောင့်တော့တာပဲ၊
"ခွပ်"ခနဲ အသံတောင် ထွက်သွားတယ်။
ဆောင့်တဲ့အရှိန်က ပြင်းတော့ နဖူးကွဲသွားတာပေါ့။
သွေးတွေ မျက်နှာပေါ်စီးကျလာတာ မြင်မကောင်းဘူး။
ကျွန်တော် လန့်သွားတာပေါ့။
နဖူးကွဲသွားတာက ကျွန်တော့်မိန်းမလေ၊
ကျွန်တော်ဆရာကြီးကို ကြည့်မိတယ်။
ဆရာကြီးကတော့ ကျွန်တော့်ကို မကြည့်ဘူးဗျ ...
လက်ပိုက်ပြီး ရပ်နေတယ်။



## ကဗေမ၏အစာအပင်းသွင်းခံရခြင်း

ဒီအဖြစ်အပျက်က ၁၉၉၅ ခုနှစ်အတွင်းက ရန်ကုန်တိုင်းသကြီး၊ တောင်ဥက္ကလာပ(၅)ရပ်ကွက်မှာ အမှန်တကယ် ဖြစ်ပွားတဲ့ အဖြစ်အပျက်တစ်ခုဖြစ်ပါတယ် ...၊

အပင်းသွင်းခံရသူမှာ (၅)ရပ်ကွက်၊ ----- လမ်းမှာနေထိုင်သူ မခိုင်ခိုင်ဖြစ်ပြီး ...

ဒီဖြစ်ရပ်မှန်ဇာတ်လမ်းကို မခိုင်ခိုင်ရဲ့ခင်ပွန်း ဦးအေးဝင်းကိုယ်တိုင် ပြောပြခဲ့တာ ဖြစ်ပါတယ်။

အပင်းသွင်းသူကတော့ မွေးရာပါ အောက်လမ်းပညာသည်အဆင့်မြင့်ကဗေမတစ်ယောက်လို့ ဦးအေးဝင်းက ပြောပြပါတယ်။

ဒီအဖြစ်အပျက် ဖြစ်ပွားရခြင်းအကြောင်းက ရန်လိုမုန်းထားငြိုးကြီးဖွဲ့ခြင်းနှင့် သူတစ်ပါးစီးပွားဥစ္စာ ဖြစ်ထွန်းနေမှုအပေါ် မနာလိုဖြစ်တတ်မှုကြောင့်မဟုတ်ဘဲ မနာလိုစိတ်ကနေ စတင်ခဲ့တာပါ။

ကိုအေးဝင်းနှင့် မခိုင်ခိုင်တို့လင်မယားဟာ တောင်ဥက္ကလာ၊ ——— ဈေးမှာ ကုန်စုံဆိုင်ကြီး ဖွင့်ထားပါတယ် ...၊

မနက်ခြောက်နာရီထိုးတာနှင့် အလုပ်သမားတွေက ဆိုင်ဖွင့်ကြရောင်းပါတယ်။

www.burmeseclassic.com



ကိုအေးဝင်းတို့လင်မယားကတော့ ရှစ်နာရီထိုးမှ ဆိုင်ကို ရောက်လေ့ရှိတယ်။

သူတို့ရောင်းတဲ့ဈေးထဲမှာပဲ အသုပ်စုံရောင်းတဲ့ မိန်းမကြီး တစ်ယောက်ရှိတယ်။

အသုပ်ဆိုင်အတွက် လိုအပ်တာတွေကို ကိုအေးဝင်းတို့ ဆိုင်မှာ မနက်တိုင်း လာဝယ်တယ်။

ဝယ်တဲ့အချိန်က ဆိုင်ဖွင့်ပြီးစအချိန်။

အဲဒီအချိန်မှာ ကိုအေးဝင်းတို့ ရောက်မလာသေးဘူး။

မိန်းမကြီးဝယ်တဲ့ပုံစံက ဒေါက်ပြန်ငွေချေစနစ်၊ အကြွေး ပေး၊ အသစ်ယူတဲ့ပုံစံ။

ဖြစ်နေတာက ကုန်ကို ယူချင်သလောက်ယူပြီး၊ ကြွေး စာရင်းကျ မှတ်ခိုင်းချင်သလောက် မှတ်ခိုင်းနေတာပဲ။

ဥပမာ– တစ်ထောင်ဖိုးယူပြီး နှစ်ရာလောက်ပဲ စာရင်း မှတ်ခိုင်းတာမျိုး။

ဆိုင်ကအလုပ်သမားတွေကို အောက်လမ်းပညာနှင့် အတန့် လုပ်ထားတော့ သူပြောသလိုပဲ မှတ်ကြရတယ်။

မိန်းမကြီးဟာ နေ့စဉ်နေ့တိုင်း ဒီအတိုင်းပဲ လုပ်နေတာယ်။ လတွေများလာတော့ ကိုအေးဝင်းတို့ဆိုင် အရှုံးပြလာတယ်။



ဒါပေမယ့် ဘာဖြစ်လို့ အရှုံးပြနေတာလဲဆိုတာတော့ သူတို့ မသိကြဘူး ...။

တစ်နေ့မှာ အဲဒီမိန်းမကြီးဈေးဝယ်နေတုန်းမှာ အမျိုး သမီးတစ်ယောက်လည်း ဈေးလာဝယ်တယ်။

အဲဒီအမျိုးသမီးက မခိုင်ခိုင်ရဲ့မိတ်ဆွေ၊

သူမတာ မိန်းမကြီးလုပ်နေသမျှကို အစအဆုံးတွေ့သွား တယ်။

သူတွေ့သမျှအားလုံး မခိုင်ခိုင်ကို ပြန်ပြောပြတယ်။

အဲဒီမိန်းမကြီးနှင့် မခိုင်ခိုင်တို့နှစ်ယောက် ဈေးထဲမှာ စကား များ ရန်ဖြစ်ကြတယ်။

အဲဒီအချိန်ထိ မိန်းမကြီးဟာ ကဝေမကြီးဆိုတာ ကိုအေးဝင်း တို့ မသိကြသေးဘူး။

ရန်ဖြစ်ပြီးလို့ တစ်လလောက်ကြာတော့ ကိုအေးဝင်းကပဲ ကြားဝင် ဖျန်ဖြေပေးတယ်။

ဆိုင်ချင်းကလည်း မျက်စောင်းထိုး၊ နေ့တိုင်းလည်း မျက်နှာ ချင်းဆိုင်မိနေတယ်။

ပြီးတော့ ဈေးသူဈေးသားချင်း ဒီလို မခေါ်မပြော နေကြ ရတာ မကောင်းဘူးဆိုပြီး ကိုအေးဝင်းတာ အဲဒီမိန်းမကြီးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကနေ နန်းကြီးသုပ်တစ်ပွဲ မှာလိုက်တယ်။

မခိုင်နိုင်က ရန်ဖြစ်ထားတဲ့အတွက် လုံးဝမစားဘူး။

ကိုအေးဝင်းစားကြည့်တော့ အရသာရှိတယ်။

အဲဒါကြောင့် မခိုင်ခိုက်ကို ချော့ပြီးကျွေးတယ်။

မခိုင်နိုင် နန်းကြီးသုပ်တစ်ဇွန်းခပ်စားလိုက်တယ်။

ဟင်းချိုသောက်မယ်အလုပ်မှာ ယင်တစ်ကောင်ဟာ ဟင်း

ပွဲထဲ ကျသွားတယ်။

မခိုင်နိုင် ဆက်မစားဖြစ်တော့ဘူး။

နန်းကြီးသုပ်တစ်ဇွန်းပဲစားလိုက်ရတယ်။

ဒါပေမယ့် အဲဒီတစ်ဇွန်းထဲမှာပဲ အပင်းသွင်းခံလိုက်ရတယ်

ဆိုတာတော့ သူတို့ မသိလိုက်ကြဘူး။

အဲဒီနေ့ကစပြီး မခိုင်နိုင်တစ်ယောက် ထမင်းမစားချင်

ဟင်းမစားချင်ဖြစ်လာတယ် ...

အဲဒီကနေ နေမကောင်းချင်သလို၊ အအိပ်ပျက်သလို၊ အစာ

ပျက်သလို တရောင်ရောင် ဖြစ်လာတယ် ...

ကိုအေးဝင်းတာ ဇနီးသည်ရဲ့ရောဂါပျောက်ကင်းဖို့အတွက်

ပုဂ္ဂလိကစပါယ်ရှယ်ဆေးခန်းတွေကို သွားတယ်။





အထူးကုဆရာဝန် ပါရဂူကြီးတွေနှင့် တစ်ယောက်ပြီး

တစ်ယောက် ပြတယ် ...

ဒီလို ဂရုစိုက်နေတဲ့ကြားကပဲ အစားအသောက်ပျက်ရာ

ကနေ အရည်သောက်ပဲ ဝင်တော့တယ်။

နောက်တော့ အရည်ပါ မသောက်တော့ဘူး။ ဂလူ့ကို့

အသက်ပဲ ရှိတော့တယ်။

အရင်က ဝင်းပစိုပြေအသားအရေနှင့် ကျက်သရေရှိတဲ့

အလှပိုင်ရှင် ...

တဖြည်းဖြည်းနှင့် အရိုးပေါ်အရေတင် ဖြစ်လာတယ်။

အိပ်ရာထဲမှာပဲ ဗုန်းဗုန်းလဲကျတဲ့ဘဝ ရောက်သွားတယ်။

အထူးကုဆေးခန်းတွေ တစ်ခုပြီးတစ်ခု။

အထူးကုဆရာဝန်တွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်း

နေပါလျက် ...

သက်သာရာမရဘဲ ပိုဆိုးလာတယ်။

ရောဂါကလည်း အမည်တပ်လို့မရတဲ့၊ ဘာမှန်းမသိတဲ့

ရောဂါဖြစ်နေတယ် ...

"ခင်ဗျားမိန်းမရဲ့ရောဂါဝေဒနာက မရိုးဘူး၊ ပယောဂ

သင်တယ်၊ သူများပြုစားတာ ခံနေရတာဖြစ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



တတ်ကျွမ်းနားလည်တဲ့ ဆရာသမားနှင့် ပြသင့်တယ်” ကိုအေးဝင်းတာ မိတ်ဆွေတစ်ချို့ရဲ့စကားကို လက်မခံခဲ့ဘူး။

သူက ဘုရားမှတစ်ပါး ဘာကိုမှ ကိုးကွယ်ရာ၊ အားထားရာ မထားတဲ့သူ။

အထက်ဂိုဏ်း၊ အောက်ဂိုဏ်းဆိုတာမပြောနဲ့၊ အလယ်ဂိုဏ်း လည်းမယုံဘူးဆိုတဲ့လူစား။

“ဟိုဂိုဏ်းကဆရာကြီး၊ ဒီဂိုဏ်းကဆရာကြီး-ဆိုပြီး ဆေးကုခံကြ၊

နောက်ဆုံးကျ ဆရာ့နောက် သမီးပါသွားလို့ပါသွား မိန်းမပါသွားလို့ပါသွား၊

ဘယ်ဆရာမှ မယုံဘူး”လို့လည်း ခဏခဏပြောတတ် သေးတယ်။

ဒီလိုနှင့် လေးငါးခြောက်လ ကြာသွားတယ် …

ရောဂါက ပိုပြီးဆိုးလာတယ်။ နောက်ဆုံးဆရာဝန်တွေ တောင် လက်လျှော့လိုက်ရတဲ့အဆင့် ဖြစ်သွားတယ် …

ကုန်တဲ့ငွေကလည်း သောက်သောက်လဲ၊





အဲဒီတုန်းက ခေတ်စားနေတဲ့ မာဇဒါလေးဘီးကား သုံး၊ လေးစီးဝယ်လို့ရတဲ့ငွေတွေ …

အဲဒီအချိန်ရောက်လာမှ ကိုအေးဝင်းစိတ်ထဲမှာ …

“သူတို့ပြောသလို ပယောဂ အတိုက်အခိုက်များ ဖြစ်နေသလား …”ဆိုတဲ့ အတွေးလေးတစ်စ ဝင်လာတယ်။

ဒါနဲ့ပဲ ကြည့်မြင်တိုင်၊ သရက်တောက ရွှေရင်ကျော် ဆရာကြီးဦးသန်းညွန့်ဆီကို ရောက်သွားတယ်။

အဲဒီတော့မှ …

“အထက်လမ်း၊ အောက်လမ်း၊ ဘာလမ်းမှမယုံဘူး၊ ဟိုဆရာ၊ ဒီဆရာ၊ ဘယ်ဆရာမှ မထင်မကြီးဘူး”ဆိုတဲ့ ကိုအေးဝင်းတစ်ယောက် …

မယုံနိုင်လောက်အောင် ထူးခြားဆန်းကြယ်တဲ့အဖြစ်တွေ ကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရတယ် …

မျော်ကားတစ်ကားကြည့်နေရသလို မြင်ခဲ့ရတယ်လို့ ပြောလာရပါတော့တယ် …။



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းတဲ့ဆရာ

"ကျွန်တော်တို့ရှေ့ရင်ကျော်အထက်ဝိုင်းက ပယောဂ အတိုက်အခိုက်အမျိုးမျိုးကို နိုင်ပါတယ်၊

အောက်လမ်းအမှောင့်ပယောဂနဲ့ယှဉ်တဲ့ အစာပင်း၊ အဆိပ်ပင်း၊ သွေးပင်း၊ လေပင်း၊ သည်းခြေပင်းစတဲ့ အပင်းမှန်သမျှကို နိုင်ပါတယ် ...

အဆိပ်နဲ့ပတ်သက်ရင်လည်း မြွေပွေး၊ မြွေဟောက် အဆိပ်ကအစ၊ အင်းဇရင်းအဆိပ်အဆုံးအားလုံးကို ကုသနိုင်ပါတယ်။

ပယောဂမှန်ရင် လုံးဝတာဝန်ယူကုသပေးပါ့မယ်။

ပယောဂမတွေ့လို့ သွေးရိုးသားရိုးဖြစ်တဲ့ရောဂါဆိုရင်တော့ ဆရာဝန်နဲ့ပဲ ကုရမှာဖြစ်ပါတယ် ..."

ဒါက ကိုအေးဝင်းတို့ရောက်ရောက်ချင်း ဆရာကြီးဦးသန်းညွန့်ပြောတဲ့စကားပါ၊

ပြောပြီးမှ လူနာကို အအပ်ခံတယ်။

လူနာလက်ခံပြီးမှ ပယောဂအတိုက်အခိုက် ဟုတ်၊ မဟုတ် စစ်ကြည့်တယ် ...





ဆရာကြီးဦးသန်းညွန့်ရဲ့ ပယောဂ စစ်ပုံစစ်နည်းနဲ့ ပတ်သက်ပြီး ကိုအေးဝင်းတ သူတွေ့မြင်ရပုံကို ဒီလို တအံ့တဩ ပြောပြပါတယ်၊

ပရိသတ်အလယ်မှာ ကျွန်တော့်ဇနီး မိုင်မိုင်ကို ခြေဆင်းပြီး ထိုင်နိုင်းထားတယ် ...

ပြီးတော့၊ ဘယ်ခြေ ညာခြေတွေကို တစ်လှည့်စီ မြှောက်ပြ နိုင်းတယ်။

မိုင်မိုင်ကလည်း မြှောက်ပြနိုင်တယ်။

အဲဒီနောက်မှာ ဆရာကြီးတာ "စေ"တစ်လုံးနှင့် အမိန့်ပေးတော့တာပဲဗျို့ ...၊

"ပယောဂမှန်ရင် ဘယ်ခြေထောက် မြှောက်မရစေနှင့်"

ဆရာကြီးက အမိန့်ပေးလိုက်တယ်။

မိုင်မိုင်တာ သူ့ရဲ့ဘယ်ခြေကို အားအကုန်သုံးပြီး မြှောက်ကြည့်တယ် ...

ဘယ်လိုမြှောက်မြှောက်၊ မြှောက်လို့မရတော့ဘူးကွဲ၊

ကျွန်တော်တလည်း လတ်တွေ့သမားဗျ၊

မိုင်မိုင်ရဲ့ ဘယ်ခြေထောက်ကို ကျွန်တော့်အားနှင့် သွားမကြည့်တာပေါ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နိုင်နိုင်ဟာ သူ့ခြေထောက်ကို မ မရအောင် ဘယ်လောက်တင်းထား၊ တင်းထား ကျွန်တော့်အားကိုတော့ တောင့်ခံနိုင်မှာမဟုတ်ဘူး။

ဒါကြောင့်၊ ကျွန်တော် သွားမြှောက်ကြည့်တာ၊

ဒါပေမယ့်၊ တကယ်လက်တွေ့ကျ ကျွန်တော်ဘယ်လောက် အားသုံးပြီး မပေမယ့်၊

နိုင်နိုင်ရဲ့ဘယ်ခြေထောက်က မြှောက်ပါမလာဘူးဗျ၊

အဲဒီနောက်မှာ၊

"ပယောဂမှန်ရင် ညာခြေထောက်မြှောက်လို့ရစေ"လို့ ဆရာကြီးက အမိန့်ပေးလိုက်ပြန်တယ်။

နိုင်နိုင်က သူ့ရဲ့ညာခြေကို မြှောက်ပြနိုင်တယ်။

တစ်ခါ ...

"ပယောဂမှန်ရင် ဘယ်ခြေထောက် မြှောက်လို့ရစေ"

"ပယောဂမှန်ရင် ညာခြေထောက် မြှောက်လို့မရစေ"

ဆိုပြီး ပြောင်းပြန်အမိန့်ပေးလိုက်တယ်။

တကယ့်ကို အံ့ဩစရာပဲဗျို့ ...

ဆရာကြီးက "စေ"တစ်လုံးနှင့် အမိန့်ပေးတဲ့အတိုင်း ဖြစ်နေတယ် ...၊





"ပယောဂ သေချာသွားပြီ၊

သမီးရဲ့ရောဂါကို မြူတစ်မှုန်လောက်တောင် ကျွင်းကျန် မနေရအောင် ပျောက်ကင်းဖို့ ဆရာကြီးလုံးဝ တာဝန်ယူလိုက်ပြီ" လို့ ဆရာကြီးက ပြောတယ် ...၊

အဲဒီနောက်မှာ ဘာပယောဂလည်းဆိုတာ ထပ်စစ်တယ်။

အတိုက်အခိုက်လား၊ အပင်းလား၊ အဆိပ်လားဆိုတာပေါ့။

စစ်တဲ့နည်းက ရှေးနည်းအတိုင်း စေတစ်လုံးအမိန့်ပေးပြီး ခြေထောက်မြှောက်နိုင်းတဲ့နည်းပါပဲ။

စစ်လိုက်တော့ "အပင်း"မှာ သွားမိတယ်။

အပင်းထည့်ခံထားရတာပေါ့။

တစ်ခါ၊ သွေးပင်း၊ လေပင်း၊ အစာပင်း၊ အဆိပ်ပင်း၊ သည်းခြေပင်း၊ ဘာအပင်းလည်းဆိုတာ ထပ်စစ်တယ်။

စစ်လိုက်တော့ "အစာအပင်း"ဆိုတာ သွားပေါ်တယ်။

အစာအပင်းထည့်ခံရတယ်ဆိုတာ သိပေမယ့်၊ ဘယ်အစား အစာမှာ အပင်းထည့်ခံရတာလဲဆိုတာသိဖို့ ထပ်စစ်ရပြန်ရော ...

ကျွန်တော်တို့ စားသောက်တတ်တဲ့ အစားအစာအားလုံးကို ပြောပြရတယ်။

ဆရာကြီးက အစားအစာအမျိုးအမည်တစ်ခုချင်းခေါ် 'စေ'



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးနှင့်အမိန့်ပေး၊ ခြေထောက်မြောက်တဲ့နည်းနှင့် ထပ်စစ်ကြည့်တယ် ...။

နောက်ဆုံး နန်းကြီးသုပ်မှာ အစာအဝင်းထည့်ခံလိုက်ရတယ်ဆိုတာ ပေါ်လာတယ်။

ကျွန်တော်တို့လည်း နန်းကြီးသုပ်ဘယ်တုန်းက စားမိလဲဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးကြရတော့တာပေါ့ ...။

အဲဒီတော့မှ လွန်ခဲ့တဲ့ ခြောက်လလောက်က စားမိတဲ့ နန်းကြီးသုပ်တစ်ဇွန်းကိုသွားပြီး သတိရကြတယ် ...၊

ကျွန်တော်လည်း တစ်ဇွန်းလောက်စားမိသေးပေမယ့် အောက်လမ်းပညာက နိုင်နိုင့်ကို ရည်ရွယ်တာမို့ ကျွန်တော်ဘာမှ မထိခိုက်ဘူး။

နိုင်နိုင့်ပဲ ထိသွားတယ်။

အဲဒီတော့မှ ဒီမိန်းမကြီးဟာ အပင်းထည့်နိုင်တဲ့ အောက်လမ်းပညာသည် တဝေမကြီးဆိုတာ သိလိုက်ရတယ်။

တစ်ခုတော့ရှိတယ်၊ အဲဒီမိန်းမကြီးကို

ပယောဂ၊ အစာအပင်း၊ နန်းကြီးသုပ်စတဲ့ စစ်ဆေးပေါ်ပေါက်ချက်တွေကြောင့် အောက်လမ်းပညာသည်မကြီးလို့ စွပ်စွဲတာမတုတ်ပါဘူး။



ဒီထက် ခိုင်လုံတိကျတဲ့ ထူးဆန်းတဲ့အဖြစ်အပျက်တွေ ထပ်ပြီး ကြုံတွေ့ခဲ့တာကြောင့် စွပ်စွဲရခြင်း ဖြစ်ပါတယ် ...၊

အဲဒီ ထူးဆန်းတဲ့အဖြစ်အပျက်တွေကတော့ ...

## အစွမ်းထက်သန္တာရေတစ်ခွက်

"သောက်ရေအိုးက ရေတစ်ခွက်ခပ်ပေးပါ ..."

ဆရာကြီးကခိုင်းလို့ ကျွန်တော်ရေတစ်ခွက် ခပ်ပေးလိုက်တယ် ...၊

ဆရာကြီးက ရေခွက်ကိုကိုင်ပြီး သစ္စာဆိုတယ်။

ပြီးတာနဲ့ အဲဒီသောက်ရေတွေ နိုင်နိုင့်ကို တိုက်လိုက်တယ်။

"ဘယ်ဆေးခန်းမှ မသွားနှင့်၊

ဘယ်ဆရာဝန်နှင့်မှလည်း မပြနှင့်၊

ဘယ်ဆေးမှလည်း ပုံကစရာမလိုတော့ဘူး၊

မင်းမိန်းမရဲ့ရောဂါဝေဒနာတွေ ပျောက်သွားပြီ" လို့ ပြောတယ်။

"တစ်ပတ်ပြည့်တဲ့နေ့မှာ ပြန်လာခဲ့ကြ၊ ကာဝေမနှင့် တစ်ပွဲတစ်လမ်း အကဲစမ်းကြတာပေါ့" လို့ မှာပြီး ကျွန်တော်တို့ကို ပြန်လွှတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို မယုံနိုင်စရာ ထူးခြားဆန်းကြယ်တဲ့အဖြစ်ပါပဲ။

သူများပြောတဲ့စကားသာဆိုရင် ကျွန်တော်လုံးဝယုံမှာမဟုတ်ဘူး။

ပေါက်ပန်းဈေးစကား၊ ထင်ရာမြင်ရာ ပြောတာလို့ပဲ ကျွန်တော် တစ်ထစ်ချပြောမှာ။

အခုဟာက ကျွန်တော့်ကိုယ်တွေ့၊ ကျွန်တော်ကိုယ်တိုင်မျက်မြင်ဒိဋ္ဌ ကြုံရတွေ့ရတာ။

ဆရာကြီး သစ္စာဆိုပြီး တိုက်လိုက်တဲ့ ရိုးရိုးရေတစ်ခွက်ဟာ ဒီလောက်ထိအောင် အစွမ်းထက်ရသလား။

အလာတုန်းက ကားပေါ်တို့ ပွေ့ချီ၊ ပွေ့တင်ခဲ့ရတဲ့မိန်းမ၊ ဆရာကြီးဆီက အပြန်ကျကားပေါ်ကို ကိုယ့်ဘာသာတက်တယ်။

လူကလည်း လန်းလန်းဆန်းဆန်း ကဲ့ကော်ပန်းဖြစ်လို့၊

ပြီးတော့ ...

လအတန်ကြာအောင် အရေး၊ အဖတ် ဘာဆိုဘာမှ မစားမသောက်တဲ့သူက

အိပ်ပြန်ရောက်ရောက်ချင်း ထမင်းစားမယ်တဲ့၊





အဲဒီနေ့ကစပြီး အအိပ်အစား မှန်လာလိုက်တာ လေး၊ ငါးရက်ကြာတော့ အရင်လိုပဲ ပြန်ပြီး ကျန်းမာလာတယ်။

အရိုးပေါ်အရေတင်ဘဝကနေ ပြည့်ပြည့်ဖြိုးဖြိုး ပြန်ဖြစ်သွားတယ်။

ခြောက်ရက်မြောက်တဲ့နေ့မှာ ဆိုင်ပြန်ထိုင်နိုင်ပြီ၊

ချောရောင်းရင်းကနေ မျက်စောင်းထိုးအလုပ်ထိုင်ကို မျက်လုံးအကြည့်ရောက်သွားတယ် ...

အသုပ်ဆိုင်က မိန်းမကြီးတာ

ကျွန်တော့်မိန်းမကို

မျက်စောင်းနီကြီးနဲ့

စိမ်းစိမ်းဝါးဝါးကြီး စိုက်ကြည့်လို့တဲ့ဗျ ...။

## ကာဝေမနှင့်တစ်ပွဲတစ်လမ်း

တစ်ပတ်ပြည့်တဲ့နေ့မှာ ကျွန်တော်တို့လင်မယား ဆရာကြီးဆီသွားကြတယ်။

ဆရာကြီးက နိုင်နိုင်ကို လက်အုပ်[illegible]တော့မြီး ကလေးကို ပေါ်တာဗျ ...



www.burmeseclassic.com

www.burmeseclassic.com



"တဲ့၊ ဇီဝသမီးကို ပြုစားနေတဲ့၊ အောက်လမ်းပညာသည်မ အခုချက်ချင်း ဝင်ပူးစမ်း ..."လို့ အမိန့်ပေးတယ်။

တော်ရုံတန်ရုံပညာသည်ဆိုရင် နှစ်ခါအမိန့်မပေးရဘူး။ ချက်ချင်းဝင်ပူးတယ်တဲ့။

အခုအောက်လမ်းပညာသည်က ကဝေဆယ့်နှစ်ကြိုး အဆင့်မြင့်တယ်။

ဒါကြောင့် အာခံနေတယ်၊ ချက်ချင်းဝင်မပူးဘူး။

သုံးကြိမ်၊ သုံးခါ အမိန့်ပေးမှ အထက်လမ်းကို မလွန်ဆန်နိုင်ဘဲ ဝင်ပူးတယ်။

ပူးတော့လည်း မပူးချင်ပူးချင်နဲ့ မခန့်လေးစား လုပ်နေတယ်။

"ပူးစမ်း၊ လူစိတ်ပျောက်အောင် ဝင်ပူးစမ်း"

ဆရာကြီးက ခပ်ထန်ထန် အမိန့်ပေးလိုက်မှ နတ်ကြမ်းအပူးခံနေရတဲ့ နတ်ဝင်သည်လို တစ်ကိုယ်လုံး တဆတ်ဆတ်တုန်တရကြမ်းယိမ်းထိုးပြီး ပူးတော့တယ်။

"နင်၊ ဇီဝသမီး နိုင်နိုင့်ကို ပြုစားထားတဲ့ အောက်လမ်းပညာသည်မ မဟုတ်လား ..."

ဆရာကြီးက မေးလိုက်တယ်။





**"တုတ်တယ်တော့၊ တုတ်တယ် ...**
**ဇီဝလုပ်တာ၊ ဘာဖြစ်လဲ ..."**

"ဘာလို့တစ်ပတ်သားကို နစ်နာအောင် ဒီလို လုပ်ရတာလဲ"

**"တောင်မတာ၊ ယယ်ယယ်ရွယ်ရွယ်နဲ့ ချမ်းသာတယ်ဆိုပြီး မောက်မာလို့ လုပ်တာတဲ့၊ သိရဲ့လား ..."**

စကားတွေကတော့ ကျွန်တော့်မိန်းမ နိုင်နိုင်ရဲ့ပါးစပ်က ထွက်နေတာပဲ။

ဒါပေမယ့် ကျုပ်မိန်းမအသံမဟုတ်ဘူး။

တိုမိန်းမကြီးအသံမှန်း အရမ်းသိသာနေတယ်။

ပြီးတော့ မျက်နှာတလည်း ကျုပ်မိန်းမမျက်နှာနှင့်မတူဘဲ ပြောင်းသွားတယ်။

တစ်မျိုးကြီး၊ ကြောက်စရာမျက်နှာကြီးဖြစ်သွားတယ်ဗျ။

သြော် ... မေ့သွားလို့၊ ပြောဖို့ကျန်သွားတယ်။

ဟျွန်တော်တို့ဆရာကြီးဆီ ထွက်မလာခင်မှာ ယုံကြည်ရတဲ့ မိတ်ဆွေဆရာ အမျိုးသမီးတစ်ယောက်ကို နေ့တွက်ပေးပြီး အလုပ်တစ်ခုပေးခဲ့တယ်ဗျ ...၊



www.burmeseclassic.com

www.burmeseclassic.com



တိုမိန်းမကြီးကို စောင့်ကြည့်ထားဖို့။

မိန်းမကြီးရဲ့ အပြုအမူကို အချိန်နာရီနှင့်တကွ မှတ်သား ထားဖို့ပါ …။

ဒီလိုစီစဉ်ခဲ့တဲ့အတွက် ဆရာကြီးအိမ်မှာ ကဝေမနှင့်တစ် တစ်လမ်း အကဲစမ်းနေတုန်း …

အဲဒီ မိန်းမကြီး သူ့အိမ်မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ကျွန်တော်တို့ အတိအကျ သိရှိခဲ့ရတယ်။

ဆရာကြီးက ကဝေမကို ဝင်ပူးဖို့ အမိန့်ပေးနေချိန်မှာ ဟိုမိန်းမကြီးဟာ သူ့ဆိုင်မှာ အသုပ်ရောင်းနေတုန်းဗျ။

ဈေးရောင်းနေရင်း မျက်နှာတစ်ခုလုံး ချွေးသီးချွေးပေါက် တွေ စို့ရွဲလာတယ်။

ချက်ချင်းပဲ တဆတ်ဆတ်တုန်ယင်လာတယ်။

အဲဒီနောက်မှာ နေမကောင်းဘူးဆိုပြီး ဆိုင်ပစ်သွားခဲ့ပြီး ချက်ချင်း အိမ်ကိုပြန်ပြေးသွားတယ်။

ကျွန်တော်တို့မိတ်ဆွေအမျိုးသမီးကလည်း မိန်းမကြီးနှင့် ရင်းနှီးနေတာမို့ …

လူမမာသတင်းမေးသလို …

တောက်တိုမယ်ရကူညီသလိုလုပ်ပြီး မိန်းမကြီးရဲ့အိမ်ထဲ





လိုက်သွားခဲ့တယ်။

မိန်းမကြီးဟာ အိပ်ခန်းထဲဝင်သွားပြီး အဖျားတက် သလို ပုံစံနှင့် …

"တအင်းအင်း" "တအားအား" ညည်းတွားနေတယ်လို့ ဆိုရတယ်။

"အရင်ဘဝကလည်း မကောင်းမှုနစရိုက်ကံတွေပြုခဲ့လို့ ဘဝမှာ ယုတ်ညံ့တဲ့အောက်လမ်းပညာသည် ကဝေမဖြစ်ရတယ်။

ဒီလိုသာ ဆက်လုပ်နေရင် အဝီစိငရဲက ဘယ်တော့မှ လွတ်ဘဲ ကျိုးကပ်သွားလိမ့်မယ်။

ဒါကြောင့် နင့်ရဲ့အကျင့်စရိုက်တွေကို ပြင်လိုက်၊ ဝါသမီး ဆိုင်ကို တိုက်ခိုက်ထားတဲ့ နင့်ရဲ့ပညာစက်တွေ …

တစ်ခုမကျန် ပြန်ယူလိုက်စမ်း …"

ဆရာကြီးက အမိန့်ပေးလိုက်တယ်။

**"တောင်မတို့ သေအောင်လုပ်မှာတဲ့၊ ဒီကောင်မသေမှ ဇာပညာကို ငါပြန်သိမ်းမှာ၊ သိရဲ့လား …"**

အာဂကဝေမကြီးဗျို့ …



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကိုတောင် ဖေါ်သတကြီး အော်ပြောနေတယ်။

အသံကြီးကလည်း ကြောက်စရာကြီး။

ဆရာကြီးက အောက်လမ်းပညာပြန်နှုတ်ဖို့ မေတ္တာရပ်ခံတာကို လုံးဝလက်မခံဘူး။

ဖေါ်သတကြီး ငြင်းဆန်နေတယ်။

ဆရာကြီးကလည်း ချော့မော့ပြီး မေတ္တာရပ်ခံနေတာကို မရတော့ နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်တာနှင့်တူရဲ့။

"လက်ပြန်ကြိုးတုပ်စေ"လို့ အမိန့်ပေးလိုက်တယ်။

ကဝေမကြီး ပူးကပ်ဝင်ရောက်နေတဲ့ ခိုင်ခိုင်လက်တွေဟာ အလိုလို နောက်ဘက်ရောက်သွားတယ်။

လက်ပြန်ကြိုးတုပ်သလို ဖြစ်သွားတယ်။

"ဟို ထောင့်တိုင်ကို ခေါင်းနှင့်ပြေးဆောင့်စမ်း"

ဆရာကြီးအမိန့်ပေးလိုက်တာနှင့်ချက်ချင်းဗျာ၊

လက်ပြန်ကြိုးတုပ်ပုံစံနှင့်ထ၊

ပြေးသွားပြီး အိမ်ထောင့်တိုင်ကို ခေါင်းနှင့်ဆောင့်တော့တာပဲ ...

"ခွပ်"ခနဲ အသံတောင်ထွက်သွားတယ်။

ဆောင့်တဲ့အရှိန်က ပြင်းတော့ နဖူး ကွဲသွားတာပေါ့။





သွေးတွေ မျက်နှာပေါ် စီးကျလာတာ မြင်မကောင်းဘူး။

ကျွန်တော် လန့်သွားတာပေါ့။

နဖူးကွဲသွားတာက ကျွန်တော့မိန်းမလေ၊

ကျွန်တော် ဆရာကြီးကို ကြည့်မိတယ်။

ဆရာကြီးကတော့ ကျွန်တော့်ကို မကြည့်ဘူးဗျ။

လက်ပိုက်ပြီး ရပ်နေတယ်။

"ကဲ ... နင့်ပညာတွေကို ချက်ချင်းနှုတ်မှာလား၊ မနှုတ်ဘူးလား ... ပြောစမ်း ..."

**"သေချင်သေသွားပါစေ၊**

**ဒီပညာကို ပြန်မနှုတ်ဘူးတော့"**

"ဒီဆိုရင် ဟိုထောင့်တိုင်ကို ပြေးပြီး ခေါင်းနှင့်ဆောင့်လိုက်ဦး ..."

ဆရာကြီးအမိန့်ပေးတိုင်း ကဝေမကြီးက ခေါင်းနှင့်တိုင် ပြေးပြေးဆောင့်နေရတယ်။

သုံးလေးခါ မကတော့ဘူး။

အခြေအနေက တော်တော်ဆိုးနေပြီ။

ပင်ကိုယ်စိတ်ပျောက်နေတဲ့ ကျုပ်မိန်းမ ခေါင်းကွဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နပူးအလယ်မှာဆို တစ်လက်မလောက်ရှည်ကဲ့ တက်ပတ် ဒဏ်ရာကြီး၊

သွေးတွေဆိုတာလည်း မျက်နှာပေါ် စီးကျနေတယ်။

မမြင်ရက် မရှုရက်စရာပဲ။

ဆံပင်တွေကလည်း ဖရိုဖရဲနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီ။

ကဝေမကတော့ သူ့ပညာကို ပြန်မနုတ်ဘူးလို့ ဒေါသနှင့် အော်ပြောနေတုန်းပဲ။

ဆရာကြီးကလည်း "ဧ"တစ်လုံး အမိန့်သုံးပြီး တစ်မျိုးပြီးတစ်မျိုး အပြစ်ဒဏ်ပေးတယ်။

"ကိုယ့်ပါးကိုယ် ပြန်ရိုက်စမ်း"

"ဘယ်ဘက်ပါး ရိုက်စမ်း"

"ညာဘက်ပါး ရိုက်စမ်း"

ကြာတော့ ကျွန်တော့်မိန်းမမျက်နှာတစ်ခုလုံး အညိုအမဲတွေ စွဲလာတယ်။

အဲဒီကနေ ဖူးရောင်၊ မဲစုပ်လာတယ်။

နောက်ဆုံးမှာ မျက်နှာက ရွှေဖရုံသီးကြီးလို ဖောင်းကားရောင်အမ်းလာတယ်။





ဒါပေမယ့် ကဝေမကြီးကတော့ ယာန်မချဘူး။

***"အသက်သာအသေခံမယ်၊***

***ငါ့ပညာကို ပြန်မနုတ်ဘူးတဲ့ တောင်မရဲ့"***

ဒေါသတကြီး အော်တစ်ပြောနေတုန်းပဲ ...

နောက်ဆုံးမှာ ဆရာကြီးတာ ၊ကဝေမကို ဂိုဏ်းတော်လက် အပ်လိုက်ရတယ်။

"အောက်လမ်းကဝေမရဲ့ ပညာတွေ ပြန်ရုပ်သိမ်းအောင် ဂိုဏ်းတော်က ဆုံးမပေးပါ"လို့ တောင်းပန်လိုက်တယ်။

အဲဒီတော့မှပဲ တင်းမာနေတဲ့ ကဝေမကြီး ဒုတ္ခလှလှ တွေ့တော့တာပဲ့ ...

ဇရဲပြည်ရောက်ပြီး ဇရဲထိန်းတွေ နှိပ်စက်တာခံနေရတဲ့ ဇရဲကျခံရသူလို ဖြစ်သွားတယ်။

တစ်ချက်ကလေးတောင် ဒေါသနှင့်ပြန်မအော်နိုင်တော့ဘူး။

ဆရာကြီးရဲ့ဓါတ်ခန်းထဲမှာ လူးလိမ့်နေရတယ်။

ဆရာကြီးက ဂိုဏ်းတောင်ကို အပ်လိုက်တဲ့အတွက် ဂိုဏ်းတော်ကို စောင့်ရှောက်နေတဲ့ လောကပါလနတ်မင်းကြီးလေးပါးရဲ့ အခြွေအရံတွေက ဆုံးမနေကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



*"အမလေး ကြိမ်လုံးကြီးနှင့် ရိုက်နေပါပြီ"*

*"မလုပ်ကြပါနှင့် သေရပါတော့မယ်"*

*"နာလှပါပြီ၊ လုံကြီးနှင့် မထိုးပါနှင့်တော့"*

*"ဆင်ကြီး၊ ဆင်ကြီး ...*

*နင်းတော့မယ် နင်းတော့မယ်"*

*"အမလေး သေပါပြီ"*

သူပဲမြင်နေ၊ သူပဲခံစားနေရတာမျိုး။

ကျွန်တော်တို့ကတော့ မှော်ကား၊ သရဲတား ကြည့်နေရသလိုပဲ။

ဘာမှ မတွေ့မမြင်ရဘဲ လန့်နေတယ်။

အသံနက်ကြီးနှင့် ကြောက်လန့်တကြား အော်နေတာကလည်း ငယ်သံကိုပါလို့ပဲ ...

နောက်ဆုံးကျမှ ကဝေမကြီး အညံ့ခံ အရှုံးပေးတော့တယ်မျိုး။

*"ကယ်ပါ ကျွန်မပညာတွေ ပြန်နုတ်ယူပါမယ်၊*

*အသက်တို့ ချမ်းသာပေးကြပါ၊*





*လုပ်ထားတဲ့ အပြစ်မှန်သမျှကို*

*ကျွန်မ ပြန်ခံပါ့မယ်"*

ဆရာကြီးက ကဝေမကြီးကို သစ္စာရေတိုက်တယ်။

"ဘုရားတပည့်တော်မသည် မကောင်းသော အတတ်။ အောက်လမ်းပညာနည်းလမ်းများဖြင့် ခုနစ်ရက်သားသမီးအပေါင်းကို ...ားခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ပါ။

ပြုလုပ်ခဲ့သည်ရှိသော် သွေးပွက်ပွက်အန်၍ သေပြီးနောက် သောအဝီစိငရဲ၌ မကျွတ်တမ်း ခံရပါစေ ...။

သစ္စာတည်သော် ကာယကံရှင်မှာ မိမွေးတိုင်း၊ ဖမွေးတိုင်း ဖြစ်ပြီး ချမ်းသာပကတိရှိပါစေ"

သစ္စာရေတိုက်ပြီးတဲ့နောက်မှာ ဆရာကြီးက ကဝေမကြီးကို ထိုင်နေရာကနေ ထွက်ခွာဖို့ ခွင့်ပြုတယ်။

မထွက်ခွါမီ "ကာယကံရှင် မခိုင်ခိုင်ရဲ့ ကိုယ်ခန္ဓာမှာ ထိုင်နေတဲ့ ဒဏ်ရာ အနာတရတွေ မြူတစ်မှုန်မျှ မကျန်အောင် မိမွေးတိုင်း ဖမွေးတိုင်းဖြစ်မှ ထွက်လို့ရစေ၊ ကြွင်းကျန်နေရင် ထွက်လို့ မရစေ"လို့လည်း အမိန့်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရဲ့အမိန့်ကိုလည်း ကြားရော ကဝေကြီးဟာ

ပုံးရောင်ညိုပုပ်နေတဲ့ ရွှေဖရုံသီးမျက်နှာကြီးကို အကြိမ်ကြ

လက်နှင့်သပ်ချတယ်။

ဦးခေါင်းနှင့်နဖူးက ကွဲပေါက်၊ သွေးထွက်နေတဲ့ ဒဏ်

တွေကိုလည်း လက်နှင့်သပ်ချတယ်၊ စေ့တယ်။

တကယ့် မှော်ရုပ်ရှင် ကြည့်နေရသလိုပဲ။

ရွှေဖရုံသီးကြီးလို ပူးပူးရောင်ကိုင်းနေတဲ့ ကျွန်တော့်မိန်း

နိုင်နိုင်မျက်နှာကြီးဟာ တစ်စတစ်စနဲ့ လျော့ကျလာလိုက်တာ။

နောက်ဆုံးမှာ ပူးရောင်ညိုမဲတာတွေအားလုံး ပျောက်

သွားတယ်။

နဂိုမူလ မျက်နှာလေး ပြန်ဖြစ်သွားတယ်။

ဒါပေမယ့် ကဝေကြီးက တော်တော်အာဃာတ ကြီးမား

တယ်ဗျို့ ...။

ကျွန်တော့်မိန်းမရဲ့မျက်နှာပေါ်က ဒဏ်ရာတွေမကုန်မီ ထွက်

ပြေးသွားဖို့ သုံးကြိမ်လောက် ကြိုးစားသေးတယ်ဗျ။

ဆရာကြီးအမိန့်ပေးထားတာကြောင့် ထွက်မရဘူး။

ခဏခဏ ပြန်လဲကျနေတယ်။





နိုင်နိုင်ရရှိထားတဲ့ဒဏ်ရာ အနာတရအားလုံး ကုန်စင်သွားမှ

ထွက်လို့ရတယ်။

ကဝေမကြီး ကျွန်တော့်မိန်းမကို ပူးဝင်နေရာကနေ ထွက်

သွားတယ်။

နိုင်နိုင်တာ ဘာတွေဖြစ်ခဲ့မှန်း မသိရဘဲ ပုဆစ်တုပ်ထိုင်လျက်

လေး ကျန်ရစ်တယ်။

ကျွန်တော် နိုင်နိုင့်ဆီ ပြေးသွားတယ်။

ခေါင်းနှင့်နဖူးက ကွဲသွားတဲ့ဒဏ်ရာတွေ ဘယ်လိုဖြစ်နေလဲ

သိချင်လို့ ရှာကြည့်တယ်။

ကဝေမကြီးတိုင်နှင့် ခေါင်းနှင့်ပြေးဆောင့်တုန်းက ဟက်ပက်

ကွဲသွားတဲ့ နဖူးကဒဏ်ရာရော ...

သွေးတွေ မြင်မကောင်းအောင် စီးကျလာတဲ့ ခေါင်းကွဲ

ဒဏ်ရာရော ...

ဘာတစ်ခုမှ မရှိတော့ဘူး။

ကျွန်တော်ဘာမှ မပြောနိုင်တော့ဘူး။

ပါးစပ်အဟောင်းသားနှင့် တအံ့တဩ ဖြစ်နေတယ်။

ဆရာကြီးတတော့ ကျွန်တော်ဖြစ်နေပုံကိုကြည့်ပြီး သဘော

ကျနေပုံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယတ်တတ်ရပ် လက်ပိုက်ထားရင်း
ကျွန်တော့်ကို ပြုံးပြီးကြည့်နေလေရဲ့ ...။

## ကဝေမပြုတဲ့ကံ ကဝေမဆီပြန်

ဆရာကြီးကို ကန်တော့ပြီး ကျွန်တော်တို့ ပြန်လာ ကြတယ်။

(၅)ရပ်ကွက်၊ --- လမ်းထဲကို ကားဝင်မယ်အလုပ် လမ်းထဲက ဆိုက်ကားတစ်စီး ထွက်လာတယ်။

ဆိုက်ကားထွက်သာအောင် ကျွန်တော်က ကားကို ဘေး ကပ်ပြီး ရပ်စောင့်ပေးတယ်။

ဆိုက်ကားစီးလာသူကို ကြည့်လိုက်တော့ ဟိုမိန်းမ ရယ်၊ သူ့ယောက်ျားရယ်ဗျ။

သူ့ယောက်ျားက ဆိုက်ကားကယ်ရီယာမှာထိုင်လို့ လာတယ်။

"ဦးလေး၊ ဘယ်သွားမလို့လဲ ..."

ကျွန်တော် နှုတ်ဆက်လိုက်တယ်။

"မင့်အဒေါ်ကွာ ဘာဖြစ်မှန်းမသိဘူး၊
မျက်နှာကြီး ရောင်ကိုင်းလာတယ်၊



အဲဒါ ဆေးခန်းသွားပြမလို့ ..."

ကျွန်တော် ဟိုမိန်းမကြီးကို ရုတ်တရက် ကြည့်မိလိုက် တယ်။

"အလိုလေး" ကျွန်တော်လန့်အော်မိတော့မလို့၊

ကျွန်တော် ဘယ်လိုဖြစ်သွားတယ်ဆိုတာ ပြောပြဖို့ မလွယ်ဘူး။

ဟိုမိန်းမကြီးရဲ့မျက်နှာဟာ
ဆရာကြီးရဲ့ဓာတ်ခန်းမှာ
ကဝေမကြီး ဝင်ပူးနေတုန်းက
ခိုင်ခိုင်ရဲ့မျက်နှာကြီးအတိုင်းပဲ
ဖူးယောင် ညိုမဲပြီး ရွှေဖရုံသီးကြီးလို ဖြစ်လို့ဗျ။
အဲဒီအချိန်မှာ
ကျွန်တော်သတိရလိုက်တာက

**"လုပ်ထားတဲ့ အပြစ်မှန်သမျှကို**
**ကျွန်မ ပြန်ခံပါ့မယ်"**

ဆိုတဲ့
ကဝေမကြီးပြောသွားတဲ့ စကားပစ်ခွန်းကိုပါပဲ...

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲ

"ကဝေမနှင့်တစ်ပွဲတစ်လမ်း"ဖြစ်ရပ်မှန် အဖြစ်အပျက်တာ အထက်အပိုဒ်မှာပဲ နိဂုံးချုပ်ခဲ့ပါပြီ။

ဒါပေမယ့် စာရေးသူ ပြောချင်တဲ့အကြောင်းအရာအချို့ ကျန်နေပါသေးတယ်။

အသက်သုံးဆယ်ကျော်အရွယ်တိုင်အောင် ဘဝကို ယမတော လုလင်အဖြစ် ဖြတ်သန်းခဲ့တဲ့ ကိုအေးဝင်းတာ ရှေးရိုးကျော်အထက် ဂိုဏ်းပညာရဲ့ ထူးခြားဆန်းကြယ်မှုတွေကို မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရပြီးနောက်မှာ ...

ရှေးရိုးကျော်အထက်ဂိုဏ်းပညာကို လေ့လာလိုက်စားခဲ့ ပါတယ်။

ယခုအခါမှာတော့ ရှေးရိုးကျော်ဆရာကြီးအဖြစ်နှင့် ခုနစ်ရက် သားသမီးတွေကို ကယ်တင်ကူညီရင်း ...

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်တိုင်းလမ်းမှာ နေထိုင်လျက်ရှိပါတယ်။

အောက်လမ်းပညာနှင့် မကောင်းမှုဆိုက်နှံ့မှာ နစ်တွဲခဲ့သူ တစ်ယောက်ကတော့ ...





"ကိုယ်ပြုတဲ့ကံ၊ ကိုယ့်ထံပြန်လာ"ဆိုတဲ့ တရားတော်အတိုင်း ...

တစ်နေ့တစ်ခြား စီးပွားဥစ္စာပျက်ယွင်းလာပြီး အိမ်နှင့်ခြံကို ရောင်းချလိုက်ရပါတယ်။ ယခုအချိန်မှာတော့ ဘယ်ဆီပေါက်၍ ဘယ်ဆီရောက်နေမှန်း မသိအောင်ပင် သတင်းအစအန မကြားရတော့ ကြောင်း နောက်ဆက်တွဲအဖြစ် တင်ပြလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ပုဏ္ဏကတိုက်တဲ့အိမ်

မှောင်ရီပျိုးစညနေ နေဝင်ရီတရောအချိန်မှာ ဗိုလ်မှူးတင်အုန်း (အငြိမ်းစား)ရဲ့ အိမ်ပေါ်ကို ခဲလုံးတွေ ကျလာပါတယ် ...

ပထမနေ့မှာ ဟိုက ပစ်သလို၊ ဒီက ပစ်သလို တစ်လုံးစ နှစ်လုံးစပဲ ခဲလုံးကျလာတာပါ။

နောက်ရက်ကျတော့ ၉ လုံး၊ ၁၀ လုံး ဖြစ်လာတယ်။

တစ်နေ့ထက်တစ်နေ့ ခဲလုံးအရေအတွက်က ပိုပြီးများလာတယ်။

ထူးခြားတာက ခဲတွေကျလာတဲ့အချိန်၊

နေ့စဉ်နေ့တိုင်း၊ ညနေ နေဝင်ရီတရောအချိန်မှာပဲ ဖြစ်နေတယ်။

တစ်ခြားအချိန်တွေမှာ ခဲမကျဘူး။





## လူနှင့်မစ္ဆရိယမီးလျှံများ

ထူးခြားဆန်းကြယ်တဲ့အဖြစ်အပျက်တွေဟာ မမြင်နိုင်တဲ့ ပရလောကသားတွေနှင့် ပတ်သက်နေတတ်ပါတယ်။

လူ့ဘုံ၊ လူ့လောကဆိုတာတလည်း လောဘ၊ ဒေါသ၊ မောဟတွေ လွှမ်းခြုံထားတဲ့ ဘုံဌာနတစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။

ကိုးကွယ်အားထားရာ မြတ်ဗုဒ္ဓရဲ့တရားတွေ ပေါ်ထွန်းခဲ့တာ နှစ်ပေါင်းနှစ်ထောင့်ကျော်ရာကျော်ခဲ့ပေမယ့် ...

လူ့လောကကြီးကတော့ မစ္ဆရိယတရားတွေ ထူပြော ပိုးလွှမ်းဆဲပါပဲ။

ကြီးမားတဲ့အရိပ်အာဝါသ အဆောက်အအုံမှာ နေရတဲ့ အတွက်ကြောင့် ...

ထူးခြားခြင့်မြတ်တဲ့ အမျိုးဂုဏ်ကြောင့် ...

မမျှတတဲ့လာဘ်လာဘတွေကြောင့် ...

လှပတဲ့ရုပ်ဆင်းအင်္ဂါတွေကြောင့် ...

မိမိသိတဲ့တရားကို သူတစ်ပါးမသိစေလိုတာကြောင့် ...

မှိတ်ဟာမပွားနိုင်ဘဲ မနာလိုဝန်တိုမှု မီးလျှံတွေတောက်လောင်ကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်တိုမှု မီးလျှံတွေလောင်မြိုက်ခံရတော့ လူ့စင်စစ်ကနေ ဘီလူးသရဲစိတ်တွေ ဝင်လာပြီး သူတစ်ပါးကို ယုတ်ညံ့တဲ့ အတတ်ပညာတွေနှင့် မကောင်းကြံကြပါတယ် ...။

ဒီလိုနှင့် မယုံနိုင်လောက်အောင် ဆန်းကြယ်ထူးခြားတဲ့ အဖြစ်အပျက်တွေ ပေါ်ပေါက်လာရပါတော့တယ်။

**အလို့အလျောက်ကျလာတဲ့ ခဲလုံးများ**

ဖြစ်ပွားချိန်ကာလ = ၂၀၀၀ ပြည့်နှစ်အတွင်း

ဖြစ်ပွားတဲ့နေရာ = မြောက်ဥက္ကလာပမြို့နယ်၊ --- ရပ်ကွက်။

အိမ်ရှင်အမည် = ဦးတင်အုန်း

(အမည်မှန်မဟုတ်ပါ)

အလုပ်အကိုင် = ဗိုလ်မှူး(အငြိမ်းစား)

ထူးခြားတဲ့ ဖြစ်ရပ်မှန်အဖြစ်အပျက်က နွေဦးရာသီရဲ့ ညနေပိုင်းမှာ စတင်ခဲ့ခြင်းဖြစ်ပါတယ်။

မှောင်ရီပျိုးစ ညနေ နေဝင်ရီတရောအချိန်မှာ ဗိုလ်မှူး တင်အုန်း(အငြိမ်းစား)ရဲ့အိမ်ပေါ်ကို ခဲလုံးတွေကျလာပါတယ်။

ပထမနေ့မှာ ဟိုကပစ်သလို၊ ဒီကပစ်သလို တစ်လုံးစ၊ နှစ်လုံးစပဲ ခဲလုံးတွေကျလာတာပါ။



နောက်ရက်မှာ ခဲလုံး ၄၊ ၅ လုံး ကျလာတယ်။

နောက်ရက်ကျတော့ ၉ လုံး ၁၀ လုံး ဖြစ်လာတယ်။

တစ်နေ့ထက်တစ်နေ့ ခဲလုံးအရေအတွက်က ပိုပြီးများလာတယ်။

ထူးခြားတာက ခဲတွေကျလာတဲ့အချိန်ပါ။

နေ့စဉ်နေ့တိုင်း ညနေ နေဝင်ရီတရောအချိန်မှာပဲ ဖြစ်နေတယ်။

တစ်ခြားအချိန်တွေမှာ ခဲမကျဘူး။

ပြီးတော့ ခဲလုံးတွေဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုတဲ့ အရပ်လေးမျက်နှာက လာတာမဟုတ်ဘူး။

အိမ်ရဲ့အပေါ်တည့်တည့်ကနေ အိမ်မိုးသွပ်ပြားတွေပေါ်ကို တဝုန်းဝုန်း၊ တဒုန်းဒုန်း ကျနေတာပါပဲ။

ပိုပြီးထူးခြားတာက ကျလာတဲ့ခဲလုံးမှန်သမျှဟာ ခြံနီးချင်း အိမ်ခြံတွေထဲကို တစ်လုံးတစ်လေမှ မကျရောက်တဲ့အချက်ပါ။

"မလိုတဲ့သူတွေ ချောင်းမြောင်းပစ်ပေါက်နေတာများလား"

အစပိုင်း(၂)ရက်လောက်မှာ ဒီလိုတွေးမိပေမယ့် တစ်ရက်ပြီးတစ်ရက် ကြာလာချိန်မှာတော့ ဒီအတွေးက မဖြစ်နိုင်တာ ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးတင်အုန်း အိမ်ပေါ်ကို အလိုအလျောက်ခဲတွေကျလာလို့တဲ့"

ဒီသတင်းက ရပ်ကွက်ကိုကျော်ပြီး တစ်မြို့နယ်လုံး ပြန့်သွားတယ် ...။

အထူးအဆန်းကြည့်ချင်သူ၊ ယုံကြည်သူ၊ မယုံသူ၊ လေ့လာလိုသူတွေဟာ ညနေစောင်းတာနဲ့ ဦးတင်အုန်းအိမ်အနီးက လမ်းတွေပေါ်မှာ အုတ်အော်သောင်းတင်း ရောက်လာကြတယ်။

တဝုန်းဝုန်း၊ တဒိုင်းဒိုင်း အသံပေးပြီး ခဲလုံးတွေ အလိုအလျောက်ကျလာတာကို တအံ့တသြ ကြည့်ကြတယ် ...။

ရပ်ကွက်ထဲက လူတစ်ချို့ကတော့ ဒီဖြစ်ရပ်နှင့်ပတ်သက်လို့ စိတ်ထဲက ကျိတ်ပြီးဝမ်းသာနေကြတယ်။

သူတို့က ဦးတင်အုန်းရဲ့ ထီးတည်းနေထိုင်တတ်မှုကို ရပ်ကွက်နှင့်လိုက်လျောညီထွေမရှိသူ၊ မာန်မာနထောင်လွှားသူလို့ ထင်မြင်နေကြသူတွေပါ။

ဦးတင်အုန်းဟာ တပ်မတော် ဗိုလ်မှူးအဆင့်နှင့်ထွက်ပြီး နိုင်ငံတော်ပိုင် စက်ရုံတစ်ခုမှာ စက်ရုံမှူးဖြစ်ခဲ့တယ်။

စက်ရုံမှူးတာဝန်ယူနေစဉ်မှာပဲ မြောက်ဥက္ကလာပ၊ ---ရပ်ကွက်မှာ မြေကွက်ဝယ်ပြီး တိုက်တစ်လုံး ဆောက်လိုက်တယ်။





စက်ရုံမှူးတာဝန်က အနားယူတော့ အဲဒီ မြောက်ဥက္ကလာ
တိုက်မှာပဲ လာနေတယ်။

သူ့စတိုင်လို့ပဲ ပြောရမလား မသိဘူး။

ရပ်ကွက်သူ ရပ်ကွက်သားတွေနှင့် ရင်းနှီးခင်မင်စွာ မနေ
တတ်ဘူး။

သာရေး၊ နာရေးရှိရင်လည်း မသွားဘူး။

ရပ်ရေး၊ ရွာရေး အလှူငွေထည့်စရာရှိရင် တင်းတင်းမာမာ
ဆေးမေးမြန်းပြီးမှ ထည့်ဝင်လေ့ရှိတယ်။

သူ့ပုံစံက ဘယ်သူ့ကိုမှ ဂရုမထားတဲ့ပုံစံ၊ ရပ်နှင့်ရွာနှင့်
ဘာဇာတ မဖြစ်တာ ထင်ရှားပေါ်လွင်လွန်းလှတယ်။

ဒါကြောင့်လည်း ဦးတင်အုန်းအိမ်မှာ ဒီလိုအဖြစ်မျိုးကြုံတော့
ချို့က ကျိတ်ဝမ်းသာနေကြတာပါ။

ဦးအင်အုန်းဟာ ပိုးလေးတကြော်ကြော်ဖြစ်သွားတဲ့ သူ့
ဘ ဖြစ်ရပ်ကြောင့် ဖေါသလည်းထွက်၊ ရှက်လဲရှက်နေတယ်။

ဇနီးနှင့်သားသမီးတွေကတော့ တစ်စထက်တစ်စ ပိုဆိုး
မှာ၊ လူတွေပါထိခိုက်နှောင့်ယှက်လာမှာ စိုးရိမ်နေကြတယ်။

အောက်လမ်းပညာရပ်တစ်ခုခုနှင့် နှောင့်ယှက်တိုက်ခိုက်
ဘာ သေချာပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



စုန်းတိုက်၊ နတ်တိုက်၊ အစိမ်းသရဲတိုက်၊ ပုဏ္ဏားတိုက် ဘာဆိုတာ မသိသေးဘူး။

ဒါနှင့်ပဲ ပယောဂဆရာတော်မှာ နားလည်တတ်ကျွမ်းတဲ့ ဆရာ ခေါ်ပြီး အတိုက်အခိုက်စက်ကို ဖြတ်ဖို့ ကြိုးစားတယ်။

ပယောဂတိစ္ဆာရုပ်တွေမှာ ကျွမ်းကျင်တယ်ဆိုတဲ့ ဆရာတွေ ခေါ်ပြီး လုပ်တယ်။ မအောင်မြင်ဘူး။

ခဲတွေကတော့ ညနေ နေဝင်ရီတရောအချိန်ရောက်တာနှင့် ကျနေတုန်းပဲ။

ဆရာတစ်ယောက်ကတော့ ခဲတွေကျတဲ့အချိန်မှာ ကန်တော့ ပွဲတွေ ခင်းပြီး ပြန်တိုက်ဖို့ စီစဉ်တယ်။

သူ့လုပ်မှ ခဲတွေက အရင်ထက်နှစ်ဆ ပိုကျလာတယ်

သူလည်း ကမူးရှူးထိုး ထွက်ပြေးရတာပါပဲ။

ဘယ်ဆရာနှင့်မှ ပြေရှင်းလို့ မရတဲ့အဆုံးမှာ

ဦးတင်အုန်းက ကိုးကွယ်တဲ့ဆရာတော်ကို အကျို အကြောင်း လျှောက်ထားတယ်။

ဆရာတော်ရဲ့ဆုံးမစကားကို ခံယူပြီး အိမ်မှာ အလှူ ပြုလုပ်တယ်၊ အမျှအတန်းပေးဝေတယ်။





အနန္တရာယ်ကင်းပရိတ်တရားတော်တွေ ရွတ်ဆိုတာ၊ မကောင်း ဆိုးဝါးနှင်တဲ့တမန်ဝါဖတ်တာတွေ ပြုလုပ်တယ်။

ဘယ်လိုပဲလုပ်လုပ် ခဲလုံးတွေကျတာကတော့ ရပ်မသွား ဘူး။

သူ့အချိန်ရောက်လာတာနှင့် ခဲလုံးတွေ မိုးရွာသလို တဝုန်း ဝုန်း တဖြိုင်ဖြိုင် ကျနေတာပါပဲ။

အဲဒီမယ့် ဆရာတော်ကြီးက ဒီကိစ္စမျိုးနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိတယ်။

ဦးတင်အုန်းရဲ့အိမ်ကဖြစ်စဉ်တာ အောက်လမ်းပညာရပ် တစ်ခုဖြစ်တဲ့ ပုဏ္ဏားအင်းနှင့်တိုက်ခိုက်နေတာကို ရိပ်စားမိတယ်။

ပုဏ္ဏားအင်းချပြီး၊ ဘီလူးကိုနိုင်းတဲ့ပညာရပ်ပါ။

ခဲတွေ အလိုလိုကျတာ၊ နေအိမ်မှာ ရုတ်တရက် မီးထ တောက်လောင်တာမျိုး၊ နေအိမ်ထဲကပစ္စည်းတွေ တိုရောက်ဒီရောက် ဖြစ်နေတာတွေဟာ စုန်းတိုက်၊ နတ်တိုက်၊ ပုဏ္ဏားတိုက်၊ အစိမ်း သရဲတိုက်တွေပဲဖြစ်တယ်။

ဒါပေမယ့် အချိန်နာရီ တိတိကျကျ ဖြစ်တာက ပုဏ္ဏား တိုက်တစ်ခုပဲရှိတယ်။

ဒါကြောင့် ပုဏ္ဏားတိုက်တာလို့ ရိပ်စားမိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက လောက်ိနည်း၊ ဓမ္မနည်းတွေနှင့် အမျိုး
မြေရှင်းပေမယ့် ခဲတွေကျတာ ရပ်မသွားတာဘဲ။

ဆရာတော်ကြီးဟာ စဉ်းစားရင်းနှင့် အကြံတစ်ခုရလို
တယ်။

ဦးတင်အုန်းအိမ်ကိုကြွပြီး ခဲတွေကို သွားကြည့်တယ်

ခဲတွေအားလုံးက အုတ်နီခဲကျိုးတွေချည်းဖြစ်နေတယ်

ဒါပေမယ့် အုတ်ဖုတ်တဲ့ဆီမှာ ကျိုးတဲ့၊ အုတ်ခဲ
သန့်သန့်တွေ မဟုတ်ဘူး။

အဆောက်အဦကိုဖြိုချရာကရတဲ့ အင်္ဂတေရောစပ်ပါဝင်
အုတ်ခဲကျိုးတွေဖြစ်တာ တွေ့ရတယ်။

ဒီလို အုတ်ခဲကျိုးတွေကို လမ်းခင်းတဲ့နေရာတွေမှာ သုံး
တယ်။

ဆရာတော်က ဦးတင်အုန်းကို ဒီလိုအုပ်ခဲကျိုးတွေ
နေရာလိုက်ရှာခိုင်းတယ်။

တံအားရှော်စွာ အိမ်နှင့်တစ်လမ်းကျော်မှာ အလား
အုတ်ခဲကျိုးတွေ ပုံထားတာ သွားတွေ့တယ်။

လမ်းပေါ်က ချိုင့်ခွက်ကြီးတစ်ခုကိုဖို့ဘို့ လမ်းဘေး
ပုံထားတယ်။





အခြားနေရာတွေမှာ ဒီလိုအုတ်ကျိုးပုံ မတွေ့ရဘူး။

ဆရာတော်က ဦးတင်အုန်းကို ပရိတ်ချည်၊ ပရိတ်ရေနှင့်
ပရိတ်သဲတွေပေးတယ်။

ပြီးတော့ အုတ်ခဲကျိုးပုံကို နံ့၄၅အောင် ပတ်ဖျန်းစေ
တယ်။

ပရိတ်ချည်နှင့် ပတ်ဝိုင်းစေတယ်။

ရောဂါနှင့်ဆေးက ဒီအချိန်မှာတည့်သွားတယ်။

အဲဒီနေ့ကစပြီး ခဲတွေအလိုအလျောက်ကျတဲ့အဖြစ် ရပ်တန့်
သွားတာ ဒီနေ့အထိပါပဲ။

တကယ်တော့ အောက်လမ်းပညာသည်က ဦးတင်အုန်းကို
မုန်းလို့လုပ်တာပါ။

ပုဏ္ဏတအင်းကို လမ်းဘေးအုတ်ခဲကျိုးပုံမှာမြှုပ်ပြီး ပြင်ပ
ကနေ တိုက်ခိုက်နှောင့်ယှက်ခြင်း ဖြစ်ပါတယ်။

ပယောဂဆရာတွေက အိမ်ခြံဝင်းအတွင်းမှာရှိတဲ့ မကောင်း
ဆိုးဝါး နာနာဘာဝကိုပဲ နှိပ်ကွပ်နေတဲ့အတွက် ပြဿနာတစ်ခြား
အဖြေတစ်ခြား ဖြစ်နေတဲ့တာပါ။

အတွေ့အကြုံရှိတဲ့ ဆရာတော်ရဲ့ ကူညီကယ်မမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သာ ဦးတင်အုန်းတစ်ယောက် အနှောင့်အယှက်ကင်းပြီး ချမ်းသာ ရခြင်းဖြစ်ပါတယ်။

ဒီအဖြစ်က မြောက်ဥက္ကလာမှာ တိုးလေးတကြော်ကြော ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ပါ။

ဒီလိုပဲ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တွေ နေ အနှံ့အပြားမှာ ဖြစ်ပွားနေပါတယ်။

အချို့ဖြစ်စဉ်တွေက မှတ်တမ်းမတင်နိုင်တဲ့အတွက် ပါး ရာဇဝင်တွေဖြစ်ပြီး ပျောက်ပျက်သွားပေမယ့် ...

အချို့ဖြစ်စဉ်တွေက တိတိကျကျ မှတ်တမ်းတင်ထား ပါတယ်။

ဒီဖြစ်စဉ်တွေထဲက ဖြစ်ရပ်မှန်အချို့ကို ဆက်လက်တင် လိုက်ပါတယ် ...။

## စုန်းတိုက်ခံရတဲ့အိမ်

ဒီဖြစ်ရပ်က ပဲခူးတိုင်းအရှေ့ခြမ်း၊ တောင်ငူမြို့မှာ ဖြစ်ပွား ခဲ့တဲ့ ဖြစ်ရပ်ပါ။

ဖြစ်ပွားတဲ့အချိန်က ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းဖြစ်





ဖြစ်ပွားတဲ့အိမ်က တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ရှ နေကြီးဦးကျော်ဖေနှင့် ဇနီးဒေါ်ခင်စန်းတင့်တို့ရဲ့ နေအိမ်ပါ။

မိဘများရဲ့နေအိမ်ဖြစ်တဲ့အတွက် အစ်မ၊ ညီမများဖြစ်တဲ့ ာမာ(ဒေါ်မာမာရွှေဆိုင်)တောင်ငူဈေးကြီးနှင့် မတင့်တင့် ကိုကျော်တင့် ့ မိသားစုတွေလည်း စုပေါင်းပြီး နေထိုင်ကြပါတယ်။

ပထမပိုင်းမှာတော့ ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်တွေ ဖြစ်သေးပါဘူး။

ဦးကျော်ဖေ သိမ်းဆည်းထားတဲ့ ငွေတွေထဲက နည်းနည်းစီ ျာက်တာကစတာပါ။

ငွေအများကြီးလည်း မပျောက်ဘူး။ မှတ်မှတ်သားသား ိမ်းဆည်းထားတဲ့အထဲက နည်းနည်းစီ ပျောက်နေခြင်းပါ။

အတူနေမိသားစုတွေကလည်း စီးပွားရေးအဆင်ပြေသူ ာမို့ မသိဘဲယူဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။

အဖြေရှာမရတဲ့ ငွေပျောက်မှုကြောင့် ဒွိဟသံသယတွေ ပြီး စိတ်ညစ်ညူးနေချိန်မှာ

အိမ်ရှေ့မှာ သော့ခတ်ထားနေကျ စက်ဘီးက ပျောက်သွား ါတယ်။

အဲဒီအချိန်က ဆိုင်ကယ်ခေတ်မဟုတ်သေးဘူး။

www.burmeseclassic.com



စက်ဘီးကသာ မြို့တွင်း သွားရေးလာရေးမှာ မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်တယ်။

စက်ဘီးပျောက်သွားတဲ့အတွက် သွားရေးလာရေး ဒုက္ခတွေ့ရတယ်။

မိသားစုအတွင်း စိတ်နောက်ကျို ရှုပ်ထွေးစရာ၊ စိတ်ညစ်ညူးစရာတွေက တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်နေတယ်။

ဒီလိုဖြစ်နေတဲ့အခြေအနေမှာ ဘုန်းလေးရာ ဖရုံဆင့်ဆိုသလို ပြဿနာက ထပ်ပေါ်လာတယ်။

အစ်ကိုကြီးဦးကျော်ဖေရဲ့ အခန်းထဲမှာရှိတဲ့ သေတ္တာနှင့် အဝတ်အစားတွေ ညီမ မမာမာအခန်းထဲ ရောက်နေတယ်။

ဒီလိုပဲ မမာမာရဲ့အဝတ်အစားသေတ္တာကလည်း ဇရုံဖရဲ ပြန့်ကျဲပြီး အစ်ကိုကြီးဦးကျော်ဖေရဲ့အခန်းထဲရောက်နေတယ်။

ဘာတွေဖြစ်တာလဲ၊ ဘယ်သူလုပ်တာလဲ။

ဘယ်လိုမှ အဖြေရှာ စဉ်းစားလို့မရဘူး။

ဒီလောက်ထိ ပြဿနာတွေ ရှုပ်ထွေးလာတော့မှ ပယောဂအနှောင့်အယှက်တစ်ခုလို့ သတိပြုမိကြတယ်။

နာမည်ကြီးပယောဂဆရာတစ်ယောက်ပင့်ပြီး ရှင်းတယ်။

ပယောဂဆရာက ဆေးဝါးဝတ်စုံ ဝတ်ထားတယ်။





ပညာပွဲ၊ နတ်ပွဲ၊ မီးဆိုင်ဖဆိုင်ပွဲ၊ အုန်းပွဲ၊ ငှက်ပျောပွဲတွေ အမွှေးတိုင်၊ ဆီမီးတိုင်တွေ စုံစုံလင်လင်၊ ခမ်းခမ်းနားနား ပြင်ဆင်ထားတယ်။

ပြီးတော့မှ မကောင်းဆိုးဝါးနှင် ဂါထာ၊ မန္တန်တွေကို အန်ပါပါနှင့် ဒွာန်ကရိုဏ်းကျကျ ရွတ်တယ်။

ဒီလိုရွတ်ဖတ်နေတုန်းမှာပဲ ခေါင်မိုးပေါ်ကနေ ဆီးသီးလုံး လောက်ခဲတွေ ကြမ်းပြင်ပေါ်ကို တဖွဲဖွဲတသဲသဲ ကျလာတယ်။

“အောင်မာ၊ ငါ့ကိုစမ်းတာလား၊ ဓားစကြာ၊ လှံစကြာ၊ ကျီးစကြာ လွှတ်လိုက်မယ်။ ချုပ်စမ်းဟဲ့၊ လိုက်စမ်းဟဲ့၊ ဖမ်းစမ်းဟဲ့”

ပယောဂဆရာက ဒေါသနှင့်ဟိန်းဟောက်လိုက်တယ်။

အဲဒီအချိန်မှာ ရောက်သီးလောက်ခဲလုံးကြီးတစ်လုံး ခေါင်မိုးပေါက်ဘဲ ကြမ်းပြင်ပေါ်ကျလာတယ်။

မိသားစုဝင်အားလုံး လန့်သွားကြတယ်။

ထပ်ပြီး ဖရဲသီးအရွယ်လောက် ခဲလုံးကြီးတစ်လုံး “ဒုန်း” ခနဲ ကျလာတယ်။

အဲဒီခဲလုံးကြီးက ပယောဂဆရာရဲ့အနားမှာ ကပ်ပြီးကျတာ။

ပယောဂဆရာ လန့်သွားတယ်။

“အထက်ပုဂ္ဂိုလ်တွေ မကြိုက်ဘူး၊ ပြန်မယ်၊ ပြန်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ပယောဂဆရာ ပြန်ဖို့ နေရာအရှေ့မှာ သူ့နေရာတည့်တည့်ကို ဖရဲသီးနှစ်လုံးစာလောက်ရှိတဲ့ ခဲကြီး ဒုန်းခနဲ ကျလာပြန်တယ်။

ပယောဂဆရာသီသီလေး လွတ်သွားတယ်။

ပယောဂဆရာလည်း ချက်ချင်းပဲ ကြောက်ပါပြီ အော်ပြီး ထွက်ပြေးသွားတော့တယ်။

အားကိုးထားတဲ့ဆရာ ထွက်ပြေးသွားတော့ တစ်အိမ်လုံး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး။

ပိုပြီးလည်း ထိတ်လန့်တုန်လှုပ်သွားတယ်။

နောက်တစ်နေ့မှာ ဂိုဏ်းဆရာတစ်ဦးကို ပင့်ဖိတ်ပြီး အတိုက်အခိုက် အနှောင့်အယှက်တွေပျောက်အောင် စီစဉ်ကြပြန်တယ်။

အဲဒီဆရာ ရွတ်ဖတ်နေတုန်းမှာလည်း ခဲတွေ မရေမတွက်နိုင်အောင် ခေါင်မိုးကနေ ကြမ်းပြင်ပေါ်ကျလာတယ်။

တစ်အိမ်လုံးခဲတွေနှင့် ရှုပ်ပွသွားတယ်။

ထူးဆန်းတာက ကျလာတဲ့ခဲလုံးတွေဟာ မိသားစုဝင်တွေပေါ် မကျတာဘဲ။

ဂိုဏ်းဆရာရဲ့အနီးဝန်းကျင်မှာတော့ ပိုကျတယ်။

နောက်ဆုံးမှာ အဲဒီဂိုဏ်းဆရာလည်း အောင့်လမ်းကို မနိုင်ဘဲ ထွက်ပြေးသွားခဲ့ရတယ်။





ဒီဖြစ်ရပ်ဟာ အဲဒီအချိန်က တောင်ငူတစ်မြို့လုံး အုန်းအုန်းကျွတ်ကျွက်နှင့် မသိသူမရှိအောင် ကျော်ကြားခဲ့တဲ့ အဖြစ်အပျက် ...။

လာရောက်ကြည့်ရှုသူတွေ များလွန်းလို့ လူအုပ်ကြီးကို တပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေက ထိန်းသိမ်းပေးကြရတယ်၊

ဦးကျော်ဖေတို့မိသားစုဟာ အနှောင့်အယှက်တွေကင်းဝေးဖို့ တောင်ငူမြို့ပေါ်က ဆရာစုစုပေါင်း အယောက် ၂၀ ကျော် ပင့်ဖိတ်ခဲ့ပါတယ်။

ဒါပေမယ့် ရှင်းလို့တော့ မရခဲ့ပါဘူး။

တစ်ချို့ရက်တွေကျ ခဲတွေ ကျလာတယ်။

တစ်ချို့ရက်တွေမှာ ပိုက်ဆံတွေပျောက်တယ်။

တစ်ခါတစ်ခါကျတော့ တိုက်အခန်းက ပစ္စည်းတွေ ...တ်အခန်းထဲရောက်။ ဒီတဲအခန်းထဲက ပစ္စည်းတွေက ...အခန်းထဲရောက်နှင့်။

အပြေရှာမရတဲ့ ပြဿနာတွေက နေ့စဉ်ရက်ဆက် တစ်မျိုးပြီး...တစ်မျိုး ဖြစ်ပွားနေပါတယ်။

ရှေ့နေကြီးဦးကျော်ဖေတို့ မိသားစုအနေနှင့် နေအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပြီး အခြားအရပ်ကို ထွက်ခွာမသွားနိုင်တဲ့အတွက်

အောက်လမ်းပညာသည်ရဲ့ တိုက်ခိုက်နှောင့်ယှက်တာကို လပေါင်းများစွာ ခံစားခဲ့ကြရပါတယ် ...။

## ကျောင်းခေါင်မိုးပေါ်က ကျလာတဲ့သွေးစက်များ

လွန်ခဲ့တဲ့လအနည်းငယ်က ပဲခူးမြို့က အမှတ်( - )၊ အထက်တန်းကျောင်းကြီးမှာ ကျောင်းသားအချို့ကို ကျောင်းမှာနေတဲ့ နာနာဘာဝဝင်ပူးတဲ့သတင်းတစ်ပုဒ် ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရပါတယ်။

တကယ်တော့ နာနာဘာဝ၊ တစ္ဆေသရဲဆိုတာ အပယ်ဘုံသား ပြိတ္တာတစ်မျိုးပါ။

သူတို့က ပြုခဲ့တဲ့ကံအကြောင်းအလိုက် စွဲလန်းရာတို့ တည်မှီနေတတ်တဲ့သဘောရှိပါတယ်။

ဒီလိုနှင့်ပဲ အချို့နာနာဘာဝတွေက သူတို့သေဆုံးရတဲ့ အချင်းဖြစ်နေရာမှာ ...

အချို့ကတော့ စက်ရုံအလုပ်ရုံ၊ ကျောင်း၊ လမ်း၊ သစ်ပင်၊ ဆေးရုံစတဲ့နေရာအသီးသီး၊ ဘုံဌာနအသီးသီး ၌ တည်မှီနေထိုင်ကြပါတယ်။





ဒီလိုနှင့်ကြုံကြိုက်တဲ့အချိန်တစ်ချိန်မှာ လူသားနှင့် နာနာဘာဝတို့ ထိပ်တိုက်တိုးမိကြခြင်းဖြစ်ပါတယ်။

စာသင်ကျောင်းခေါင်မိုးပေါ်က သွေးစက်တွေ ကျလာတဲ့ ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်တာ ရန်ကုန်မြို့မှာ ဖြစ်ပွားခဲ့တဲ့ဖြစ်ရပ်ပါ။

ဖြစ်ပွားတဲ့အချိန်က ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပြီး

နေရာက ကြည့်မြင်တိုင်မြို့နယ်၊ စဥ့်အိုးတန်းလမ်း၊ ငြိမ်းချမ်းရေးရပ်ကွက်မှာ တည်ရှိတဲ့ အမှတ်(၂)၊ အထက်တန်းကျောင်း အဌမတန်း(ဗီ)မှာပါ။

ကြာသပတေးနေ့ရဲ့ မွန်းလွဲ နှစ်နာရီသယ့်ငါးမိနစ်အချိန်မှာ စာသင်ခန်းခေါင်မိုးတနေ နီရဲတဲ့ သွေးစက်တွေ စတင်ကျလာခဲ့ပါတယ်။

ပထမဆုံးကျောင်းသူ မသင်းရနံ့ရဲ့ စာရေးနေတဲ့ လက်ဖျံပေါ်ကို သုံးလေးစက် ကျလာတယ်။

ကျောင်းသူတစ်စု တိုးတိုးတိတ်တိတ် အံ့ဩမိထိတ်လန့်စိတ်နှင့် အပေါ်မော့ကြည့်နေတုန်း မနှင်းပွင့်အောင်နှင့် မစန္ဒာဝင်းတို့ရဲ့ လက်တွေပေါ်ကိုလည်း သွေးစက်တွေ ကျလာပြန်တယ်။

တစ်ချိန်တည်းမှာပဲ မခိုင်အေးနွယ်နှင့် မောင်ညီညီအောင်တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်တွေပေါ် သွေးစက်တွေ ကျလာတယ်။

ထိတ်လန့်တကြားဖြစ်နေတဲ့ကလေးတွေရဲ့ အသိပေးမှုကြောင့် အတန်းပိုင်ဆရာမ ဒေါ်အေးအေးပြုံး သိသွားတယ်။

ကလေးတွေကို မေးမြန်းနေတုန်းမှာပဲ သွေးစက်တွေ ခေါင်မိုးပေါ်က ကျလာပြန်တယ်။

ဒီတစ်ခါကျလာတာက စာသင်ခုံတွေပေါ်ကို၊

ဒီသတင်းက တစ်ကျောင်းလုံးကို ချက်ချင်းပြန့်နှံ့သွားတယ်။

ကျောင်းအုပ်ဆရာကြီးဦးရဲမြင့် ဆဋ္ဌမတန်း(စီ)ကို အပြေးအလွှားရောက်လာတယ်။

ထိတ်လန့်တုန်လှုပ်နေတဲ့ ကျောင်းသူကျောင်းသားတွေကို အားပေးစကားပြောပြီး ရုန်းရင်းဆန်ခတ်မဖြစ်အောင် ထိန်းသိမ်းလိုက်တယ်။

ဒီလိုနှင့် တစ်နေ့တာ စာသင်ချိန်ကုန်ဆုံးသွားခဲ့တယ်။

နောက်တစ်နေ့မှာတော့ ပိုပြီး ထိတ်လန့် သွေးပျက်စရာကောင်းအောင် သွေးစက်တွေ ကျလာပြန်တယ်။

ကျောင်းသူ၊ ကျောင်းသားတို့ရဲ့ လက်မောင်းလက်ဖျံများ၊ ကျောကုန်းများနှင့် လွယ်အိတ်ပေါ်၊ စာသင်ခုံကျောပေါ်တို သွေးစက်တွေကျတယ် ...။





မနေ့ကတည်းက ကြောက်လန့်နေတဲ့စိတ်အခံကြောင့် ပိုပြီး ချောက်ချောက်ချားချား ဖြစ်သွားကြတယ်။

တစ်တန်းလုံး ထိန်းမရအောင် ကြောက်ရွံ့သွားကြတယ်။

ကျောင်းအုပ်ဆရာကြီးဦးရဲမြင့်ဟာ အခြေအနေကို အမှန်အတိုင်းသိဖို့နှင့် ထိန်းသိမ်းနိုင်ဖို့အတွက် ကြည့်မြင်တိုင်ရဲစခန်းကို အကြောင်းကြားလိုက်ရတယ်။

ချက်ချင်းဆိုသလို ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာပြီး စစ်ဆေးကြည့်ရှုကြတယ်။

တစ်ချိန်တည်းမှာပဲ တိုင်းအဆင့်၊ ခရိုင်အဆင့်အုပ်ချုပ်ရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ အကြီးအကဲတွေလည်း အ.ထ.က(၂)ကို ရောက်လာကြတယ်။

"ဒီဖြစ်ရပ်မှာ အကြောင်းရင်းတစ်ခုတော့ရှိရမယ်။ တစ္ဆေသရဲဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး ..."

ရဲမှူးကြီးက ဝေဖန်ပြောကြားလိုက်တယ်။

အဲဒီအချိန်မှာပဲ ရဲမှူးကြီးရဲ့ ယူနီဖောင်းပေါ်ကို ခေါင်မိုးပေါ်ကနေ သွေးစက်တွေ ကျလာတယ်။

ရဲမှူးကြီးက ကျလာတဲ့သွေးစက်တွေကို နမူနာယူပြီး ဓာတုဗေဒဌာနသို့ ပို့တယ်။ စစ်ဆေးစေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတဲ့အဖြေက လူသွေး၊ သွေးအမျိုးအစားက (အို)တဲ့။

ရဲမှူးကြီးက ကျောင်းခေါင်မိုးပေါ်ကိုလည်း ရဲတပ်ဖွဲ့ဝင်ဒါးဦးတက်ပြီး စစ်ဆေးကြည့်ရှုခိုင်းတယ်။

ကျောင်းခေါင်မိုးပေါ်မှာ မသင်္ကာစရာ ဘာမှမရှိဘူး။ ရှင်းနေတယ်။

ဒီလို လူကြီးတွေ စစ်ဆေးကြည့်ရှုနေတုန်းမှာပဲ သွေးစက်တွေက ခေါင်မိုးပေါ်ကနေ တစ်ပေါက်ပေါက် ကျပြနေတယ်။

အဖြေကတော့ ရှင်းနေတယ်။

ယုံချင်ယုံ၊ မယုံချင်နေ။

ဆဌမတန်း(စီ)မှာနေတဲ့ ပရလောကသား နာနာဘာဝရဲ့ လက်ချက်ဆိုတာ ထင်ရှားနေတယ်။

တစ္ဆေသရဲ မယုံဘူးဆိုတဲ့ ရဲမှူးကြီးကတောင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတဲ့အဖြစ်ကြောင့် လူတစ်စုံတစ်ဦးရဲ့ လုပ်ကြံဖန်တီးမှုမဟုတ်ဘူး။

လိုအပ်သလို ဆက်လုပ်ဖို့ စခန်းမှူးကို ညွှန်ကြားခဲ့ရတယ်။

အဲဒီအချိန်မှာ ကျောင်းရှေ့လမ်းမကြီးပေါ်မှာ လူတွေ ကြိတ်ကြိတ်တိုးနေကြပြီ။





စိုးရိမ်မှုပြန်တဲ့မျက်နှာနှင့် ကျောင်းသားမိဘတွေကျောင်းကို ရောက်လာကြတယ်။

မိမိတို့ရဲ့ကလေးတွေကို ပြန်ခေါ်ဖို့ ကြိုးစားနေကြတယ်။

အဲဒီလူအုပ်ကြီးကို ရဲတပ်ဖွဲ့ဝင်တွေနှင့် ဆရာဆရာမတွေက ဓိုးရိမ်ဖို့နှင့် တာဝန်ရှိသူတွေ စစ်ဆေးနေကြောင်း ရှင်းပြ၊ နှစ်သိမ့်ပြီး ထိန်းသိမ်းနေရတယ်။

ဒီအဖြစ်အပျက်က ရက်အတန်ကြာမှ ပြီးဆုံးသွားခဲ့ပါတယ်။

"ကျောင်းခေါင်မိုးပေါ်က ကျလာတဲ့သွေးစက်များ"နှင့် "စုန်းတိုက်ခံရတဲ့အိမ်"ဖြစ်ရပ်မှန် အဖြစ်အပျက်များကို ပပျောက်အောင် ဖြေရှင်းပေးခဲ့သူက ...

အ.မ.ယ.ဆ ဆေးတော်ကြီးဂိုဏ်း၊ ဂိုဏ်းချုပ်ဆရာကြီး ဒေါက်တာရှိန်း(MD)(M.A)ဖြစ်ပါတယ်။

စာဖတ်သူများ ထင်ထင်ရှားရှား သိမြင်နိုင်အောင် အတိအကျ မှတ်တမ်းတင်ထားတဲ့ဖြစ်ရပ်နှစ်ခုကို စာရေးဆရာ မင်းတိုက်ခန့်ရဲ့စာအုပ်ကို ကိုးကားဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။

အသေးစိတ်သိရှိ ဖတ်ရှုလိုပါက ဆရာမင်းတိုက်ခန့် ရေးသားတဲ့ "ဒေါက်တာရှိန်း ကယ်တင်ဖြေရှင်းခဲ့သော ထူးခြားဆန်းကြယ် ဂမ္ဘီရဖြစ်ရပ်မှန်များ"စာအုပ်ကို ဖတ်ရှုစေလိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘုံဌာန လူ့လောကကြီးထဲမှာ …

ပရလောကသား၊ နာနာဘာဝ၊ တစ္ဆေသရဲတွေကြောင့် ဖြစ်ဖြစ် …

ထူးခြားဆန်းကြယ်တဲ့ပညာရပ်တွေကြောင့်ပဲဖြစ်ဖြစ် …

မယုံနိုင်စရာ အဖြစ်အပျက်တွေ …

အံ့မခန်းအကြောင်းအရာတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရပါဘူး …။

ပစ္စုပ္ပန်မှာလည်း ဖြစ်နေဆဲ …

နောင်အနာဂတ်မှာလည်း ဆက်လက်ဖြစ်ပွားဦးမှာ အသေအချာပဲ ဖြစ်ပါတော့တယ်။



# နေ့စံ ညခံ

အသားဖြူဖြူ နာတံချွန်ချွန်နှင့် သူမရဲ့အသွင်က ဘာသာခြားကပြားမလေးတစ်ယောက်နှင့်တူနေတယ် …

သမီးတို့နှစ်ယောက်ရဲ့အချစ်ရေးကို ပိတ်ပင်ဟန့်တား နှောင့်ယှက်မည့်သူ ဘယ်သူမှ မရှိတဲ့ဘဝပါ။

နေ့ခင်းဘက်မှာ မှန်းတီးရှုရှာတဲ့စိတ်တွေ အလိုလို ဝင်လာတယ် …

ညနေပိုင်းကျတော့ အဲဒီမကောင်းတဲ့စိတ်တွေ အလိုလို ပျောက်ကွယ်သွားတယ်တဲ့ …

ဒီလိုဖြစ်တာ နှစ်နှင့်ချီပြီး ကြာနေပါပြီ …

မင်းလိုဆရာမျိုးတွေ အယောက်နှစ်ဆယ်လောက်ဝါ အရှုက်ခွဲခဲ့ပြီးပြီ …

မင်းကျမှ ငါအရှုံးပေးပါတယ် …



www.burmeseclassic.com

www.burmeseclassic.com



## ဘာသာပြောင်းမလေးရဲ့သောက

၂၀၀၇ ခုနှစ်ရဲ့ ဆောင်းဦးပေါက်ရာသီပါ။

နံနက်(၉း၀၀)နာရီတိတိမှာ ဆရာပွင့်တစ်ယောက် သူ့ရဲ့ဗေဒင်ဟောခန်းကို ရောက်ရှိလာပြီ ဖြစ်ပါတယ်။

ဗေဒင်ဟောခန်းက လှိုင်မြို့နယ်၊ တရားရုံးအနီးက ကျိုက်သာဒီကံပွင့် ဆုတောင်းပြည့်စေတီရဲ့ ရင်ပြင်တော်မှာပါ။

ဆရာပွင့်ဟာ သူ့ရဲ့ပြုမြဲဝတ္တရားအတိုင်း ဆုတောင်းပြည့်စေတီရဲ့ ခြေတော်ရင်းမှာ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး သုံးဆယ့်တစ်ဘုံသားအားလုံးကို အမျှပေးဝေလိုက်တယ်။

ပြီးတော့မှ ဟောခန်းထဲ ဝင်ထိုင်လိုက်ပါတယ်။

ဆရာပွင့်ဗေဒင်ဟောခန်းထဲဝင်ပြီး မရှေးမနှောင်းမှာပဲ ဧည့်သည်နှစ်ယောက် ရောက်လာတယ်။

သီလရှင်ဆရာကြီးတစ်ပါးနှင့် အမျိုးသမီးတစ်ယောက်ပါ။

သီလရှင်ဆရာကြီးက အသက်(၇၀)ကျော်လောက်၊ အသားဖြူဖြူနှင့် ကြည်ညိုစရာပါ။

သမိုင်း၊ တောဇစက္ကူကျောင်းကလို့ မိတ်ဆက်ပြီး လူနာလာပြတာလို့ပြောတယ်။

ဆရာပွင့် လူနာအမျိုးသမီးကို ကြည့်လိုက်တယ်။





အသက်လေးဆယ်နီးပါးရှိပေမယ့် မိန်းမချော မိန်းမလှတစ်ယောက်ဆိုတာ ဘယ်သူမှ မငြင်းမယ့်သူ၊

အသားဖြူဖြူ နှာတံချွန်ချွန်နှင့် သူမရဲ့အသွင်က ဘာသာခြားတမြူးမလေးတစ်ယောက်နှင့် တူနေတယ်။

"သမီးနာမည် ဘယ်လိုခေါ်လဲ ...

သမီးက ဗုဒ္ဓဘာသာဝင်လား ..."

သီလရှင်ဆရာကြီးတစ်ပါးနှင့်အတူလာတာကို ကြည့်ပြီး ဆရာပွင့်က မေးလိုက်တယ်။

"သမီးနာမည်က နှင်းရည်ချိုပါ။ သမီးက ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ မိဘအစဉ်အဆက် ကိုးကွယ်ခဲ့တာကတော့(---)ဘာသာပါ။

ဒါပေမယ့် သမီး အမေ ဒေါ်စရဏာသိဂီနှင့်တွေ့ပြီး ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်တွေကို ကြားနာခွင့် ရခဲ့တယ်။

ဗုဒ္ဓတရားတော်တွေက သမီးရဲ့စိတ်ကို ငြိမ်းချမ်းမှု ပေးနိုင်ခဲ့တယ်။

ဒါကြောင့် သမီး ဗုဒ္ဓဘာသာကို ကူးပြောင်းဝင်ရောက်ခဲ့တယ်ပါ"

"ဟုတ်ပြီးသမီး၊ အခု ဆရာ့ဆီကို ရောက်လာရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရင်းကို ပြောပါဦး"

"နားနှင့်မနာ၊ ဖဝါးနှင့်နာပါဆရာ၊

သမီးမှာ ချစ်သူတစ်ယောက်ရှိပါတယ်၊ အတူနေချစ်သူပါ။

ဒါပေမယ့် လက်တော့ မထပ်ကြသေးပါဘူး။

သူက သမီးရှယ်ယာဝင်ထားတဲ့ဆိုင်မှာပဲ အလုပ်လုပ်ပါတယ်။ ကုန်ပြန့်ဖြူးတဲ့ဘက်ကပါ။

သမီးက သူ့ကို စွဲစွဲမြဲမြဲ ချစ်သလို၊ သူကလည်း သမီးအပေါ်မှာ နှစ်နှစ်ကာကာ ချစ်ပါတယ်။

ပြီးတော့၊ သမီးတို့နှစ်ယောက်စလုံးက ကိုယ့်ဘဝ ကိုယ်ပိုင်သူတွေပါ။

နောက်ပြီး ဘယ်မိဘဆွေမျိုး၊ ညီအစ်ကိုမောင်နှမတွေကိုမှ ထောက်ထားစရာ မလိုတော့တဲ့ သူတွေပါ။

ဆိုရရင် သမီးတို့နှစ်ယောက်ရဲ့ အချစ်ရေးကို ဖိတ်ဖမ်းဟန့်တား နှောင့်ယှက်မယ့်သူ ဘယ်သူမှ မရှိတဲ့ဘဝပါဆရာ။

ဒီလို အစစအရာရာ အဆင်ပြေချောမွေ့တဲ့ဘဝကို ပိုင်ဆိုင်ထားပေမယ့် သမီးတို့နှစ်ယောက်စလုံး စိတ်ဆင်းရဲနေကြရပါတယ်။

"ဟုတ်လားသမီး၊ ဘာအကြောင်းကြောင့်လဲဆိုတာ ပြောပါဦး"

မိတ်ဆွေစာပေ



"ဒီလိုပါဆရာ၊ သမီးတို့နှစ်ယောက် မျက်နှာချင်းဆိုင်လို့ ရတဲ့အတွက်ကြောင့်ပါ"

"သမီးတို့ချစ်သူနှစ်ယောက်ကြားမှာ ညှိနှိုင်းလို့မရတဲ့ ပြဿနာတစ်စုံတစ်ခု ရှိလို့များလား သမီး"

"မဟုတ်ဘူးဆရာ၊

သမီးတို့နှစ်ယောက်ကြားမှာ ဘာပြဿနာမှ မရှိအောင် အေးချမ်းပါတယ် ...

ဒီလိုပါဆရာ ...

နေ့ခင်းဘက်ဆို သမီးတို့နှစ်ယောက် မျက်နှာချင်းဆိုင်လို့ ရတော့ဘူး။ မျက်နှာချင်းဆိုင်တာနှင့် ဘဝအဆက်ဆက်က အညိုး အတေးရှိခဲ့တဲ့ ရန်သူတွေလို ဖြစ်သွားတယ်။

သမီး သူ့ကို မြင်လိုက်တာနှင့် မုန်းမိတယ်။

အလိုလိုနေရင်း စိတ်နာတယ်၊ နာကြည်းတယ်၊ အမြစ်တွေလည်း တစ်ခုပြီးတစ်ခု မြင်နေမိတယ်။

ဒီလို ပုံမှန်မဟုတ်တဲ့စိတ်တွေ တစ်နေ့လုံး ဖြစ်ပေါ်နေပြီး ညဘက်ရောက်မှ ပျောက်သွားတယ်။

ချစ်သူတို့ရဲ့ ပုံမှန်သဘာဝ၊ ချစ်ကြင်နာစိတ်၊ မေတ္တာစိတ်တွေ ပြန်ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဖောက်လွဲဖောက်ပြန်စိတ်တွေ ဖြစ်နေတာ သမီး တစ်ယောက်တည်း မဟုတ်ဘူး။

သူလည်း ဒီအတိုင်းပဲတဲ့။

သူကလည်း နေ့ခင်းဘက်မှာ သမီးကို မုန်းတီးရွံရှာတဲ့ စိတ်တွေ အလိုလို ဝင်လာတယ်။

သမီးအပေါ် ယုံကြည်မှုကင်းမဲ့ပြီး သံသယစိတ်တွေ ပြင်းပြင်း ထန်ထန် ဖြစ်ပေါ်လာတယ်တဲ့။

ညနေပိုင်းကျတော့မှ အဲဒီမကောင်းတဲ့စိတ်တွေ အလိုလို ပျောက်ကွယ်သွားတယ်တဲ့ ...

ဒီလိုဖြစ်နေတာ တစ်ရက်နှစ်ရက် မဟုတ်ဘူးဆရာ၊ တစ်လ နှစ်လလည်း မဟုတ်ဘူး။ နှစ်နှင့်ချီပြီး ကြာနေပါပြီ။

ဆရာတစ်ချို့ကို အကူအညီတောင်းခဲ့ဖူးပေမယ့် သမီးတို့ နှစ်ယောက်ရဲ့ စိတ်ဆင်းရဲဒုက္ခကတော့ အေးငြိမ်းမှု မရခဲ့ပါဘူး။

ဆရာ့အနေနှင့် ကူညီကယ်မပေးဖို့ သမီးတောင်းပန် ပါတယ်"

နှင်းရည်ချိုရဲ့အသံက နွမ်းလျပျော့တော့နေတယ်။

ကူကယ်ရာမဲ့ သူတစ်ယောက်ပမာ အားလျော့ နွမ်းနယ် နေတယ်လို့ ဆရာပွင့် သတိပြုမိလိုက်တယ်။



"သမီးတို့ချစ်သူနှစ်ယောက်ရဲ့အဖြစ်က စိတ်ဝင်စားစရာ ပဲကွယ့်"

သမီးတို့ဒီလိုဖြစ်နေတာဟာ အချိန်အပိုင်းအခြား တိတိ ကျကျနှင့် ဖြစ်နေတာ မဟုတ်လား"

"ဟုတ်တယ်ဆရာ၊ ဟုတ်တယ်။ မနက်(၆း၀၀)နာရီ ထိုး တာနှင့် မမြင်ရတဲ့ မကောင်းဆိုးဝါး မိစ္ဆာကောင်တစ်ကောင်က သမီးတို့နှစ်ယောက်စလုံးကို စိုးမိုးထိန်းချုပ် နေသလို ခံစားနေ ကြရတယ်။ ပြုံးရင်းရယ်ရင်းကတောင် အရယ်အပြုံးတွေ ချက်ချင်း ရုပ်တန့်သွားတယ်။ အမုန်းစိတ်တွေ ဝင်လာတယ်။

ညနေ(၆း၀၀)နာရီလောက်ကျမှ မိစ္ဆာကောင်အလိုလို ထွက် သွားသလို ခံစားလိုက်ရပြီး အရယ်အပြုံးတွေ ပျော်ရွှင်ကြည်နူးမှုတွေ သမီးတို့ဆီကို ပြန်ရောက်လာတာ သတိပြုမိတယ်ဆရာ"

ဆရာပွင့်က နှင်းရည်ချိုကို လက်ကာပြလိုက်တယ်။

"ရပြီသမီး၊ ဒီလောက်သိရင် ရပါပြီ ...၊

ဒီအဖြစ်အပျက်မှာ ပယောဂအနှောင့်အယှက် တစ်စုံတစ်ရာ ပတ်သက်နေတာ သေချာတယ်။

သမီးတို့နှစ်ယောက်ရဲ့ နှလုံးသားတွေကို ညစ်နွမ်းအောင် လုပ်နေတဲ့ မိစ္ဆာကောင်ကို ...

www.burmeseclassic.com



ဒီနေ့ပဲ သမီးတို့ဆီက ထွက်သွားအောင် ဆရာနှစ်ထုတ်ပေးမယ်''လို့ တစ်ဆက်တည်းပြောလိုက်ပါတော့တယ်။

### နေ့စံညခံ ဘဝမှန်

“ငါ၊ အောက်လမ်းအုန်းရွှေ၊ မေမြို့တက္ကွ” အော်လိုက်တဲ့အသံကြီးက တိန်းထွက်လာတယ်။ယောကျ်ားကြီးတစ်ယောက်ရဲ့ တင်းမာခက်ထန်တဲ့ အသံကြီး။

ဘုရားရင်ပြင်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ဘုရားဖူးလာသူတွေ အနီးဝန်းကျင်ကသူတွေအားလုံး ဆရာပွင့်ရဲ့ ပေါ်ခန်းကို စုဝေးရောက်ရှိလာကြတယ်။ ပေါ်ခန်းအပြင်ဘက် ရင်ပြင်တော်ပေါ်မှာလည်း သိမြင်၊ စူးစမ်းလိုသူတွေနှင့် ပြည့်နှက်သွားတယ်။

ဖြစ်စဉ်က ဒီလိုပါ။

မနှင်းရည်ချိုတို့ ချစ်သူနှစ်ယောက်ရဲ့ကြားမှာ အမှောင့်ပယောဂ အနှောင့်အယှက်ဝင်နေပြီဆိုတာ ဆရာပွင့်သိလိုက်တယ်။

ပယောဂမှန်ပေမယ့် စုန်းလား၊ နတ်လား၊ တစ္ဆေသရဲလား၊ အောက်လမ်းလား မသဲကွဲသေးဘူး။ စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေ၊ အောက်လမ်း တိတိကျကျသိမှ အနာနှင့်ဆေးတည့်အောင်ပေးလို့ရမယ်။



ပြဿနာရဲ့အဖြေကို ရှာနိုင်မယ်။

ဒါကြောင့် ထုံးစံအတိုင်း လူနာရဲ့အသက်နှင့်ခန္ဓာကို ဆရာ့ဆီ ပ်ခိုင်းပြီး၊ ဘုရား၊ တရား၊ သံဃာနှင့် အထက်ပုဂ္ဂိုလ်များထံ တ်ပြီး အပ်နှံတယ်။

မနှင်းရည်ချိုကို ပုဆစ်ဒူးတုပ် ထိုင်စေပြီး လက်အုပ်ချီ ်းလိုက်တယ်။ ပြီးတော့မှ ...

“မနှင်းရည်ချိုကို ပညာနှင့်ပြုစားပြီး အတိုက်အခိုက် ှောင့်ယှက်နေတဲ့ ပုဂ္ဂိုလ်၊ ချက်ချင်းဝင်ပူးစမ်း”လို့ အမိန့်ပေး ိုက်တယ်။

မနှင်းရည်ချိုရဲ့ ခန္ဓာကိုယ် တဖြည်းဖြည်း လှုပ်ရမ်းလာ ည်။ လက်အုပ်ချီထားတာလည်း တဆတ်ဆတ်တုန်ယင်လာတယ်။

“ဝင်ပူးစမ်း၊ လူစိတ်ပျောက်အောင်ပူးစမ်း”

ဆရာပွင့်ထပ်ပြီး အမိန့်ပေးလိုက်တာနှင့် မနှင်းရည်ချိုဟာ ်ကြမ်းအပူးခံနေရတဲ့ နတ်ဝင်သည်လို ဖြစ်သွားတယ်။

“မင်းဘယ်သူလဲ”

ဆရာပွင့်မေးလိုက်တဲ့ခဏမှာ မိန်းမထိုင် ထိုင်နေ ှင်းရည်ချိုဟာ ယောကျ်ားထိုင်သလို စောင့်ကြောင့်ပြောင်း ထိုင် ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ယောက်ျားတစ်ယောက်ရဲ့အသံကြီးနှင့် အော်တစ်ပြောလိုက်တယ် ...

"ငါ့အောက်လမ်းအုံးရွှေ၊ မေမြို့ကကွ"တဲ့။

ပြီးတော့ ဆက်ပြောတယ်။

**"မင်းလိုဆရာမျိုးတွေ၊ အယောက်နှစ်ဆယ်လောက် ငါ အရှုတ်ခွဲခဲ့ပြီးပြီ ..."**

ဝင်ပူးလာတဲ့ အောက်လမ်းအုန်းရွှေရဲ့လေသံက မာကျောတယ်။ ဆရာကို မခန့်လေးစား လုပ်ချင်တဲ့သဘောမျိုးရှိတယ်။

"လက်ပြန်ကြိုးတုပ်လိုက်စမ်း ..."

ဆရာပွင့် အမိန့်ပေးလိုက်တာနှင့် အောက်လမ်းဝင်ပူးနေတဲ့ မနှင်းရည်ရှိရဲ့လက်နှစ်ဘက်ဟာ အလိုလို နောက်ဘက်ရောက်သွားတယ်။

လက်ပြန်ကြိုးတုပ်လိုက်တဲ့ အနေအထားဖြစ်သွားတယ်။

"ကဲ၊ အောက်လမ်း အုံးရွှေ၊ ငါမေးတာကို အမှန်အတိုင်း ပြောမှာလား၊ မပြောဘူးလား၊

ငါ တာပဲ သိချင်တယ် ..."

ပက်ပြန်ကြိုးတုပ် အမိန့်ပေးလိုက်ကတည်းက ဆရာပွင့်ကို အခြားဆရာတွေလို အရှုတ်ခွဲလို့ မရမှန်း သဘောပေါက်သွားတယ်။



ခေါင်းလည်း ငိုက်ဆိုက်ကျသွားတယ်။

"ငါ ဆရာအယောက်နှစ်ဆယ်ကို အရှုတ်ခွဲခဲ့ပြီးပြီ၊ မင်းကျမှ ငါ အရှုံးပေးပါတယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် မင်းကို ငါအပြစ်မပေးဘူး၊ မင်းနှင့် ဒီက မနှင်းရည်ချိုတို့ ဘယ်လိုပတ်သက်နေလို့ အနှောင့်အယှက်ပေးနေတာလည်းဆိုတာ အမှန်အတိုင်းပြောပြစမ်း ..."

"ငါက မေမြို့အရှေ့ဘက်က (---)ရွာလေးကပါ။ ဉယျာဉ်ခြံလုပ်ငန်းလုပ်တယ်။

ခြံထွက်သီးနှံတွေ ပွဲရုံပို့ရင် နှင်းရည်ချိုတို့အိမ်သားကနေ အမြဲဖြတ်သွားရတယ်။

နှင်းရည်ချိုကို တွေ့တွေ့နေရတယ်၊ ငါ နှင်းရည်ချိုကို ချစ်သွားတယ်။

နှင်းရည်ချိုမှာ မောင်နှမလေးယောက်ရှိတယ်။ အစ်ကို တစ်ယောက်၊ အစ်မလတ်နှစ်ယောက်၊ သူကအငယ်ဆုံး။ သူတို့အားလုံးက(---)ဘာသာဝင်တွေ။ မိဘတွေ မရှိကြတော့ဘူး။

ဒါပေမယ့် သူတို့က ချမ်းသာကြတယ်။

ငါ နှင်းရည်ချိုနှင့် ရင်းနှီးအောင်လုပ်တယ်။

ရင်းနှီးတဲ့အချိန်ကျ၊ ငါ့မေတ္တာကို ဖွင့်ပြောခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းရည်ချို ငါ့ကိုမချစ်ဘူး။

ဘယ်ချစ်မှာလည်း ငါနှင့်သူတို့က လူမျိုးဘာသာချင်း မတူဘူး။

ဓနဂုဏ်အဆင့်အတန်းကလည်း မိုးနှင့်မြေကြီး။

အသက်ချင်းလည်းကွာတယ်။

အဲဒီအချိန်မှာ နှင်းရည်ချိုက အသက်နှစ်ဆယ်၊ ငါကအသက် လေးဆယ်ကျော်နေတယ်။

နှင်းရည်ချိုက ငါချစ်ရေးဆိုတဲ့အကြောင်း သူ့အစ်ကို၊ အစ်မတွေကို ပြန်တိုင်တယ်။

ငါ ရစရာမရှိအောင် အပြောခံခဲ့ရတယ်။

ငါ့ကို စုတ်ပြတ်သတ်နေတဲ့ သူပုန်းစားတစ်ယောက်လောက် သူတို့ ရက်ရက်စက်စက် ပြောကြတယ်။

ငါ့တစ်ကိုယ်လုံးဟာ ဒေါသတွေ၊ နာကြည်းခံပြင်းမှုတွေ ကြောင့် တဆတ်ဆတ် တုန်နေခဲ့တယ်။

ငါ ကာလဲ့စားချေဖို့ ဆုံးဖြတ်ပြီး သူ့အစ်ကိုနှင့် အစ်မ နှစ်ယောက်ကို ငါ့ရဲ့အောက်လမ်းပညာနှင့် တစ်ယောက်ပြီးတစ် ယောက် သတ်ပစ်လိုက်တယ် ...”

“နှင်းရည်ချိုကိုတော့ မင်းဘာလို့ မသတ်တာလဲ”



“နှင်းရည်ချိုက ငါချစ်တဲ့သူလေ၊

ပြီးတော့ သူက စိတ်ကောင်းရှိတယ်၊

သူ့အစ်ကိုအစ်မတွေပြောသလို ငါ့ကို ရက်ရက်စက်စက် မပြောခဲ့ဘူး၊

သူ့ကိုရအောင် ယူမယ်လို့ ငါဆုံးဖြတ်ထားတယ်၊

ဒါကြောင့် မသတ်တာဘဲ ...

အဲဒီနောက်မှာ နှင်းရည်ချို မမြို့ကနေ ပျောက်သွား တယ်။

ငါစုံစမ်းကြည့်တော့ အိမ်နှင့်ခြံကိုရောင်းပြီး ရန်ကုန်ပြောင်း သွားတာလို့ သိလိုက်ရတယ်။

ငါ အရူးတစ်ယောက်လို ခံစားခဲ့ရတယ်။

နှင်းရည်ချိုကို လိုက်ရှာခဲ့တယ်။

ဘယ်လိုမှ ရှာလို့မရခဲ့ဘူး။

သူ့ကို စွဲလန်းတဲ့စိတ်နှင့်ပဲ ငါ သေခဲ့ရတယ် ...”

“မင်းသေတာ ဘယ်လောက်ကြာပြီလဲ”

“ငါသေတာ နှစ်နှစ်လောက်ရှိပြီ ...”

“မင်းအခု ဘယ်ဘဝကို ရောက်နေတာလည်း ...”

“ငါပြုခဲ့တဲ့ အကုသိုလ်ကံရဲ့အကျိုးကို ငါခံနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာဘုံတစ်ခုမှာ ငါရောက်နေတယ်။

ငါရောက်နေတဲ့ဘုံက နေ့စံညခံဘုံ။

တစ်နေကုန် လွတ်လွတ်လပ်လပ် နေရပေမယ့် မှောင်တာနဲ့ ငရဲလိုနေရာတစ်ခုကို သွားကြရတယ်။

ဆင်းရဲဒုက္ခတွေ ခံစားရတယ်။

နံနက်လင်းမှ အဲဒီ ငရဲကလွတ်တယ် ...”

“နှင်းရည်ချိုကို ဘယ်တုန်းက ရှာတွေ့ခဲ့တာလည်း”

“လွန်ခဲ့တဲ့ တစ်နှစ်လောက်က နှင်းရည်ချို မေမြို့ကို ခဏပြန်လာတယ်။

အဲဒီတော့မှ သူ့ကို ပြန်တွေ့တယ်။

သူထပ်ပြီး ပျောက်သွားမှာစိုးလို့ ငါ သူ့အနီးမှာပဲနေတယ်။

သူရန်ကုန်ပြန်တော့လည်း ငါ လိုက်သွားခဲ့တယ်။

အဲဒီမှာ သူရည်းစားရနေပြီဆိုတာ ငါသိလိုက်တယ်။

အဲဒါကြောင့် သူတို့စိတ်တွေကို ငါ့ပညာနှင့်ညှို့ပြီး အတူ နေလို့မရအောင် အနှောင့်အယှက် ပေးနေတာပဲ။

ခက်နေတာက သူတို့နှစ်ယောက်၊ တစ်ယောက်ကို တစ်ယောက် မုန်းအောင် နေ့ခင်းအချိန်ပဲ လုပ်လို့ရတယ်။

အဲဒီအချိန်ပဲ ငါက လွတ်လပ်တာကိုး။





ညကျတော့ ဒုက္ခဘုံမှာ ငရဲခံဖို့ သွားရတယ်။

အဲဒါကြောင့် ညဘက်မှာ သူတို့ကို ငါထိန်းချုပ်ပြုစားလို့ မရဘူး ...”

ပြဿနာရဲ့တိကျတဲ့အဖြေကို ဆရာပွင့် ရှာတွေ့လိုက်တယ်။

“ငါပြောမယ် အုန်းရွှေ ...

ဒီအချိန်ဟာ မင်းကောင်းရာမွန်ရာရောက်ဖို့ အသင့်တော်ဆုံး အချိန်ပဲ။

လူ့ဘဝက မကောင်းတဲ့အတတ်ပညာတွေသုံးပြီး ဒုစရိုက် မှုတွေ မင်းကျူးလွန်ခဲ့တယ်။

ဒီကံတွေကြောင့် နေ့စံညခံ ပြိတ္တာကောင် ဖြစ်လာတယ်။

အခုလည်းဆက်ပြီး ဒီအောက်လမ်းပညာတွေနှင့် သူတစ်ပါးကို အနှောင့်အယှက်ပေးနေဦးမယ်ဆိုရင် အဝီစိငရဲမှာ ချိုးတပ်သွား လိမ့်မယ်”

“ဟုတ်တယ်၊ ငါသဘောပေါက်ပါပြီ ...”

“မင်း၊ မနှင်းရည်ချိုတို့နှစ်ယောက်ကို အနှောင့်အယှက် ပေးဦးမှာလား ...”

“ငါ အနှောင့်အယှက် မပေးတော့ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို လွယ်လွယ် ကတိပေးလို့တော့ မရဘူး၊ မင်း
သစ္စာရေသောက်ရမယ် ...

ကဲ ရေတစ်ခွက်ပေးစမ်းတော့ ..."

ဆရာပွင့်က ရေတစ်ခွက် လှမ်းတောင်းလိုက်တယ်။

"ကဲ ... လိုက်ဆိုစမ်း ...

ကျွန်တော်သည် မနှင်းရည်ချိုနှင့် သူ၏ချစ်သူတို့အာ
လည်းကောင်း၊

စုနစ်ရက်သားသမီးအပေါင်းတို့အားလည်းကောင်း၊

အောက်လမ်းပညာကိုအသုံးပြု၍ ဘယ်သောအခါမှ နှော
ယှက်၊ တိုက်ခိုက်၊ တန့်တားခြင်း မပြုလုပ်တော့ပါဟု သစ္စာတ
ပြုပါသည်။

အကယ်၍ မနှင်းရည်ချိုနှင့် သူ၏ချစ်သူတို့အားလည်းကော

စုနစ်ရက်သားသမီးအပေါင်းတို့အားလည်းကောင်း၊

နှောင့်ယှက်တိုက်ခိုက် တန့်တားခဲ့သည်ရှိသော်

လက်ရှိဘဝမှ ဘုရားအဆူဆူပွင့်သော်လည်း မကျွ
မလွတ်သောသူ ဖြစ်ရပါစေသား ...၊

အကယ်၍ နှောင့်ယှက်၊ တန့်တား၊ တိုက်ခိုက်ခြ
လုံးဝမပြုခဲ့သည်ရှိသော်၊





လက်ရှိဘဝမှ အမြန်ဆုံးလွတ်မြောက်၍ လူ့ဘဝကို ရောက်
ရှိရပါစေ ...

လူ့ဘဝကို ရောက်ရှိသည့်အခါမှာလည်း ဘုရား၊ တရား၊
သံဃာ၊ ရတနာသုံးပါးနှင့် တရားစစ်တရားမှန်ကိုတွေ့သော ပုဂ္ဂိုလ်
ဖြစ်ရပါလို၏အရှင်ဘုရား ..."

ဆရာပွင့်က မနှင်းရည်ချိုကို ပူးဝင်ထားတဲ့ အောက်လမ်း
ဆုံးရှေ့ကို သစ္စာရေတိုက်လိုက်တယ် ...၊

"အဲဆိုရင်တော့ 'ဆရာစိတ်ချပါပြီ၊

လက်ပြန်ကြိုးတုပ်ထားတာကို ဖြေလိုက်ပြီ"

ဆရာပွင့်ပြောလိုက်တာနှင့် နှင်းရည်ချို့ရဲ့ လက်တွေက
လက်ပြန်ကြိုးချည် အနေအထားကနေ အလိုလို ရှေ့ဘက်ရောက်ပြီး
လက်အုပ်ချီလိုက်တယ် ..."

"ဆရာ့ကို လေးစားရိုသေပါတယ်ဆရာ"

ကျွန်တော့်ကို ပြန်ထွက်ခွင့်ပြုပါဆရာ၊

ညနေ(၆း၀၀)နာရီကျရင် ရေကိုသွားပြီး ခုတွခံရှုးမှာမို့ပါ
ဆရာ ..."

"အေး အေး ထွက်လို့ရစေကွာ ..."

www.burmeseclassic.com



ဆရာပွင့်အမိန့်ပေးခွင့်ပြုတာနှင့် အောက်လမ်းအုန်းရွှေ တစ်ယောက် ...

မနှင်းရည်ရှိရဲ့ ခန္ဓာကိုယ်ကနေ ပြန်လည်ထွက်ခွာသွားတယ် ...।

နေ့စဉ်ညနေပိဋကတ်ကြီးအောက်လမ်းအုံးရွှေရဲ့ဘဝကို ဆရာပွင့် သနားကရုဏာ သက်မိတယ် ...।

ဒီလိုတဝဆိုးကြီးက လွတ်မြောက်အောင်လည်း ကယ်တင် ချင်တယ် ...। ဒါပေမယ့်။

"ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပြန်"ဆိုတဲ့တရားအတိုင်း ပြုမှား ခဲ့တဲ့ ဝဋ်ကြွေးကို ကိုယ်တိုင်ပဲ ကျေအောင် ပြန်ဆပ်ပေဦးတော့ အုံးရွှေရေ ..."ဟုသာ စိတ်ထဲက တီးတိုးရေရွတ်နေမိပါတော့တယ်။

မှတ်ချက်။ ။ ပြိတ္တာဘုံတွင် ပြိတ္တာအမျိုးပေါင်း(၁၂)မျိုးရှိပြီး ဝေမာနိကပြိတ္တာတို့မှာ ဒုက္ခတစ်လှည့် သုခ တစ်လှည့်ဖြင့် အတည်မကျ ခံစားရသော ပြိတ္တာ မျိုးဖြစ်ကြောင်း ကျမ်းဂန်စာပေများ၌ ဖော်ပြထားပါသည်။



# သေသူတို့၏ ဝိညာဉ်များ

**ဝိညာဉ်ဖော်တဲ့လူသတ်မှု ...**

'သေဆုံးသူရဲ့ဝိညာဉ်က အိပ်မက်ပေးလို့ သေသေ ချာချာ အကွက်ချ ကျူးလွန်ခဲ့တဲ့ လူသတ်မှုတစ်ခုကို ဖော်ထုတ်နိုင်ခဲ့တယ်'

**အချုပ်ခန်းထဲကအော်သံများ**

'ကြောက်ပါပြီ၊ ငါ့ကို မရိုက်ပါနှင့်တော့ ...
ငါအမှန်အတိုင်း ဖွင့်ပြောပါတော့မယ် ...

**အိပ်မက်ပေးတဲ့ဝိညာဉ်**

သေဆုံးသွားတဲ့မောင်လေးရဲ့ဝိညာဉ်က အိပ်မက် ပေးတာလို့ပဲ ယုံကြည်တယ် ...

**ထောင်ပြေးကိုတားဆီးခဲ့တဲ့ဝိညာဉ်**

'စိန်ကြီးထောင်ဖောက်တဲ့အချိန်မှာ ထွက်မပြေး နိုင်အောင် ဝိညာဉ်က နှောင့်ယှက်ဟန့်တားလိုက်တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



## ဝိညာဉ်ဖော်တဲ့ လူသတ်မှု

"အဖေ ...

သားကို သူတို့ ရက်စက်ကြတယ် ...

ကိုတာက သားရဲ့ခေါင်းကို ဝါးရင်းတုတ်နဲ့ရိုက်ဘယ်။

ကိုသောင်းကြည်က ဗိုက်ကိုဓားမြှောင်နဲ့ထိုးတယ်။

သူတို့နှစ်ယောက်က သားကိုသတ်ပြီး သားရဲ့ငွေတွေ အားလုံး ယူသွားကြတယ်။

ပြီးတော့ သားရဲ့အလောင်းကို အင်းထဲမှာ မြှုပ်လိုက်ကြတယ်။

အင်းကြီးက အုတ်တွင်းအနောက်ဘက် တောင်ခြေမှာ ရှိတယ်အဖေ။

အင်းစပ်က မန်ကျည်းပင်ကြီးရဲ့အောက်မှာ သားရဲ့ အလောင်းရှိတယ်။

အဖေ အမြန်လိုက်ခဲ့ပါနော် ..."

အိပ်မက်ဆိုးကြောင့် ဦးမြတ်ထွန်း လန့်နိုးရပြန်ပြီ။

အိပ်မက်ထဲမှာ တွေ့ရတဲ့သားရဲ့မျက်နှာလေးက သနား စရာကောင်းအောင် ညှိုးငယ်နေတယ်။





နွားဝယ်ဖို့ သားကြီး အိမ်ကထွက်သွားတာ တစ်ပတ် ကျော်သွားပြီ ...။

လူလည်း ပြန်ရောက်မလာ၊ ဘာသတင်းစကားမှလည်း မကြားရလို့ ဦးမြတ်ထွန်း စိတ်ပူနေတာလည်း အမှန်ပဲ။

ဒီလိုစိတ်ပူပန်နေလို့များ အိပ်မက်ဆိုးမက်တာလား ...

သွေးလေချောက်ချားလို့ မက်တဲ့အိပ်မက်ဆိုးလား ...

ဘာဆိုတာတော့ ဦးမြတ်ထွန်း မခွဲခြားနိုင်ဘူး။

ဒါပေမယ့် ဒီအိပ်မက်က တစ်ခါတည်းမက်လိုက်တာ မဟုတ် ဘူး။

နှစ်ခါ သုံးခါရှိနေပြီ။

နှစ်ရက်သုံးရက် ဆက်တိုက်မက်နေတယ် ...

အတိတ်နိမိတ် မကောင်းဘူးဆိုတဲ့စိတ်ကြောင့် အိပ်မက်က ဦးမြတ်ထွန်းဦးနှောက်ထဲမှာ ဝဲလည်လည် ဖြစ်နေတယ်။

အာရုံအသိမှာ အချိန်တိုင်းပေါ်နေတယ် ...။

ဒါပေမယ့် သူမသိတာတွေချည်းဘဲ။

ကိုတာ၊ ကိုသောင်းကြည်ဆိုတဲ့ လူတွေကိုလည်း သူ မသိဘူး။

သူတို့ ကင်မွန်းကြီးရွာမှာလည်း ဒီနာမည်မျိုး မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့၊ အုတ်တွင်းအနောက်တောင်မြေမှာရှိတဲ့ အင်းကြီး၊ အဲဒီအရပ်ဖအေသာဖ ဘွကို ဦးမြတ်ထွန်း ဘယ်တုန်းကမှ မရောက်ဖူးဘူး။

အင်း ရှိတယ်ဆိုတာ ကြားတောင် မကြားဖူးဘူး။

ဘယ်လိုပဲဖြစ်ဖြစ်၊ အိပ်မက်က စင်းလွန်းတယ်။

ဒီအကြောင်းအရာတစ်ခုထဲကိုပဲ အထပ်ထပ်မက်နေတာ။

ဒီအဖြစ်အပျက်ကိုပဲ သားကြီးက ခဏခဏအိပ်မက်ထဲမှာ လာပြောနေတာ ...၊

စဉ်းစားရင်း စဉ်းစားရင်း ဦးမြတ်ထွန်းစိတ်တွေ မတည်မငြိမ် ဖြစ်လာတယ်။

"အမှန်တကယ် သားကြီး အသတ်ခံရတာများလား" ဆိုတဲ့အတွေးနဲ့ နလုံးကြေကွဲလာရတယ်။

ဘယ်လိုမှ မခံစားနိုင်တော့တဲ့အဆုံးမှာ ဦးမြတ်ထွန်း အုတ်တွင်းရဲစခန်းကို ရောက်သွားတယ်။

စခန်းမှူးနှင့်တွေ့ဆုံပြီး အိပ်မက်ကို ပြောပြလိုက်တယ်။

စခန်းမှူး ဦးခင်မောင်ရဲ့ ရဲလုပ်သက်အနှစ် နှစ်ဆယ်ကျော်မှာ ပထမဆုံး ကြုံရတဲ့အဖြစ်လို့ပဲ ပြောရမယ်။



သားဖြစ်သူ အသတ်ခံရတယ် အိပ်မက် မက်လို့ ရဲစခန်းလာပြီး အကြောင်းကြားတဲ့အဖြစ်အပျက်။ သူ့ပထမဆုံး ကြုံဖူးတာပါပဲ။

စခန်းမှူးဦးခင်မောင်က ကင်းမွန်းခြံရွာသား ဦးမြတ်ထွန်း ပြောပြတဲ့အကြောင်းအရာတွေကို စိတ်ဝင်တစား နားထောင်ပေးလိုက်တယ်။

ခြေခြေမြစ်မြစ်မရှိတဲ့၊ မနိုင်မာတဲ့ အိပ်မက်တစ်ခုပေမယ့် ရဲစခန်းကို အားကိုးတကြီး ရောက်လာသူအပေါ် သူ ဥပေက္ခာမပြုရက်ဘူး။

ဦးမြတ်ထွန်းရဲ့ မျက်နှာပေါ်က သားအတွက် ခံစားနေရတဲ့ သောကပူဆွေးမှုတွေကို သူတွေ့တယ်။

စိုးရိမ်မကင်းဖြစ်နေတဲ့ အပူတွေကို သူမြင်တယ်။

လောလောဆယ် လူသေ ့ လူသတ်မှုတွေနှင့် ဆောင်ရွက်ပေးလို့မရပေမယ့် လူပျောက်တိုင်တန်းမှုနှင့်တော့ အရေးယူဆောင်ရွက်လို့ရတယ်။

တာဝန်ဝတ္တရားအရလည်း ဆောင်ရွက်ပေးရမယ့်ကိစ္စ။

ပြဿနာက ဦးခင်မောင်အုတ်တွင်းရဲစခန်း ပြောင်းလာတာ ရက်ပိုင်းပဲ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နယ်မြေဒေသအကြောင်း ဘာမှ မသိသေးဘူး။

အိပ်မက်ထဲက 'အင်း'၊ အမှန်တကယ် ရှိ၊ မရှိ မသိသေးဘူး။

ဒါကြောင့် ရဲစခန်းရဲ့နားဆိုလည်းတုတ်၊ မျက်စိဆိုလည်း ဟုတ်တဲ့ ဆားပုလင်းတွေကို ခေါ်မေးရတယ်။

"ရိုးမတောင်ခြေရွာလေးအနီးမှာတော့ အင်းကြီးတစ်အင်း ရှိတယ်မိုလ်ကြီး၊

အုတ်တွင်းမြို့ရဲ့ အနောက်တောင်ထောင့်လောက်မှာပါ"

ဆားပုလင်းတွေဆီက သတင်းအချက်အလက် ရတာနဲ့ တပ်ဖွဲ့ဝင်အချို့ကို ခေါ်ဆောင်ပြီး ခရီးထွက်ခဲ့ကြတယ်။

တောင်ခြေရွာလေးရဲ့အရှေ့ဘက်က အင်းကြီးဆီကို ရောက်တဲ့အချိန်မှာ မွန်းလွဲစပြုနေပြီ။

ဒါပေမယ့် နေရဲ့အပူက တညီးညီး လောင်မြိုက်နေတုန်း။

စခန်းမှူးဦးခင်မောင်နှင့်အဖွဲ့ကတော့ နေဒဏ်ကို ဂရုမပြုနိုင်ကြဘူး။

ရွာလူကြီးတွေရဲ့ ကူညီမှုနှင့် အင်းပတ်လည်ကို ကြည့်ရှုစစ်ဆေးနေကြတယ်။





အပြန့်ကျယ်ဝန်းလှတဲ့ အင်းရဲ့ပတ်လည်မှာ မန်ကျည်းပင်တွေ အများအပြား ပေါက်ရောက်နေကြပေမယ့် ...

သက်တမ်းကြာရှည်လှတဲ့ မန်ကျည်းပင်ကြီးတစ်ပင်ကို ရေစပ်ရဲ့အတွင်းဘက် ဝါးတစ်ရိုက်လောက်အကွာမှာ တွေ့ရတယ်။

စခန်းမှူးဦးခင်မောင်က အသေခံ ရေငုပ်ကျွမ်းကျင်သူ ငါးရမ်းမြိုး မန်ကျည်းပင်ကြီးရဲ့အောက်ကို ရှာဖွေခိုင်းတယ်။

ဆယ်မိနစ်လောက်ပဲ ကြာလိုက်တယ်။

"ရေအောက်မှာ လူသေအလောင်းတွေ့တယ်"

ရေငုပ်သမားဆီက အော်သံကြားရပြီး အလောင်းဆယ်ယူလာတာ တွေ့လိုက်ရတယ်။

လူသတ်သမားက ကျောက်တုံးအချို့ကိုသုံးပြီး အလောင်းကို ရေအောက်မြှုပ်ခဲ့တာပါ။

အလောင်းရဲ့အခြေအနေက တော်တော်လေး ဆိုးနေပေမယ့် ...

ဝတ်ဆင်ထားတဲ့ အဝတ်အစားနဲ့ ခန္ဓာကိုယ်ပေါ်က အမှတ်အသားတွေကြောင့် သူ့ရဲ့သားကြီးဖြစ်ကြောင်း ဦးမြတ်ထွန်း ပြောပြနိုင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးဦးခင်မောင်တာ အိပ်မက်ရဲ့ထူးဆန်းမှုကို မအံ့ဩဘဲ မနေနိုင်ခဲ့ဘူး။

ပိုပြီး ဆန်းကြယ်တာက အလောင်းမှာ ရှိထားတဲ့ ဒဏ်ရာတွေပါ။

ဦးမြတ်ထွန်းရဲ့သားကြီး အိပ်မက်ထဲမှာလာပြီး ပြောတဲ့အတိုင်း တိတိကျကျ မှန်ကန်ခဲ့တယ်။

အလောင်းရဲ့ဦးခေါင်းမှာ တုံးသောလက်နက်နဲ့ ရိုက်တဲ့ ဒဏ်ရာဒဏ်ချက်တွေ တွေ့ရပြီး ဝမ်းဗိုက်မှာတော့ ချွန်ထက်မြတ်ရှတဲ့ လက်နက်နှင့် ရတဲ့ ထိုးသွင်းဒဏ်ရာ အချို့တွေ့ရခြင်း ပါပဲ။

အိပ်မက်ကပေးတဲ့ သတင်းအချက်အလက်အားလုံး ထူးထူးဆန်းဆန်း တိုက်ဆိုင်နေတာကြောင့် ...

စခန်းမှူးဦးခင်မောင်တာ အမှုကို ဖော်ထုတ်ရာမှာ အိပ်မက်ထဲက သတင်းအချက်အလက်တွေကိုပဲ ယုံယုံကြည်ကြည် အသုံးပြုခဲ့တယ်။

အဲဒီကြောင့်လည်း တောင်ခြေရွာမှာ နေထိုင်တဲ့ နွားလဲ သောင်းကြည်နှင့်တောတို့ကို သက်သေခံပစ္စည်းတွေနှင့်အတူ ဖော်ထုတ်နိုင်ခဲ့တယ်။



မှုခင်းဖြစ်စဉ်က ဒီလိုပါ။

ဦးမြတ်ထွန်းရဲ့သားကြီးတာ လယ်လုပ်ငန်းသုံး နွားတစ်ရှဉ်းဝယ်ယူဖို့ ကျွဲပွဲမြို့မှာ တစ်ပတ်တစ်ခါ ပြုလုပ်တဲ့ နွားပွဲဈေးကို သွားခဲ့ပါတယ်။

နွားပွဲဈေးမှာ သောင်းကြည်၊ တောတို့နှင့် ဆုံတယ်။

သောင်းကြည်တို့က နွားအရောင်းအဝယ်၊ အလဲအထပ် ပြုလုပ်နေတဲ့သူတွေ။

လုပ်ငန်းလုပ်တဲ့အခါမှာ လိမ်တတ်၊ လှည့်တတ်၊ ကောက်ကျစ်တတ်တယ်။

ကျွဲပွဲက နွားဈေးမှာ ကံဆိုးတဲ့ ဦးမြတ်ထွန်းရဲ့သားကြီးဟာ သောင်းကြည်တို့နှင့်ဆုံတယ်။

အကြံသမားသောင်းကြည်နှင့် တောဟာ ငွေတွေအများကြီးပါလာတဲ့ ဦးမြတ်ထွန်းရဲ့သားကြီးကို အယုံသွင်းလိုက်ကြတယ်။

ခိုင်းနွားကောင်းကောင်းသန့်သန့်၊ ဈေးသက်သက်သာသာနှင့် ရမယ်လို့ လိမ်ညာပြီး ဦးမြတ်ထွန်းရဲ့သားကြီးကို သူတို့နေတဲ့ တောင်ခြေရွာလေးထိ ခေါ်လာခဲ့ကြတယ်။

လူပြတ်တဲ့ ရွာရဲ့အရှေ့ဘက်က အင်းအရောက်မှာ ကြိုတင်စီစဉ်ထားတဲ့အတိုင်း သတ်ဖြတ်ပြီး ငွေတွေကို ယူလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို အင်းရေပြင်အောက်မှာ ကျောက်တုံးတွေဆွဲပြီး နှစ်မြုပ်လိုက်ကြတယ်။

သူတို့နှစ်ယောက်ဟာ ဦးမြတ်ထွန်းရဲ့သားဆီက ငွေတွေကို ရယူဖို့ သေသေချာချာ စီစဉ်ခဲ့တာပါ။

လူသတ်မှု ကျူးလွန်ရာမှာလည်း ပိပိရိရိ ကျူးလွန်နိုင်ခဲ့ကြတယ်။

ဒါကြောင့် ဘယ်လိုအကြောင်းနှင့်မှ လူသတ်မှုမပေါ်နိုင်ဘူးလို့ တစ်ထစ်ချ ခွဲမှတ်ခဲ့ကြတယ်။

ဒါပေမယ့် မကောင်းမှုဆိုတာ စိတ်ကွယ်ရာမရှိဆိုတဲ့ စကားအတိုင်း

ဘယ်သူမှမသိအောင် ပိပိရိရိ ကျူးလွန်ခဲ့တဲ့ လူသတ်မှုဟာ ဝိညာဉ်ရဲ့အိပ်မက်ပေးမှုကြောင့် တရားဥပဒေရှေ့မှောက် ရောက်ခဲ့ရပါတယ်။

စခန်းမှူးဦးခင်မောင်ဟာ ရဲတပ်ဖွဲ့က အငြိမ်းစားယူပြီး ကညွတ်ကွင်းမြို့မှာ အခြေချနေထိုင်ခဲ့ပါတယ်။

အဲဒီအချိန်မှာ စာရေးသူနှင့် တွေ့ဆုံခဲ့ပြီး ဒီအကြောင်းကို ပြောပြခဲ့ခြင်းဖြစ်ပါတယ်။



“သေဆုံးသူရဲ့ ဝိညာဉ်က အိပ်မက်ပေးလို့ သေသေချာချာ အကွက်ချ ကျူးလွန်ခဲ့တဲ့ လူသတ်မှုတစ်မှုကို ဖော်ထုတ်နိုင်ခဲ့တယ် ...။

ဒီဖြစ်စဉ်က ရဲလုပ်သက် သုံးဆယ်ကျော်မှာ တစ်ကြိမ်မဲ့ကြုံခဲ့ရတဲ့ ထူးခြားဆန်းကြယ်တဲ့ ဖြစ်စဉ်တစ်ခုပါ”လို့လည်း စခန်းမှူးဦးခင်မောင်က စာရေးသူကို ပြောပြခဲ့ပါတယ်။

## အချုပ်ခန်းထဲက အော်သံကြီး

ထူးဆန်းတဲ့ ဒီအဖြစ်အပျက်က စာရေးသူရဲ့တပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်စဉ်က ကြုံခဲ့ရတဲ့ အဖြစ်အပျက်ပါ။

အဲဒီအချိန်တုန်းက စာရေးသူဟာ ပဲခူးတိုင်း၊ ပြူးမြို့နယ်၊ ကညွတ်ကွင်းတိုက်နယ်မြို့ ရဲစခန်းလေးမှာ တာဝန်ကျနေပါတယ်။

မှတ်မှတ်ရရ၊ မိုးဥတုရဲ့နေ့တစ်နေ့မှာ ကညွတ်ကွင်းရဲစခန်းကို ဖျာလိပ်နှင့်ထမ်းလာတဲ့ အလောင်းတစ်လောင်းရောက်လာပါတယ်။

ကညွတ်ကွင်းအရှေ့ဘက် ခုနစ်မိုင်လောက်အကွာက ရွာကြီးတစ်ရွာမှာ လူသတ်မှုတစ်မှုဖြစ်ပွားလို့ အလောင်းကိုလာပို့ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးကိုယ်တိုင် အလောင်းကဒေါ်ချာမသာချက်တွေကို သေသေချာချာ စစ်ဆေးတယ်။

စစ်ဆေးပြီးတော့မှ ရဲဆေးစာနှင့် တိုက်နယ်ဆေးရုံကို ပို့လိုက်ပါတယ်။

လူသတ်မှုဆိုတာက အမှုကြီးဆယ်မျိုးမှာ ထိပ်ဆုံးက နေရာယူထားတဲ့အမှုပါ။

လူသတ်မှုဖြစ်ပြီဆိုတာနှင့် စခန်းမှူးရော၊ နယ်ထိန်းတွေရော၊ အခြားတပ်ဖွဲ့ဝင်တွေရော အားလုံးအလုပ်ရှုပ်ကြပါတော့တယ်။

တရားခံပေါ်လို့ ဖမ်းမိလို့ဆိုရင် ပြဿနာမရှိပေမယ့် အမှုက မပေါ်၊ တရားခံက မမိဆိုရင်တော့ ကောင်းကောင်းကျွေး၊ ကောင်းကောင်းပေးတာတောင် အဆူအငေါက်ကောင်းကောင်းခံကြရပါတယ်။

ဒါကြောင့်လည်း စခန်းမှူးဦးကျော်စိုးတာ လူသတ်မှုသတင်းကို အထက်အဆင့်ဆင့်ဆီ ချက်ချင်းတင်ပြလိုက်တယ်။

ပြီးတာနှင့် အချင်းဖြစ်အရပ်ကို ထွက်လာခဲ့တယ်။

အချင်းဖြစ်အရပ် ကြည့်ရှုစစ်ဆေးရင်း၊ လူသတ်မှုနှင့် ပတ်သက်တဲ့သတင်းတွေ ရှာဖွေစုဆောင်းရင်းနှင့် ဦးကျော်စိုးတို့အဖွဲ့ဟာ မသင်္ကာတရားခံတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့တယ်။





မသင်္ကာတရားခံဆိုပေမယ့် လူသတ်သမားဖြစ်ဖို့တော့ ရုနှစ်ဆယ့်ငါး ရာခိုင်နှုန်းလောက်သေချာတယ်။

အခင်းမဖြစ်မီ အချိန်အနည်းငယ်အလိုလောက်မှာ မသင်္ကာတရားခံဆိုသူတာ သေသူနှင့်အတူ ရှိနေခဲ့တယ်။

အတူရှိနေတဲ့နေရာကလည်း အလောင်းတွေ့တဲ့နေရာနှင့် မလှမ်းမကမ်းမှာ ...၊

ကိုယ်တိုင်မြင်တွေ့လိုက်သူတစ်ဦးက ရဲဆီ သတင်းပေးတယ်။

အဲဒီသတင်းကြောင့် မသင်္ကာတရားခံကို ဖမ်းလာခဲ့တာ။

စခန်းမှူးဦးကျော်စိုးဟာ အမှုစစ်အဖွဲ့ငယ်လေးတွေဖွဲ့ပြီး သင်္ကာတရားခံကိုစစ်တယ် ...၊

တရားခံကို အနားမပေးဘဲ အမှုစစ်အဖွဲ့တွေက တစ်ဖွဲ့ပြီး တစ်ဖွဲ့ ဝင်စစ်တဲ့ ဘရိုက်ခေါင်းစစ်နည်း၊ ပရိယာယ်သုံးစစ်မေးနည်းနှင့် စိတ်ဓာတ်စစ်ဆင်နည်းတွေပါသုံးပြီး မေးတယ်။

ဘယ်လိုမေးမေး မသင်္ကာတရားခံကတော့ "မသိဘူး" "မသတ်ဘူး"လို့ပဲ တွင်တွင်ငြင်းနေတယ်။

ခေါင်းမာလှတဲ့တရားခံကြောင့် ဦးကျော်စိုးစိတ်ထဲမှာတောင် ဝေဝေဝါ ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ဖမ်းထားတဲ့ တရားခံတာ အမှန်တကယ် ကျူးလွန်တဲ့ လူသတ်သမားမှ ဟုတ်ပါလေစ”လို့လည်း ဒွိဟအတွေးတွေ ဝင်လာတယ်။

ဒီလိုနှင့်သုံးရက်မြောက်တဲ့နေ့မှာ အမှုစစ်မေးတာကို ရပ်ဆိုင်းလိုက်တယ်။

ပြစ်မှုကျူးလွန်တဲ့သူဖြစ်နေရင် မထိုက် မနစ်နာစေချင်တဲ့ ဆန္ဒဦးကျော်စိုးမှာ ရှိနေလို့ပါ။

ပြီးတော့၊ လူသတ်သမားသာဖြစ်ရင် ခုလောက်ဆို ဖွင့်ပြောဝန်ခံလောက်ပြီ။

လူသတ်သမားမဟုတ်လို့သာ ဝန်မခံတာဖြစ်မယ်လို့ တွေးမိတာကြောင့်လည်း စစ်မေးခြင်းကို ရပ်လိုက်တာပါ။

ဒါပေမယ့်၊ အဲဒီ သုံးရက်မြောက်တဲ့ ညမှာပဲ၊ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တစ်ခုကို စာရေးသူအပါအဝင် ရဲစခန်း ဖွဲ့ဝင်အားလုံး ကြုံတွေ့လိုက်ကြရပါတယ်။

အဲဒီညက စာရေးသူ တာဝန်ကျတဲ့ညပါ။ ဆယ့်တစ်နာရီကျော်လောက်မှာ ရဲစခန်းတစ်ခုလုံး တိတ်ဆိတ်နေတယ်။

အလှည့်ကျကင်းသမားရဲ့ နာရီမောင်းခေါက်သံကသာ မှောင်မဲတိတ်ဆိတ်နေတဲ့ ညကို ဆယ့်ငါးမိနစ်တစ်ကြိမ် ဖြိုခွဲနေတယ်။





ရုတ်တရက် မိုးကြီးသည်းသည်းထန်ထန် ရွာချလိုက်တယ်။

ဝင်းခနဲ လက်ခနဲ လင်းထိန်သွားတဲ့ လျှပ်စီးကြောင်းကြီးနှင့် မရှေးမနှောင်းမှာ ကြောက်စရာ မိုးခြိမ်းသံကြီးတွေက မြေကြီးတုန်အောင် မြည်ဟိန်းလာတယ် ...

တဖျန်းဖျန်း လျှပ်စီးပြက်သံတွေ၊ တဂျိမ်းဂျိမ်း မိုးကြိုးပစ်သံတွေနှင့် ညက အသည်းတုန်စရာ ကောင်းနေတယ်။

အဲဒီအချိန်မှာပဲ အချုပ်ခန်းထဲက အော်သံကြီး ထွက်ပေါ်လာခဲ့ပါတယ်။

ထိတ်လန့်တကြား အော်သံကြီးက အသံနက်ကြီးနှင့် မိုးသံကိုတောင် ဖုံးလွှမ်းသွားတယ် ထင်ရတယ်။

တာဝန်ကျတဲ့ စာရေးသူရော ကင်းတစ်ဖွဲ့လုံးပါ လန့်နိုးသွားကြတယ်။

အသံကြားရာ အချုပ်ခန်းကို ပြေးကြည့်လိုက်တော့ မယုံနိုင်စရာ ထူးခြားတဲ့မြင်ကွင်းက စာရေးသူတို့အားလုံးကို အံ့အားသင့်သွားစေခဲ့ပါတယ်။

အချုပ်ခန်းခေါင်မိုးအလယ်တည့်တည့်မှာ ထွန်းထားတဲ့ မီးလုံးရဲ့ အလင်းရောင်ကြောင့် အချုပ်ခန်းတစ်ခုလုံးကို ထင်ထင်ရှားရှား မြင်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းကြမ်းပြင်မှာ လူသတ်မှု မသက်ာတရားခံဟာ ခြေကားယား လက်ကားယား လဲကျနေတယ်။

သူ့လက်တွေက တစ်စုံတစ်ယောက်ရဲ့ ရိုက်နှက်တာကို ကာကွယ်နေတဲ့ပုံမျိုး လှုပ်ရှားနေတယ်။

"ကြောက်ပါပြီ၊ ငါ့ကို မရိုက်ပါနဲ့တော့ ...

ငါ့အမှန်အတိုင်း ဖွင့်ပြောပါတော့မယ် ..."လို့လည်း အဆက်မပြတ် အော်ဟစ်နေတယ် ...၊

မမြင်ရတဲ့ တစ်စုံတစ်ယောက်ရဲ့ ရိုက်နှက်၊ ကန်ကျောက်တာ ခံနေရသလို သူ့ခန္ဓာကိုယ်က လိမ့်နေတယ်။

ထူးခြားတဲ့ဖြစ်ရပ်ကြောင့် စာရေးသူလည်း မှင်တက်မိနေမိ သလို အံ့ဩစွာနှင့်ပဲ ကြည့်နေမိပါတယ်။

ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်ကြာမှ မသက်ာတရားခံ ဟာ စာရေးသူတို့ကို သတိပြုမိသွားတယ်။

စာရေးသူဆီကို ထပြေးလာတယ်။

"ကျွန်တော့်ကို တစ်နေရာ ရွှေ့ပေးပါဆရာ။

ဒီအခန်းထဲမှာ ကျွန်တော်မနေရဲတော့ဘူး။

ကျွန်တော့်ကို လှထွန်းသတ်တော့မယ်"

လှထွန်းဆိုတာ အသတ်ခံရတဲ့သူရဲ နာမည်ပါ။





မသင်္ကာတရားခံ အရမ်းကြောက်ရှံ့တုန်လှုပ်နေတာကို ကြည့်ပြီး စာရေးသူသဘောပေါက်လိုက်တယ်။

"မင်း၊ အမှန်အတိုင်း ဖွင့်မပြောလို့ လှထွန်းလိုက်လာတာ ဖြစ်မယ်"လို့လည်း ခြောက်လှန့်လိုက်တယ်။

"ဟုတ်တယ် ဆရာ ...

ကျွန်တော်အမှန်အတိုင်း ဝန်မခံလို့တဲ့၊ လှထွန်းဒေါသထွက် နေတယ်။

ကျွန်တော့်ကိုလည်း တုတ်နှင့်ရိုက်တယ်။ ခြေထောက် နှင့်လည်း ကန်တယ်။

ဝန်မခံရင် ကျွန်တော့်ကို အသေသတ်မယ်လို့လည်း ကြိမ်း မောင်းနေတယ်။

ကျွန်တော် အမှန်အတိုင်း ပြောပါတော့မယ်၊

ကျွန်တော့်ကို ဒီအခန်းထဲက ထုတ်ပေးပါဆရာ ..."

စာရေးသူ စခန်းမှူးဦးကျော်စိုးကို ချက်ချင်းသွားနှိုးပြီး အဖြစ်အပျက်အစုံအလင် တင်ပြလိုက်တယ်။

မသင်္ကာတရားခံဟာ လူသတ်မှုဖြစ်စဉ်ကို ညတွင်းချင်း ဝန်ခံခဲ့ပါတယ်။

သေသူလှထွန်းဆီကနေ ရယူထားတဲ့ ငွေအနည်းငယ်သာ



www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့ လွယ်အိတ်မြှုပ်နှံ ဝှက်သိမ်းထားတဲ့နေရာကိုလည်း ဖွင့်ပြော ခဲ့ပါတယ်။

မေးမြန်းစစ်ဆေးပြီးချိန်မှာ မိုးစင်စင်လင်းသွားပြီ ...၊

စခန်းမှူးဦးကျော်မိုးနှင့်အဖွဲ့တော့ အချုပ်ဖြစ်ရှာကို သက်သေ တွေနှင့်အတူသွားပြီး သက်သေခံပစ္စည်းတွေ သိမ်းဆည်းနိုင်ခဲ့ပါတယ်။

တရားခံကလည်း ဖြူးမြို့နယ်၊ တရားရုံးမှာ ဝန်ခံပြောင်ချက် ပေးခဲ့ပါတယ်။

မသက်ာတရားခံဟာ စိတ်ဓာတ်တော်တော် ကြံ့ခိုင်သူလို့ ဆိုရလောက်အောင် ခေါင်းမာသူဖြစ်ပါတယ်။

ဖြစ်မှုကျူးလွန်သူ အများစုဟာ ရဲတပ်ဖွဲ့ရဲ့ စိတ်ဓာတ် စစ်ဆင်ရေးနှင့် ဘရိုက်ဖေါင်းစစ်မေးမှုအောက်မှာ လက်မြှောက်သွား ရတာချည်းပါ။

ဒီလူသတ်တရားခံကတော့ ရဲတွေကို ဇဝေဇဝါဖြစ်သွား ရအောင် ယုံမှားသံသယကြီးထွားအောင်ထိ ကြံ့ကြံ့ခိုင်ခိုင် ငြင်းကွယ် နိုင်ခဲ့ပါတယ် ...၊

အဲပေမယ့် သူဘယ်လိုပဲ ငြင်းခဲ့၊ ငြင်းခဲ့၊

နောက်ဆုံးအချိန်မှာတော့ "ရာဇဝတ်ဘေး ပြေးမလွတ်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း၊

မိုက်ဆွဲစာပေ



"မကောင်းမှုဆိုတာ စိတ်ကွယ်ရာမရှိ" ဆိုတဲ့စကားရပ် အတိုင်း၊

ဥပဒေရဲ့တရားခွင်မှာ လည်စင်းပေးခဲ့ရပါတယ်။

ထူးခြားတာက

လူသတ်သမားကို တရားခွင်ရောက်အောင် ပို့ဆောင်ပေးနိုင် ခဲ့တာက ...

စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်တွေမဟုတ်ဘဲ ...

အသတ်ခံလိုက်ရတဲ့ လူတစ်ယောက်ရဲ့ ဝိညာဉ်တစ်ခု ဖြစ်နေခြင်းကိုတော့ ...

စာရေးသူဘယ်တော့မှ မေ့ပျောက်နိုင်မှာ မဟုတ်တော့ ပါဘူး။

## ဆိပ်မက်ပေးတဲ့ဝိညာဉ်

ဝိညာဉ်လို့အရပ်ထဲမှာ ပြောကြတဲ့အရာကို အများစုက ထမ်းသဘာဝသက်သက် အရာတစ်ခုလို့ ထင်နေကြပါတယ်။

အဲဒီ ထင်မြင်ချက်ကို မှားယွင်းတယ်လို့ စာရေးသူ ထင်မိ ပါတယ်။

ဘာကြောင့်လည်းဆိုတော့ ဗုဒ္ဓဘာသာတရားတော်အရ၊

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သေဆုံးပြီဆိုတာနဲ့ အဲဒီလူဟာ ကုသိုလ် ကောင်းမှုတွေ ဘယ်လိုပဲ ပြုလုပ်ထား၊ ပြုလုပ်ထား။

သေခါနီးအာရုံဖြစ်တဲ့ အာသန္နကံဇောမှာ ပစ္စည်းဥစ္စာ အစွဲ ဇနီးမယား၊ သမီးသားသံယောဇဉ်အစွဲတွေစွဲပြီး ဘဝကူးပြောင်း သွားရင် အချိန်ကြားကာလမရှိဘဲ ချက်ချင်းလက်ငင်း ပြိတ္တာဘဝ သေချာပေါက် ရောက်ရမှာဖြစ်ပါတယ်။

အဲဒီ ပြိတ္တာဟာ သူစွဲခဲ့တဲ့ အစွဲတွေနှင့် စွဲလန်းတဲ့ပတ်ဝန်း ကျင်မှာပဲ လာရောက်နေထိုင်လေ့ ရှိကြပါတယ်။

ဒီလို နေထိုင်ရင်းကနေ အကြောင်းတိုက်ဆိုင်သူကို ကိုယ ထင်ပြတာ၊ အနံ့ပေးတာ၊ သတိပေးတာတွေ ပြုလုပ်တတ် ပါတယ်။

အဲဒါကိုပဲ သရဲခြောက်တယ်၊ သဆ္ဆေခြောက်တယ်လို့ လူ ပြောကြခြင်းပါ။

တစ္ဆေသရဲအကြောင်း၊ ဝိညာဉ်အကြောင်း ပြောကြတဲ့အ အိပ်မက်ပေးခြင်းဆိုတဲ့ အကြောင်းအချက်ကိုလည်း ချန်ထားခဲ့ မဖြစ်ပါဘူး။

စာရေးသူကိုယ်တိုင် မကြုံဘူးပေမယ့် ယုံကြည်ရလော သူတစ်ချို့ရဲ့ ကိုယ်တွေ့အိပ်မက်အကြောင်းတွေကလည်း ထူး



ခြားခြား တိုက်ဆိုင်မှုရှိတာကို အံ့အားသင့်လောက်အောင် တွေ့ရှိ ရပါတယ် ...။

ယခုတင်ပြမယ့် အဖြစ်အပျက်ကလည်း သေသူကိုယ်တိုင် အိပ်မက်လာပေးလို့ ရှာဖွေမှ အလောင်းကို တွေ့ရတဲ့အဖြစ်အပျက် တစ်ခုပါ။

စာရေးသူ မှတ်မိနေပါသေးတယ်။

၂၀၀၅ ခုနှစ်ရဲ့ မေလ ဒုတိယပတ်၊ မာလာမှန်တိုင်းကြီး ပြီးသက်စ ရက်တစ်ရက်မှာပါ ...၊

အဲဒီအချိန်မှာ စာရေးသူဟာ ဝန်ထမ်းဘဝက ပင်စင် ယူခဲ့ပြီးပါပြီ။

ရန်ကုန်၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န)ရပ်ကွက်မှာ သားနှစ်ယောက်နှင့်အတူ လာရောက်နေထိုင်ချိန်ပါ။

တစ်ည၊ ည ကိုးနာရီခန့်မှာ စက်ဘီးခုနစ်စီး၊ ရှစ်စီးနှင့် လူဆယ့်ငါးယောက်လောက် စာရေးသူတို့ အိမ်ရှေ့ကွန်ကရစ် လမ်းမကြီးပေါ်ကနေ ဖြတ်သွားပါတယ်။

စက်ဘီးတွေများ၊ လူတွေများတာမို့ ဂရုထားကြည့်နေ မိပါတယ်။

www.burmeseclassic.com



အဲဒီ စက်ဘီးအုပ်စုဟာ စာရေးသူတို့အိမ်နှင့် တစ်ခြံကျော်က ကိုကျော်၊ မတင်တို့နေတဲ့အိမ်ရှေ့မှာ ရပ်သွားပါတယ်။

စကားပြောသံအချို့ကို မသဲမကွဲ ကြားနေရပြီး နာရီဝက်လောက်ကြာမှ စက်ဘီးအုပ်စု လာလမ်းအတိုင်း ပြန်သွားတာ တွေ့ရပါတယ်။

နောက်တစ်နေ့နံနက်မှာ မေးမြန်းကြည့်တော့ အကြောင်းစုံ သိရပါတယ်။

မတင်ရဲ့မောင်အရင်းက သာဓုကန်စက်မှုရုံ(၃)မှာ လုံခြုံရေးဝန်ထမ်းလုပ်နေပါတယ်။

အဲဒီနေ့မနက်က မိတ်ဆွေတစ်ယောက်ရဲ့ စက်ဘီးကို ငှားပြီး အစ်မဖြစ်သူမတင်ဆီလာလည်တယ်။

သူက ယမကာသမား၊ ဟော့ရမ်းသူ၊ ပြဿနာရှာတတ်သူ မဟုတ်ပေမဲ့ အရက်ကို မူးအောင်၊ လဲအောင်၊ ပေပေတေတေ သောက်တတ်တဲ့သူ၊

အဲဒီနေ့ကလည်း ညနေပြန်တော့ စက်ဘီးမစီးနိုင်တော့ဘူး။ မူးပြဲနေပြီ။

စက်ဘီးကို အစ်မဖြစ်သူရဲ့ ယောက်မအိမ်အပ်ထားခဲ့ပြီး ယိုင်ထိုးယိုင်ထိုး သိုင်းကွက်နင်း ပြန်သွားရတယ်။



စက်ဘီးပိုင်ရှင်က သူ့ဘီးပြန်မလာတဲ့အတွက် စိတ်ဆိုးပြီး မေးတယ်။

မေးရင်းနှင့်စကားများတယ်။ နောက်၊ ထိုးကြ၊ ကြိတ်ကြတဲ့အထိ ဖြစ်တယ်။

အဲဒီတော့မှ စက်ဘီးအပ်ထားခဲ့တာသိပြီး လာယူကြတာ။

စာရေးသူတွေ့လိုက်တဲ့စက်ဘီးတွေနှင့် လူအုပ်စုက စက်ဘီးလာယူကြတဲ့အဖွဲ့ပါ ...၊

ဒီလိုဖြစ်ပြီးနောက်ရက်မှာ စာရေးသူဟာ မိသားစုတစ်ဝက်ကျန်နေတဲ့ ကညွတ်ကွင်းကို ခေတ္တပြန်သွားခဲ့တယ်။

နှစ်ပတ်လောက်နေပြီး ရန်ကုန်ပြန်ရောက်တော့ စိတ်မကောင်းစရာ သတင်းကို ကြားလိုက်ရပါတယ်။

မတင်ရဲ့မောင်လေး ဆုံးသွားပြီဆိုတာ သိလိုက်ရတယ်။

မတင်ရဲ့ပြောပြမှုကြောင့် အကျိုးအကြောင်းအစုံကို သိရပါတယ်။

စက်ဘီးပြန်ယူသွားပြီး ရက်အနည်းငယ်အကြာမှာ မတင်ရဲ့မောင်လေးသူ့အစ်မအိမ် ထပ်ရောက်လာတယ်။

ရောက်လာတဲ့အချိန်က ညဆယ့်တစ်နာရီလောက် ရှိနေပြီ။ သူ့အသွင်က ထိတ်ထိတ်လန့်လန့်နှင့် မျက်လုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြူးကြောင်ပြီး တစ်စုံတစ်ခုကို အရမ်းကြောက်ရွံ့နေတဲ့ပုံမျိုး။

နားထင်မှာလည်း သွေးစီးကြောင်းတစ်ခု တွေ့ရတယ်။

မတင် သူ့မောင်အတွက် စိုးရိမ်သွားတယ်။

"ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လာတာလဲ ..."လို့ အမေ တကော မေးတယ်။

"သူတို့လေးယောက် ငါ့ကို ဝိုင်းရိုက်ကြတယ်၊

ငါကြောက်တယ်၊ ငါကြောက်တယ် ..."

မတင်ရဲ့မောင်ဟာ မှုမှုန်တဲ့အသံတွေနှင့် ပြောပြီး မြေ ထွက်သွားတယ်။

မတင် သူ့မောင်အတွက် စိုးရိမ်သောကတွေဖြစ်ပြီး ကျန်ရ ခဲ့တယ် ...။

မတင်တစ်ယောက် သူ့မောင်လေး ပြန်လာမလားလို့ စောင့်ရင်း၊ မျှော်ရင်း ဆယ်ရက်လောက် ကြာသွားတယ်။

အဲဒီညမှာ မတင် အိပ်မက်တစ်ခု မက်တယ်။

အိပ်မက်ထဲမှာ သူ့မောင်လေးလို့ ထင်ရတဲ့ အရိပ်တစ်ခုက သူ့ကို တောထဲခေါ်သွားတယ်။

တောထဲတစ်နေရာမှာ ချိုင့်ကျင်းတစ်ခုကို တွေ့တယ်။

အရိပ်က ချိုင့်ကျင်းထဲကိုကြည့်ဖို့ ညွှန်ပြတယ်။



မတင်ချိုင့်ထဲကို ကြည့်လိုက်တယ်။

လူ့အရိုးစုတစ်ခု၊

မတင်ကြက်သီးမွေးညင်းတွေ ထသွားတယ်။

လန့်ပြီး အော်လိုက်တယ်။

အော်လိုက်တဲ့အချိန်မှာပဲ မတင်အိပ်ရာက လန့်နိုးလာတယ်။

အိပ်မက်ဆိုးကြောင့် သူ့တစ်ကိုယ်လုံး တုန်ယင်နေတယ်။

ချွေးတွေကလည်း တစ်ကိုယ်လုံး ရွှဲနစ်လို့ ...။

မနက်လင်းတော့ မတင်ဟာ အသိတစ်ယောက်ကို အကူ အညီတောင်းပြီး မောင်လေးကို သွားကြည့်ဖို့ လွှတ်လိုက်တယ်။

လွှတ်ပြီးတာနဲ့ ဘုရားပန်းလဲ၊ ဆောက်တော်ရေလှူ၊ ဆွမ်း တော်ကပ်ရင်း မောင်လေးတစ်ယောက် ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းတယ်။

အိပ်တွင်းကို ယပ်ခတ်ပြီး မောင်လေးအပေါ် ကျရောက်မယ့် ဘေးဆိုးအန္တရာယ်ဆိုးတွေကို ဖယ်ရှားပေးဖို့ တောင်းပန်တယ်။

ဒါပေမယ့် မတင်ရဲ့တောင်းဆုတွေ မပြည့်ဝခဲ့ပါဘူး။

သွားကြည့်သူ ပြန်လာတဲ့အချိန်မှာ သတင်းဆိုးက ပါလာ တယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးဖြစ်သူကို မတွေ့လို့ ပတ်ဝန်းကျင်တို လိုက်လံ ရှာဖွေခဲ့တယ်။

အပုပ်နံ့ရလို့ သွားကြည့်ရင်း ကွန်ကရစ်ရေမြောင်းထဲမှာ သေဆုံးနေတာ တွေ့ရကြောင်း၊

ပိုးလောက်လန်းတွေ စားထားတဲ့အတွက် အရိုးစုသာသာပဲ ကျန်တော့တဲ့အကြောင်းနှင့်၊

ဝတ်ဆင်ထားတဲ့အင်္ကျီလုံချည်ကြောင့် မတင်ရဲ့မောင်လေး သေချာကြောင်းတွေ ပြောပြတယ် …၊

မတင်အလောင်းတွေ့တဲ့နေရာကို ချက်ချင်းလိုက်သွား ကြည့်တယ်။

သူ့မောင်လေးဖြစ်နေတာ တွေ့ရတဲ့အတွက် သက်ဆိုင်ရာကို အကြောင်းကြား တိုင်တန်းလိုက်တယ်။

မတင်က အဖြစ်အပျက်အကြောင်းစုံ စာရေးသူကို ပြောပြ ခဲ့တယ်။

ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ သူမရဲ့မောင်လေးက

ဒီမှာတွေ့ …

ဘဝသစ်တို ကူးပြောင်းသွားပြီဖြစ်တဲ့ မောင်လေးရဲ့ဝိညာဉ်က မြေကျင်းချိုင့်ထဲက လူ့အရိုးစုကို ပြသခဲ့သလို၊



အမှန်တကယ် တွေ့လိုက်ရတဲ့ မောင်လေးရဲ့အလောင်း တလည်း အရိုးစုဘဝကို ရောက်နေတယ်။

ဒါဟာ မတော်တဆ တိုက်ဆိုင်မှုတစ်ခုလား၊

ဝိညာဉ်က ပြောပြခြင်းလားဆိုတာ မတင် မခွဲခြားနိုင်ဘူး။

ဒါပေမယ့်၊

မတင်ကတော့ သေဆုံးသွားတဲ့ သူမရဲ့မောင်လေးဟာ ဝိညာဉ်ဘဝနှင့် သူမကို အိပ်မက်လာပေးတာလို့ ခုချိန်ထိ ယုံယုံ ကြည်ကြည် ပြောပြနေတုန်းပါပဲ။

## ထောင်ပြေးကို ဖားဆီးခဲ့တဲ့ဝိညာဉ်

ဒီအဖြစ်အပျက်ကို ကိုယ်တိုင်ကိုယ်ကျ သိမြင်တွေ့ရှိသူက ကော့သောင်းမြို့ ဖရဲခံနှန်းက ရဲတပ်ကြပ်ကြီး စရေဦးမောင်မောင်ပါ။

၂၀၀၄-ခုနှစ်၊ အောက်တိုဘာလထဲမှာ နယ်စပ်ဒေသ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးမှုခင်းဖြစ်ပွားမှုအခြေအနေတွေကို လေ့လာရေးသားဖို့ စာရေးသူ ကော့သောင်းမြို့ကို ရောက်ရှိ ခဲ့ပါတယ်။

ကော့သောင်းရဲစခန်းအရောက်မှာ ဦးမောင်မောင်နှင့်တွေ့ ဆုံပြီး ဒီအဖြစ်အပျက်ကို ကြားသိခဲ့ရခြင်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခင်းဖြစ်ပွားမှုရဲ့ ဇာတ်ကောင်က မြိတ်၊ ကော့သောင်း တစ်ခွင်မှာ နာမည်ကြီးတဲ့ လူသတ်၊ ဓားပြ၊ ထောင်ဖောက်၊ ရဲဘက်ပြေး လူဆိုးလူမိုက်စိန်ကြီးပါ။

လူသတ်ဓားပြမှုတွေနှင့် တိမ်းရှောင်ထွက်ပြေးလို့ အလို ရှိနေတဲ့ ဝရမ်းပြေးစိန်ကြီးကို ကံအားလျော်စွာ မြိတ်ခရိုင်အတွင်းက ဖမ်းဆီးရမိခဲ့ပါတယ်။

သူ့ကို မြိတ်အကျဉ်းထောင်မှာ ထည့်ထားတုန်း တစ်ခါ ထောင်ဖောက်ထွက်ပြေးပြန်တယ်။

လူမိုက်စိန်ကြီးကို ကော့သောင်းရဲတပ်ဖွဲ့က ဖမ်းဆီးရမိပြီး ရဲအချုပ်ထောင်မှာ ထည့်ထားတာပါ။

သွေးဆာနေတဲ့ စိန်ကြီးဟာ အချုပ်ထောင်မှာ အကျဉ်းသား တစ်ဦးကို ရိုက်သတ်လိုက်ပြန်တယ်။

အမှုကြီးတွေချည်း တောက်လျှောက်ကျူးလွန်ခဲ့ပြီး ထောင်ထဲက ထွက်ရကိန်း မရှိတော့တဲ့ စိန်ကြီးတစ်ယောက် ကော့သောင်း ရဲအချုပ်ထောင်ကိုဖောက်ပြီး ထွက်ပြေးဖို့ ကြံစည်ပြန်တယ်။

ပြင်ပအဆက်အသွယ်တွေကနေ အချုပ်ထောင်ထဲကို သံဖြတ်လွှတစ်ချောင်းနှင့် သေနတ်အတိုတစ်လက်ရအောင် မှောင်ခိုသွင်း နိုင်ခဲ့တယ်။





အခြေအနေပေးတဲ့ညတစ်ညမှာ သူက သံတိုင်အချို့ကို ဖြတ်တောက်ပြီး အချုပ်ဆောင်ရဲ့ အပြင်ဘက် ထွက်လာခဲ့တယ်။

ကြိုတင်စီစဉ်ထားကြတဲ့အတိုင်း အခြားအဆောင်ကအဖော် တွေ ထွက်နိုင်ဖို့ သံဖြတ်လွှကို ပေးလိုက်တယ်။

အဖော်က သံတိုင်တွေကို မဖြတ်ဘဲ အချုပ်ဆောင် တံခါး သော့ခလောက်ရဲ့ လက်နှိပ်ကွင်းကို ဖြတ်တယ်။

အပေါင်းအသင်းတွေ သံဖြတ်လွှနှင့်သော့ခလောက်ကို တိုက်ဖြတ်နေတုန်း သူက လုံခြုံရေးကင်းအဖွဲ့တွေရှိတဲ့ အဆောင်ကို တိတ်တဆိတ် ချဉ်းကပ်ခဲ့တယ်။

လုံခြုံရေးအဆောင်ကို ကျော်နိုင်ရင် သူတို့အဖွဲ့ အချုပ် ထောင်ရဲ့အပြင်ဘက်ကို ရောက်ပြီ၊

စိန်ကြီးလက်ထဲမှာ ကျည်အပြည့်နှင့် သေနတ်တစ်လက် ရှိနေတယ်။

သူတို့ရှေ့မှာ ကာဆီးပိတ်ဆို့နေတဲ့ အရာရာကို ဒီသေနတ် နှင့် ရှင်းလင်းဖြတ်ကျော်ဖို့ မိုက်မိုက်ကန်းကန်း စဉ်းစားထားပြီးသား။

သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ကောက်ကျစ် တဲ့ ကျားဆိုးတစ်ကောင်ကို သူလှုပ်ရှားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ မမျှော်လင့်တဲ့အရာတစ်ခုကို သူကြုံတွေ့လိုက်တယ်။

ဘွားခနဲပေါ်လာပြီး သူ့ရှေ့မှာ ဝိတ်ရပ်နေတဲ့ လူတစ်ယောက် မျက်နှာကိုမြင်လိုက်တော့ သူ့ဒေါသထွက်သွားတယ်။

လွန်ခဲ့တဲ့လအနည်းက ဒီအချုပ်ထောင်ထဲမှာပဲ သူရိုက်သတ်ခဲ့တဲ့ အောင်တင့်။

"ခွေးမသား၊ ငါ့ကိုများ ကြောက်မယ်ထင်နေလား"

ဝိန်ကြီးက ပျစ်ပျစ်နှစ်နှစ်ဆဲပြီး သေနတ်နှင့်ဒိုးချိန်လိုက်တယ်။

ဖျတ်ခနဲ အောင်တင့် ပျောက်သွားတယ်။

တကယ်တော့ သေနတ်ကို အသုံးပြုလို့ မဖြစ်သေးဘူး။

သေနတ်သံကြားရင် အားလုံးနိုးပြီး သူကြံစည်ထားသမျှ အကုန် သဲထဲရေသွန်ဖြစ်သွားမှာ ...

"ဒီကောင်တွေကလည်း ကြာလိုက်တာ၊

ခုထိ မပြတ်နိုင်ဘူး ..."

သူစိတ်မရှည်စွာနှင့် အပေါင်းအဖော်တွေရှိတဲ့ အဆောင်ကို ပြန်လှည့်လာတယ်။





အဖော်တွေက သော့ခလောက်ကို သံဖြတ်လွှနှင့် တိုက်ဖြတ်နေတုန်း ...၊

သူ့ သော့ခလောက်ကို ကြည့်လိုက်တယ်။

"ငါ ... မသားတွေ၊ နင့်အမေလင် သော့ခလောက် အလုံးကြီးကို ဖြတ်နေလို့ကတော့ သေတောင်မပြတ်ဘူး ..."

သူကြိတ်ပြီး ဆဲတယ်။

သူပြောမှ သော့ခလောက်ဖြတ်နေဝဲ့ကောင်တွေ အံ့အားသင့်သွားတယ်။

"ကျုပ်တို့လည်း သော့ကိုင်းကို သေချာဖြတ်တာပဲဗျ၊ ဘယ်လိုဖြစ်ပြီး သော့အလုံးကြီးကို ဖြတ်မိနေတာလဲ၊ မတွေးတတ်တော့ဘူး ..."

"နင့်အမေလင် အချိန်က မရှိတော့ဘူး။ မိုးလင်းသွားမယ်။ မြန်မြန်လုပ်ကြ၊ ငါ ကင်းဆောင်ဘက်က စောင့်နေမယ် .."

ပြောပြီး ပြန်ထွက်လာခဲ့တယ်။

အုတ်နံရံတစ်ခုကို ဝင်အကပ်မှာ အရိပ်ကတစ်ခုက သူနှင့် ကပ်ချပ်မကွာ လိုက်နေတာ တွေ့လိုက်ရတယ် ...၊

ကြည့်လိုက်တော့ အောင်တင့်၊



www.burmeseclassic.com

www.burmeseclassic.com



အောင်တင့်မျက်နှာပေါ်မှာ သွေးစီးကြောင်းတွေနဲ့ ကြောက်စရာကြီး၊

အောင်တင့်ကို သူရိုက်သတ်ခဲ့တုန်းက မြင်တွေ့ခဲ့ရတဲ့ အနေအထားအတိုင်း ရုပ်ပျက်ဆင်းပျက်နဲ့၊

အဲဒီအောင်တင့်က သူ့ကို စိန်းစိန်းဝါးဝါးကြီး စိုက်ကြည့်နေတာ စိန်ကြီးတွေ့နေရတယ်။

အောင်တင့်သူ့ကို အနှောင့်အယှက်ပေးနေပြီဆိုတာ သူ သဘောပေါက်လိုက်တယ်။

"ငါ့အလုပ်ကို နှောင့်ယှက်ဖို့ မကြိုးစားနဲ့ အောင်တင့် နှောင့်ယှက်လို့ကတော့ မင်းကို နှစ်ခါပြန်သေအောင် သတ်ပြမယ်ကွ"

စိန်ကြီး အောင်တင့်ကို သေနတ်နဲ့ချိန်ရင်း ကြိမ်းဝါးတယ်။

အောင်တင့်ကတော့ မရီ၊ မပြုံးမျက်နှာကြီးနဲ့ သူ့ကို စိုက်ကြည့်နေတုန်းပဲ။

အဲဒီအချိန်မှာ စိန်ကြီးရဲ့ အဖော်တွေ ရောက်လာတယ်။

သူတို့က အောင်တင့်ကို မမြင်ရဘူး၊

စိန်ကြီးတစ်ယောက်ထဲကိုပဲ မြင်နေကြတာ။

စိန်ကြီးက အရူးလို တစ်ယောက်တည်း ဆဲဆိုကြိမ်းမောင်းနေတယ်၊ သေနတ်နှင့်ပစ်မယ် တကဲကဲ လုပ်နေတယ်။





လူမိုက်စိန်ကြီးရဲ့ မှုမမှန်တဲ့ အပြုအမူကို အံ့အားသင့်နေတုန်းမှာပဲ ...

တိတ်ဆိတ်နေတဲ့ညကို ဖောက်ခွဲလိုက်သလို သေနတ်သံကြီး မြည်ဟိန်းသွားတယ် ...၊

ဟုတ်တယ်၊ မိုက်ရူးရဲစိန်ကြီးဟာ သူ့ကို ခြောက်လှန့်နေတဲ့ အောင်တင့်ရဲ့ဝိညာဉ်ကို သေနတ်နှင့် ပစ်လိုက်ခြင်းပါပဲ။

သေနတ်သံကြောင့် ကမ္ဘာပျက်သလို ဆူညံသွားတယ်။

အချုပ်ထောင်ပတိုက်ကြီးက သံချောင်းမြည်သံတွေ ရဲတပ်ဖွဲ့ဝင်တွေရဲ့ ပြေးလွှား၊ အော်ဟစ်၊ နေရာယူသံတွေနှင့် ပွက်ပွက်ညံသွားတယ် ...၊

စိန်ကြီးရဲ့အဖော်တွေက သူတို့အဆောင်တွေထဲကို အသာ ငုပ်ဝင်သွားကြတယ်။

သေမထူး၊ နေမထူးစိန်ကြီးတစ်ယောက်ထဲသာ သေနတ်အားကိုးနှင့် ဗူးတင်းတဲပေါ်တက်ပြီး ခုခံနေတယ်။

စိန်ကြီးလွတ်ထွက်မသွားအောင် ရဲတပ်ဖွဲ့ဝင်တွေက အထပ်ထပ် ပိတ်ဆို့ဝန်းရံထားခဲ့ရတယ်။

ညဉ့်လယ်လောက်ကတည်းက ထောင်ဖောက်ပြေးဖို့ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



တားခဲ့တဲ့ စိန်ကြီးတာ ...က်နေ့မနက် ဆယ်နာရီကျမှ လက်နက်ချခဲ့တယ်။

သူ့အကြံစည်အားလုံးလည်း ပျက်သုဉ်းသွားခဲ့တယ်။

ထောင်ဖောက်တဲ့ကိစ္စနှင့်ပတ်သတ်ပြီး စိန်ကြီးကို စစ်ဆေးမေးမြန်းတဲ့အခါမှာ

သူသတ်ခဲ့တဲ့ အောင်တင့်ရဲ့ဗိညာဉ်က လိုက်လံ နှောင့်ယှက်နေတဲ့အတွက် သူ့အကြံအစည် မအောင်မြင်ခဲ့ရတာပါလို့ စိန်ကြီး ပြောကြားခဲ့ပါတယ်။

ဒီအမှုကို စစ်ဆေးရာမှာ ပါဝင်ခဲ့တဲ့ ရဲတပ်ကြပ်ကြီး ဦးမောင်မောင်ကတော့

"ဒါဟာ ဗိညာဉ်ရဲ့ ကလဲ့စားချေမှုတစ်ခုဖြစ်မယ်။ လူမိုက်စိန်ကြီးလက်ချက်နဲ့ သေခဲ့ရတဲ့ အောင်တင့်ရဲ့ ဗိညာဉ်ဟာ စိန်ကြီးကို စောင့်ကြည့်နေခဲ့တယ် ...

စိန်ကြီးထောင်ဖောက်တဲ့အချိန်မှာ ထွက်မပြေးနိုင်အောင် နှောင့်ယှက်တန့်တားလိုက်တာပဲဖြစ်မယ်၊

အောင်တင့်ရဲ့ဗိညာဉ်ဟာ ကလဲ့စားချေမှုတစ်ခုကို အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့တယ်"လို့ စာရေးသူကို ပြောပြခဲ့ပါတယ်။



# လောင်မီးကျတဲ့အိမ်

လောင်တော့မယ်ဆိုရင် အရမ်းသိသာတယ်။
အရင်ဆုံးစက္ကူမီးရှို့တဲ့ အနံ့မျိုးအရင်ရတယ်။
ပြီးတော့မှ၊ လောင်ချင်တဲ့ပစ္စည်းကို ချက်ချင်းလောင်တယ်။
လောင်တာက အရမ်းမြန်တယ်။
ပြီးတာနဲ့ သူ့အလိုလို ပြန်ငြိမ်းသွားတတ်တယ်။
အိမ်မှာ မီးလောင်ခံရတဲ့ပစ္စည်းတွေက
စုစုပေါင်း ကားသုံးစီးတိုက်လောက်ရှိတယ်။
မိုးရိပ်မြစ်ထဲ သွားလွှင့်ပစ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အလို့အလျောက် မီးလောင်ခြင်းများ

ထူးဆန်းပြီး အံ့ဩစရာကောင်းတဲ့ဖြစ်ရပ်လို့ ဆိုရပါမယ်၊

မျက်မြင်ကိုယ်တွေ့မဟုတ်ရင် ယုံကြည်လက်ခံဖို့ အင်မတန်ခက်ခဲပါတယ်။

ပြီးတော့ ဒီဖြစ်စဉ်ဖြစ်ရပ်တွေက လူတိုင်းမသိသေးတဲ့ နောက်ဆုံးပေါ် သိပ္ပံပညာရပ်တွေကို အသုံးပြုထားတာလည်း မဟုတ်ဘူး။

လျှို့ဝှက်နက်နဲတဲ့ လောကီပညာရပ်သက်သက်သာ ဖြစ်ပါတယ်။

ဒီပညာတတ်ကျွမ်းသူတစ်ချို့က အမျိုးဘာသာ၊ သာသနာ အကျိုးမှာ သတ္တဝါတွေကို စောင့်ရှောက်ကယ်တင်တတ်ကြပေမယ့် အချို့ကတော့ ဒီပညာနဲ့ ခုနစ်ရက်သားသမီးတွေကို ဒုက္ခအမျိုးမျိုးပေး၊ ထိတ်လန့်ကြောက်ရွံ့အောင်၊ အရှက်တကွဲ အကျိုးနည်းအောင် လုပ်တတ်ပြန်ပါတယ် …၊

တတ်ကျွမ်းသူ ပညာသည်ရဲ့ ပြုလုပ်တဲ့ အကြောင်းခြင်းရာပေါ် စေတနာပေါ်မူတည်ပြီး အောက်လမ်းပညာ၊ အထက်လမ်းပညာ၊ အောက်လမ်းဆရာ၊ အထက်လမ်းဆရာလို့ သတ်မှတ်ကြခြင်း ဖြစ်ပါတယ် …၊



နက်နဲပြီး လျှို့ဝှက်တဲ့ပညာရပ်ဖြစ်လို့ မယုံကြည်နိုင်သူ၊ လက်မခံနိုင်သူတွေ ရှိပေမယ့် ဖြစ်စဉ်ဖြစ်ရပ်တွေက မကြာခဏဆိုသလို ဖြစ်ပွားနေပါတယ်၊

ပစ်ပေါက်သူမရှိဘဲ ခဲလုံးတွေ ခဲ်ိးမိုးပေါ်က အလိုအလျောက်ကျလာတာ၊ သွေးစက်တွေကျလာတာ၊ မီးပျက်၊ မီးမလာတဲ့အချိန်မှာမှ သူ့အလိုလို မီးလုံးတွေ၊ ဖန်ချောင်းတွေ လင်းလာတာ၊ တီဗွီတွေ ထပွင့်တာ အလိုအလျောက် မီးထလောင်နေတာတွေဟာ လောကီပညာရဲ့ မယုံနိုင်စရာ ဖြစ်ရပ်မှန်တွေပါ …။

ထူးခြားတာက ဒီလို ကိစ္စမျိုးတွေကို လူသားတွေအပြင် လူမဟုတ်တဲ့ သုံးဆယ့်တစ်ဘုံသားအချို့လည်း ပြုလုပ်နိုင်စွမ်းရှိတဲ့ အချက်ပါ။

တဖတ်သူတို့ လေ့လာနိုင်ဖို့ အလိုအလျောက် မီးထလောင်တဲ့ လတ်လတ်ဆတ်ဆတ် ဖြစ်ရပ်တစ်ခုကို အရင်တင်ပြချင်ပါတယ်။

## မိတ္ထီလာမြို့က ထူးဆန်းတဲ့မီးလောင်မှုဖြစ်စဉ်

ဖြစ်ပွားတဲ့အချိန်က ဒီနှစ်(၂၀၁၄)ခုနှစ်ထဲမှာပါပဲ။

ဖြစ်ပွားတဲ့ဒေသက မိတ္ထီလာမြို့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



အလိုအလျောက်မီးတွေထထလောင်နေတဲ့ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်ဟာ မီဒီယာတွေကြောင့် သတင်းပြန့်နှံ့ပြီး နိုင်ငံအဝှမ်း စိတ်ဝင်တစား စောင့်ကြည့်လေ့လာရတဲ့ သတင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ် ...။

ဒီထူးခြားတဲ့ဖြစ်စဉ်အကြောင်း

(၁၁-၆-၂၀၁၄)ရက်နေ့ထုတ် **Daily Eleven**

သတင်းစာရဲ့ရေးသားမှုကို ကော်ပြလိုက်ပါတယ်။

**"မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်အတွင်းရှိ နေအိမ်မှ အလိုအလျောက် မီးလောင်သည့် အဝတ်အထည်အချို့အား ဓာတ်ခွဲစစ်ဆေးသည့်အဖြေ မတွေ့ကသေး"**

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ အိမ်အမှတ်(၁၅၇)ရှိ နေအိမ်တစ်အိမ်မှ အလိုအလျောက် မီးလောင်သည့် အဝတ်အထည်အချို့အား ဓာတ်ခွဲခန်း ပို့ဆောင်ထားသည်မှာ ၁၀ ရက်ဝန်းကျင်ရှိပြီဖြစ်သော်လည်း လက်ရှိအချိန်ထိ ဓာတ်ခွဲခန်းအဖြေမတွေ့ကသေးကြောင်း သိရသည်။

"ပြည်သာယာအိမ်က အဝတ်အထည်အချို့ကို မန္တလေးတက္ကသိုလ်ဓာတ်ခွဲခန်းကို ပို့စစ်ထားတာ အဖြေမရသေးပါဘူး။ မန္တလေးတက္ကသိုလ်ဓာတ်ခွဲခန်းဘက်က ကြိုးစားဓာတ်ခွဲပေးပါမယ်။ ဒါမျိုးက ရန်ကုန်မှာတောင် ရချင်မှရမယ်လို့လည်း ပြောပါတယ်။ အဖြေရရင်တော့ ကျွန်တော့်ဆီကို အကြောင်းပြန်ပေးမယ် ပြောပါတယ်။ အခုတော့ ပြည်သာယာအိမ်က လုံခြုံရေးတော့ ရုပ်လိုက်ပါပြီ။ ထူးထူးဆန်းဆန်းလည်း မဖြစ်တော့ပါဘူး"ဟု မိတ္ထီလာမြို့၊ အမှတ်(၃)ရဲစခန်းမှူး၊ ရဲအုပ်လေးအောင်က ဇွန်(၉)ရက်ညနေပိုင်းက ပြောကြားသည်။

ရပ်ကွက်နှင့်မြို့လူထုကတော့ နောက် ဟိုးလေးတကြော်ကြော် ဖြစ်လာတော့ တိုင်းပြည်ကပါ ဒီအိမ်က အလိုအလျောက် မီးထတောက်တာကို စိတ်ဝင်စားကြတယ်။ တစ်ချို့လည်း အထူးအဆန်းဆိုပြီး ယုံကြတယ်။ လုံးဝမယုံကြည်တဲ့ လူတွေလည်း ရှိတယ်။ ဒါကြောင့်မို့လို့ ဓာတ်ခွဲခန်းအဖြေ ဘာထွက်လာမလဲဆိုတာ စိတ်ဝင်စားနေတယ်။

တာဝန်ရှိတဲ့လူတွေအနေနှင့် ဓာတ်ခွဲခန်းအဖြေထွက်အောင် လုပ်ပြီး ကြေညာပေးစေချင်တယ်"ဟု မိတ္ထီလာမြို့ ရတနာမာန်အောင် ရပ်ကွက်အတွင်း နေထိုင်သူတစ်ဦးက ပြောပြသည်။

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်(၃)လမ်း၊ အိမ်အမှတ် (၁၅၇)တွင် မိသားစုဝင်(၄)ဦး နေထိုင်ကာ မေ(၁၁)ရက်တွင်







www.burmeseclassic.com

www.burmeseclassic.com



အလိုအလျောက် မီးလောင်မှု(၉)ကြိမ်၊ မေ(၁၁)ရက်တွင် လေးကြိမ် ဇွန်(၁)ရက်တွင် (၁)ကြိမ်၊ ဇွန်(၂)ရက်တွင် (၂)ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခု မိတ္ထီလာမြို့တွင် ဖြစ်ပျက်နေသော ဖြစ်စဉ်ကဲ့သို့ အလားသဏ္ဍာန်တူသော ဖြစ်စဉ်မျိုးမှာ ၂၀၁၁ ခုနှစ်၊ မတ်လအတွင်းက ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ထန်းတပင်လမ်းရှိ နေအိမ်တစ်အိမ်တွင် ဖြစ်ပေါ်ခဲ့ပြီး နေအိမ်အတွင်းရှိ ပစ္စည်းများ မီးလောင်မှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေအိမ်တွင် မီးငြိမ်းသတ်ပြီးသော အဝတ်စများမှ မီးပြန်လည်လောင်ကျွမ်းခြင်း၊ လူမရှိသောအခန်းမှ အဝတ်များ မီးထလောင်ခြင်းမျိုး ဖြစ်ပေါ်ခဲ့ပြီး ပတ်ဝန်းကျင်တွင်လည်း သက်သေများရှိသောကြောင့် ထူးခြားဖြစ်စဉ်အနေဖြင့်သာ သတ်မှတ်ခဲ့ရသည်။

ဒါက Daily Eleven ရဲ့ သတင်းဖော်ပြချက်ပါ။

သတင်းကိုကြည့်ရင် လူ့ဗွက်တဲ့လောကီပညာရပ်တွေကို ခေတ်မီသိပ္ပံပညာနှင့် အဖြေရှာဖို့ ကြိုးစားနေတယ်ဆိုတာ ထင်ရှားပါတယ်။

မှန်ကန်တိကျတဲ့အဖြေတစ်ခုကို ရှာဖွေလို့ ရ၊ မရဆိုတာကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ် ...။



## တောင်ဒဂုံကလောင်မီးကျတဲ့အိမ်

စတင်ဖြစ်ပွားသည့်နေ့ - ၉.၁၂.၁၉၉၉

ဖြစ်ပွားတဲ့နေရာ - ရန်ကုန်တိုင်း၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ ဗိုလ်ဇေယျ(၃)လမ်း၊ အမှတ်(၈၀၆)

အိမ်ရှင် - ဦးချစ်မွေး(အငြိမ်းစား–အရာခံဗိုလ်)

ဘယ်လိုအကြောင်းတစ်စုံတစ်ခုမှ ရှာမရဘဲ ထူးဆန်းအံ့ဩစရာ မီးလောင်ကျွမ်းမှုတွေ ဖော်ပြပါ ဦးချစ်မွေးရဲ့အိမ်မှာ ဖြစ်ပွားခဲ့ပါတယ်။

အိမ်မှာရှိတဲ့ ပစ္စည်းတွေ အလိုအလျောက် မီးထတောက်ပြီး လောင်ကျွမ်းနေကြတယ် ...၊

လောင်တာကလည်း တစ်နေ့ကို အကြိမ်ပေါင်း သုံးဆယ်ထိ ဖြစ်နေတယ် ...၊

အိပ်ရာ၊ ခြင်ထောင်၊ မွေ့ယာ၊ အဝတ်အစား၊ ကုတင်တိုင်၊ ကားတာယာနှင့် အခြားပစ္စည်းတွေ အများအပြား မီးလောင်ကျွမ်းခံရတယ်။

ကောင်ပုံလောင်နည်းကလည်း အရမ်းမြန်တယ်၊ ဖဲခြမ်းလောင်တဲ့အတိုင်း ရှဲ–ရှဲ–ရှဲ ဆို လောင်သွားတာ။

www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ခံရတဲ့ပစ္စည်းမှာ အကွင်းလိုက် မီးကျွမ်းတဲ့နေရာ တွေ့ရတယ်။

တစ်ချို့ပစ္စည်းတွေကိုတော့ ပြာကျတဲ့အထိ လောင်သွားတယ်။

ဒီထူးဆန်းတဲ့ဖြစ်ရပ်က တစ်ယောက်စကား တစ်ယောက်နားနှင့် လမ်းထဲ၊ ရပ်ကွက်ထဲ၊ မြို့နယ်ထဲတင်မကတော့ဘူး။

ရန်ကုန်တစ်မြို့လုံးကို ပြန့်နှံ့သွားတယ်။

မယုံနိုင်စရာ မီးလောင်ကျွမ်းမှုတွေကြောင့် ဟိုက၊ သည်က လာကြည့်သူ၊ လေ့လာသူတွေနှင့် ဦးချစ်မွေးရဲ့အိမ်မှာ လူတွေ ပြည့်ကျပ် ရှုပ်ယှက်ခတ်နေတယ်။

အခြေအနေကို ထိန်းချုပ်နိုင်ဖို့ အိမ်ရှင်မိသားစုက သက်ဆိုင်ရာကို သတင်းပို့အကြောင်းကြားလိုက်တယ်။

ချက်ချင်းဆိုသလို ရဲအရာရှိတွေနှင့် သက်ဆိုင်ရာလူကြီးတွေ ရောက်လာကြတယ်။

ရဲတပ်ဖွဲ့ဝင်တွေနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တွေက လူအုပ်ကြီး စည်းကမ်းတကျဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးတယ်။

ရဲအရာရှိတွေနှင့် တာဝန်ရှိလူကြီးတွေက ပြဿနာဖြစ်ရပ်ကို သေသေချာချာ လေ့လာစစ်ဆေးကြတယ်။



စောင့်ကြည့်စစ်ဆေးနေတဲ့ ရက်တွေမှာလည်း အလို အလျောက် မီးလောင်ကျွမ်းမှုတွေက နေ့စဉ်ရက်ဆက်ဖြစ်နေတုန်းပဲ။

လာကြည့်တဲ့လူတွေဆိုတာလည်း လျော့မသွားဘူး၊ ဘုရားပွဲ တစ်ခုရဲ့ ဈေးတန်းမှာ တိုးဝှေ့အုံခဲနေသလို ပြည့်ကျပ်နေတယ်။

နှစ်ဆယ့်လေးနာရီ နေ့နေ့ညည ရဲတပ်ဖွဲ့ဝင်တွေနှင့် ရပ်မိရပ်ဖတွေ ပူးပေါင်းပြီး လုံခြုံရေးယူထားရတယ်။

အနီးကပ်ကြီးကြပ်ကွပ်ကဲမှုနှင့် မီးလောင်ရခြင်းအကြောင်း ရင်း အဖြေမှန်ရှာဖို့ မြို့နယ်ရဲတပ်ဖွဲ့မှူးကြီးကိုယ်တိုင် နေ့ရောညပါ စောင့်ကြည့်နေတယ်။

တစ်ညတော့ မြို့နယ်မှူးကြီးရဲ့ ရှေ့မှာပဲ ကလေးကစားတဲ့ ဗွက်ရုပ်စွန် ချိတ်ထားတာကို ရုတ်တရက် မီးထလောင်တယ်။

မြို့နယ်မှူးကြီးက သိသိချင်း လှမ်းအော်ပြောလိုက်တယ်။

သူပြောနေတဲ့အချိန်မှာပဲ စွန်က ပြာဖြစ်သွားပြီ ...

တစ်ကြိမ်မှာလည်း လာပြီး စစ်ဆေးတဲ့တာဝန်ရှိလူကြီး တစ်ယောက်က မယုံဘူး၊ ဒါတွေအလကားပါလို့ ပြောလိုက်တယ်။

အဲဒီလိုပြောလိုက်တာနဲ့ ကားဂိုဒေါင်ထဲက မော်တော်ကား ဘီးကို တရှဲရှဲနဲ့ မီးထတောက်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ တာဝန်ရှိလူကြီးလည်း ယုံပါတယ်၊ ဖြစ်နိုင်တယ်လို့ ပြောတယ်။

အဲဒီတော့မှ မီးတာ အလိုလို ငြိမ်းသွားတယ်။

တစ်ခါကျတော့ လုံခြုံရေးလာစောင့်တဲ့ ရဲတပ်သား တစ်ယောက်၊ ရေချိုးပြီးမှ ဝတ်မယ်လို့ ပုဆိုးအသစ်ကို ခုံပေါ်တင်တယ်။

သူလည်း လှည့်ထွက်မယ်လုပ်ရော ပုဆိုးကို တရှဲရှဲ မီးထလောင်တော့တာပဲ။

ရဲတပ်သားလည်း မျက်လုံးပြူးသွားတယ်။

နောက်ဆုံးမှာ လုပ်ကြံဖန်တီးထားတဲ့ အကြံအဖန်မီးနှင့် အခြားသူတစ်ပါးက လုပ်ကြံတဲ့ ရှို့မီးမဟုတ်ဘူးဆိုတာ တာဝန်ရှိသူတွေ အားလုံး သဘောပေါက်သွားတယ်။

ဂမ္ဘီရဆန်တဲ့ ထူးခြားဆန်းကြယ် မီးလောင်မှုဖြစ်တဲ့ အကြောင်းလည်း မှတ်တမ်းတင်လိုက်ကြရတယ်။

ဒီထူးဆန်းတဲ့ဖြစ်စဉ်နှင့်ပတ်သတ်ပြီး တရေးဆရာနတ်မျက်စိက အင်တာဗျူးတစ်ခုပြုလုပ် မေးမြန်းခဲ့ပါတယ်။

မေးမြန်းမှုတွေကို ဦးချစ်မွေးရဲ့သားဖြစ်သူက ဖြေကြားရာမှာ “ဒီလို အလိုအလျောက် မီးလောင်မှုတွေ မဖြစ်ခင်မှာ ထူးခြားမှုအချို့ ရှိခဲ့ပါတယ် ...





ပထမထူးခြားမှုက လမ်းထက်မီးတိုင်ကနေ နေအိမ်ကို သွယ်တန်းထားတဲ့ ဓါယာကြိုးတာ လျှပ်စစ်မီးပြတ်တောက်ပြီး မီးပျက်နေတဲ့အချိန်မှ ကြိုးတစ်လျှောက် တပြွန်းပြွန်း တရှဲရှဲနဲ့ မီးလောင်လာတယ်။

တိုက်အနီးရောက်မှ ငြိမ်းသွားတယ်။

နောက်ထပ် ထူးခြားမှုက ဒီလို မီးပြတ်နေတဲ့နေ့ပဲ၊

တစ်ခြံကျော်ကအိမ်မှာ ဒီလိုပဲဖြစ်ပြီး မီးတွေ ထတောက်တယ်။

ပထမတော့ အမှုမဲ့အမှတ်မဲ့ နေခဲ့ကြတယ်။

နောက်မှ အိမ်ထဲဝင်လို့ မရသေးလို့ တခြားမှာလောင်ပြနေတယ်ဆိုတာ သိရတယ်။

အရင်ဆုံး စလောင်တဲ့အဖြစ်အပျက်က (၁၀.၁၂.၉၉)နေ့ ဆင်ပါတယ်။

ညီမရဲ့အခန်းထဲမှာ ညီမအိပ်တဲ့ခြင်ထောင်ကို မီးစွဲလောင်သွားတာ။ ပြာတွေက မွေ့ယာပေါ်တင်ကျန်နေဟယ်။

ကုတင်တိုင်ထောင့်နံဘေးမှာလည်း မီးနည်းနည်း ကျွမ်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကစပြီး နောက်နေ့တွေမှာ အကျီတွေ၊ မွေ့ယာတွေကို အကွင်းလိုက် မီးလောင်တော့တာပဲ။

လောင်တာက တရှဲရှဲနဲ့ အရမ်းကို မြန်တယ်။

တစ်နေ့ကို အကြိမ်သုံးဆယ်ထိ လောင်ပါတယ်။

ထူးဆန်းတာက နေအိမ်ကို ဘာမှ မဖြစ်ဘူး။

အဝတ်အထည်တွေ၊ လူသုံးပစ္စည်းတွေကိုပဲ မီးစွဲလောင်တယ်။

လောင်တော့မယ်ဆိုရင် အရမ်းသိသာတယ်။ အရင်ဆုံး စက္ကူမီးရှို့တဲ့အနံ့မျိုး အရင်ရတယ်။

ပြီးတော့မှ လောင်ချင်တဲ့ပစ္စည်းကို ချက်ချင်းလောင်တယ်။

လောင်တာက အရမ်းမြန်တယ်။ ပြီးတာနဲ့ သူ့အလိုလို ပြန်ငြိမ်းသွားတတ်တယ်။

အိမ်မှာ မီးလောင်ခံရတဲ့ပစ္စည်းတွေက ဂုဂုပေါင်း ကားသုံးစီး တိုက်စာလောက်ရှိတယ်။

ငမိုးရိုပ်မြစ်ထဲ သွားလွှင့်ပစ်ရတယ်”လို့ ပြောကြားခဲ့ပါတယ်။

ဒီဖြစ်စဉ်မှာ တစ်နေ့ကို အကြိမ်သုံးဆယ်လောက် အလိုအလျောက် မီးထတောက်လောင်ခဲ့ပြီး ရက်ပေါင်းနှစ်ဆယ်ကျော်ကျော် လောင်ကျွမ်းခဲ့တယ် …





အိမ်ရှင်မိသားစုဟာ အဝတ်အစားတွေကို အိမ်မှာ မထားဘဲ အခြားအိမ်တစ်အိမ်မှာ သွားထားခဲ့ရပါတယ်။

မိသားစုဝင်တွေကိုလည်း ရပ်ကွက်လူကြီးတွေက ဆွေမျိုးအိမ်နှင့် ဘုန်းတော်ကြီးကျောင်းမှာ ပြောင်းရွှေ့နေထိုင်ဖို့ စီမံပေးခဲ့ရပါတယ်။

(၉.၁၂.၉၉)နေ့မှာ စတင်ဖြစ်ပွားခဲ့တဲ့ ထူးဆန်းအံ့သြစရာ လောင်မီးကျမှုဟာ (၂၀.၂.၂၀၀၀)နေ့မှာ အပြီးတိုင် ရပ်တန့်သွားပါတယ်။

ဒီဖြစ်ရပ်ဆန်းကြယ်ကို ဖော်ထုတ်အဖြေရှာပြီး ရပ်တန့်အောင် စွမ်းဆောင်နိုင်သူက အ.မ.ယ.ဆ ဆေးတော်ကြီးဂိုဏ်း ဂိုဏ်းချုပ်ဆရာကြီး ဒေါက်တာရှိန်းဖြစ်ပါတယ်။

(တောင်အုံမြို့နယ်က လောင်မီးကျတဲ့အိမ် ဖြစ်စဉ်ဟာ ဆရာမင်းဟိဏ်းခန့်ရဲ့ ထူးခြားဆန်းကြယ်ဂမ္ဘီရဖြစ်ရပ်မှန်များစာအုပ်မှ မှီငြမ်း ရေးသားထားခြင်း ဖြစ်ပါတယ်။

ရေးသားတော်ပြခွင့်ပြုတဲ့ ဆရာမင်းဟိဏ်းခန့်ကို အထူးကျေးဇူးတင်ပါတယ်)



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်လည်တဲ့နေ့

ခြေသံပြင်းပြင်းနဲ့ လှေကားက တက်လာတဲ့ အသံကို ကြားကြရတယ်။

ခြေသံက အားလုံးစုအိပ်နေတဲ့ဘုရားခန်းကို ဖြတ်ပြီး နောက်ဘက် အိပ်ခန်းထဲ တန်းဝင်သွားတယ်။

အကောင်အထည် မမြင်ရပေမယ့် သွားလာ လှုပ်ရှားနေတဲ့ အရိပ်တစ်ခုကို အားလုံး တွေ့ကြရပါတယ်။

ပြီးတော့ အိပ်ခန်းကနေ မီးဖိုခန်းကူးသွားပုံရတယ်။

အိုးတွေဖွင့်သံ၊ ပိတ်သံ၊ ပန်းကန်တွေ ဆွဲယူသံကြားရ ပါတယ်။

ခြေသံကလည်း တရှပ်ရှပ်နဲ့။





သေခြင်း၏နိမိတ်

“မကြည်ရေ၊ ဒါက သေတော့မှာက ...”

“ဒီ ... ကြာကြာမနေရတော့ဘူးနဲ့တူတယ် ...”

“ဒီသာ သေလို့ကတော့ နင်ကတော့ ကလေးတွေနဲ့ ဒုက္ခရောက်မှာ မြင်ယောင်သေးတယ် ...”

ဘာကြောင့်ရယ်တော့ မသိဘူး။

လွန်ခဲ့တဲ့တစ်လလောက်ကစပြီး ကိုနိုင့်ပါးစပ်က သေစကားတွေချည်းပဲ ထွက်နေတယ်။

တကယ်တော့ ကိုနိုင့်ခန္ဓာကိုယ်က ကျားကိုးစီးစားလို့ ကုန်တဲ့ ခန္ဓာကိုယ်ပါ။

အရပ်အမောင်းကလည်း ကောင်းမှကောင်း၊

ခြောက်ပေပြည့်ဖို့ နည်းနည်းပဲလိုတယ်။

ပြီးတော့၊ သူ့အရပ်အမောင်းနဲ့ လိုက်ဖက်တဲ့ တောင့်တင်းခိုင်မာထွားကျိုင်းတဲ့ အလုံးအထည်ရှိတယ်။

ဘယ်လိုကြည့်ကြည့် ယောက်ျားပီသသ၊ ကျန်းမာသန်စွမ်းသူ။

အသက်ကလည်း လေးဆယ်ကျော်ရုံရှိသေး။



www.burmeseclassic.com

www.burmeseclassic.com



ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ ဆိုတဲ့ တရားသဘောသာ မကြည့်နဲ့။

ကိုနိုင်သေဖို့အကြောင်း လုံးဝမှ မရှိဘူး။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။

လွန်ခဲ့တဲ့ သုံး/လေးနှစ်လောက်ကထင်ရဲ့။

သူ့ဦးခေါင်းမှာ ဒဏ်ရာတစ်ခု ရဘူးတယ်။

ရန်ကုန်ဆေးရုံကြီး ဦးနှောက်နဲ့အာရုံကြောဌာနမှာ ကြီးကြီးမားမား ခွဲစိတ်မှုလုပ်ခဲ့ရတယ်။

တစ်ခါတစ်ခါ ခွဲစိတ်ထားတဲ့နေရာက ဒဏ်ပြန်ပေါ်လာတတ်တယ်။

ဒီလို ဒဏ်ပြန်ပေါ်တဲ့အခါ ခေါင်းကိုက်ဝေဒနာကို အပြင်းအထန် ခံစားရတယ်လို့ သူပြောတယ်။

ကိုနိုင်က သူသေရင်လည်း ဒီခေါင်းကိုက်ဝေဒနာနဲ့ပဲ သေမယ်လို့ တစ်ထစ်ချ ယူဆထားပုံရတယ်။

ဒီနေ့မှာ သူ့အလုပ်တွေ အရမ်းလုပ်ရတယ်။

အလုပ်ပင်ပန်းရင် ဒဏ်ပြန်ပေါ်ပြီး ခေါင်းတွေကိုက်လာတယ်။





ဒါကြောင့်လည်း သေစကားတွေ ခဏခဏ တဖွဖွ ပြောနေတာဖြစ်တယ်။

ဒီလို နိမိတ်မကောင်းတဲ့ သေစကားတွေ ပြောခဲ့တာ သူ့မိန်းမ မကြည်တစ်ယောက်ထဲတင် မကဘူး။

အခြားခင်မင်သူ လေးငါးယောက်ကိုလည်း ပြောခဲ့သေးတယ်။

အဲဒီ လေးငါးယောက်ထဲမှာ မကြည်ရဲ့အစ်မဖြစ်သူလည်း ပါတယ်။

ကိုနိုင်က မကြည်ရဲ့အစ်မကို ရိုသေလေးစားတယ်။

“အစ်မ၊ ကျွန်တော်သေရင် အိမ်ရှေ့က ခြံကွက်ရောင်းပြီး ကျွန်တော့်သားလေးကို ရှင်ပြုပေးပါ”လို့ လူကောင်းပကတိကနေ မှာသွားတယ်။

အံ့ဩစရာက ဒီလိုမှာပြီး ရက်ပိုင်းလောက်ပဲကြာတယ်။

(၅.၆.၂၀၁၄)နေ့မှာ ကိုနိုင် ဆုံးသွားတယ်။

သူထင်သလို ခေါင်းကိုက်ဝေဒနာကြောင့် ဆုံးသွားရတာတော့ မဟုတ်ဘူး။

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးရဲ့ မိုင်တိုင်အမှတ် ၅၈ မိုင် ၅ ဖာလုံမှာ ကားပေါ်က ပြုတ်ကျတဲ့ ဒဏ်ရာနဲ့ သေဆုံးခဲ့ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ပြန်ရောက်လာတဲ့ဝိညာဉ်

(၁.၅.၂၀၁၄)နေ့ ညဦးပိုင်းက ကိုနိုင်ဆိုင်ကယ်မှောက်ပြီး ဒဏ်ရာရတယ်။

အနောက်ရွာကိုအသွား မြေသားလမ်းမပေါ်မှာ ဖြစ်တယ်။

မိုးရေနှင့် ရွှံ့စေးတွေကြောင့် ဆိုင်ကယ်ဘီးချော်သွားတယ်။ ထိန်းမရဖြစ်ပြီး လမ်းဘေးထိုးကျသွားတယ်။

ဖြစ်ဖြစ်ချင်း သွေးပူနေတော့ ဘာမှ မဖြစ်ဘူး။

အိမ်ရောက်တော့မှ လဲကျသွားတာ၊ ညာခြေထောက် မထောက်နိုင်တော့ဘူး။

အလုပ်သိပ်လုပ်တဲ့ကိုနိုင် ဒီတော့မှ နားရတော့တယ်။

(၄.၆.၂၀၁၄)မှာ ခြေထောက်စပြီး ထောက်နိုင်လာတယ်။

အဲဒီနေ့ ညနေခင်းမှာ ရပ်ကွက်ထဲက မိတ်ဆွေကိုတင်မင်း ဆိုင်ကယ်အတိုက်ခံရပြီး နံရိုးသုံးချောင်းကျိုးသွားတယ်။ နယ်ဆေးရုံက ရန်ကုန်ဆေးရုံကြီးကိုသွားဖို့ ညွှန်တယ်။

ဒီသတင်းလဲကြားရော ကိုနိုင်ထော့ကျိုးထော့ကျိုးနဲ့ ထလာတယ်။

သူ့မိန်းမ မကြည်က သူ့အထာကို သိတယ်။

"တော်၊ ဘာလုပ်ဦးမလို့လဲ၊ ကိုယ်လည်းခြေထောက်





ကောင်းတာမဟုတ်ဘူး၊ အိမ်မှာပဲ ငြိမ်ငြိမ်လေးနေ ..."

"မဟုတ်ဘူးဟ၊ ကိုတင်မင်းက ထနိုင်မှာ မဟုတ်ဘူး၊ သူ့ကို ချိုဖို့ ပွေ့ဖို့ လူလိုတယ်။ ငါလိုက်မှ ဖြစ်မှာပါဟာ ..."

ပြောပြောဆိုဆို ကိုတင်မင်းအိမ်ဘက် ထွက်သွားတယ်။

ခဏနေတော့ သတင်းကြားရတာပဲ။

ကိုနိုင်၊ ကိုတင်မင်းကို လိုက်ပို့တဲ့ကားနဲ့ ရန်ကုန်ပါသွားတယ်တဲ့။

အဲဒီည တစ်ညလုံး မကြည် အိပ်လို့မရဘူး။ မျက်စိတွေကြောင်နေတယ်။

သန်းကောင်ကျော်ပြီ၊ ညတစ်နာရီလောက်မှာ အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလာတယ်။

ရင်တွေလည်း တဒိန်းဒိန်း ခုန်နေတယ် ...၊

အမိပ္ပါယ်မဲ့ မျက်လုံးတွေနဲ့ အိမ်ရှေ့လမ်းမဘက် ငေးကြည့်နေမိတယ်။

အိမ်ရှေ့မီးလုံးကြောင့် ခြံထဲမှာ လင်းနေပေမယ့် ခြံအပြင်ဘက် လမ်းမပေါ်မှာတော့ အမှောင်က အားကောင်းနေတုန်းပဲ။

ညက မှောင်မည်း၊ တိတ်ဆိတ်ပြီး ခြောက်ချားစရာကောင်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ညတာကလည်း ရှည်လိုက်တာ ..."

မကြည်ညကို ညည်းတွားရေရွတ်ရင်း အိပ်မောကျနေတဲ့ သားငယ်လေးကို ခြင်မကိုက်အောင် ယပ်ခတ်ပေးနေတယ်။

အချိန်တွေ ဘယ်လောက်ကြာသွားလဲ မသိဘူး။

ဗိနပ်ချွတ်က တဖျတ်ဖျတ်အသံကြောင့် ကိုနိုင်ပြန်လာပြီဆိုတာ မကြည်သိလိုက်တယ်။

ဟုတ်တယ်၊ ဒါ ကိုနိုင့်အကျင့်ပဲ။

ကိုနိုင်က ဗိနပ်ချွတ်မှာ ဗိနပ်ပုန်ခါတဲ့အနေနှင့် တစ်ချက်နှစ်ချက် ခြေဆောင့်ပြီးမှ အိမ်ပေါ်တက်လေ့ရှိတယ်။

မကြည် အိမ်ပေါ်လှေကားထိပ်ကနေ ဗိနပ်ချွတ်ကို လှမ်းကြည့်လိုက်တယ်။

သေချာပါတယ်၊ ကိုနိုင်ပဲ။

လှေကားရင်း ဗိနပ်ချွတ်မှာ ရပ်နေတယ်။

အိမ်ကထွက်သွားတုန်းကအတိုင်း အင်္ကျီချွတ်နဲ့ပဲ၊

မကြည်ကို မော့ကြည့်နေတယ်။

ကိုနိုင့်မျက်နှာ ထူးထူးခြားခြား ညှိုးငယ်နေတာ မကြည်တွေ့လိုက်တယ်။

"ပြန်လာပြီလား ..."





မကြည် ကိုနိုင့်ကို လှမ်းမေးရင်း နံရံမှာ ကပ်ထားတဲ့ ရိုကို လှမ်းကြည့်လိုက်တယ်။

"သုံးနာရီတိတိ"

မကြည်သားကို ယပ်ခတ်ပေးရင်း ကိုနိုင်အိမ်ပေါ်တက်လာကို စောင့်နေတယ် ...၊

ခဏလောက်ကြာသွားတဲ့အထိ ကိုနိုင်တက်မလာဘူး။

"မတက်သေးပါဘူး၊ ခြေလက်ဆေးသံလည်း မကြားရဘူး။ မ်နောက်ပေးများ သွားတာလား ..."

မကြည် မီးဖိုခန်းကနေ အိမ်သာကို လှမ်းကြည့်တယ်။

အိမ်သာထဲမှာလည်း ကိုနိုင်မရှိဘူး။ တံခါးဖွင့်ရက်ပဲ။

မကြည် စဉ်းစားရ ကျပ်သွားတယ်။

"မဟုတ်ပါဘူး၊ ခုနကတွေ့တာ ကိုနိုင်မှ ကိုနိုင်ပါ။ ငါ ားနေတဲ့ကြားက လိုက်သွားမိလို့၊ ငါ့ကို စနေတာများလား"

မကြည်ဓာတ်မီးတစ်လက်ကိုင်ပြီး အိမ်အောက်ဆင်းတယ်။

ကိုနိုင် ပုန်းနေတာလားလို့ ဓာတ်မီးနဲ့လိုက်ထိုးကြည့် ယ်။

ဘယ်မှာမှ မတွေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ "မကြည်၊ မကြည်"လို့ ခြံရှေ့က အော် ခေါ်သံကြားရတယ်။ မကြည် ခြံရှေ့ထွက်ခဲ့တယ်။

ခေါ်တဲ့သူက မျက်စောင်းထိုးအိမ်က သူ့အိမ်မှာ ဗုန်း[illegible] တယ်။ ကိစ္စကြီးငယ်ရှိရင် အဲဒီအိမ်က ဖုန်းနဲ့ပဲ အဆက်အသွယ် လုပ်ရတယ်။

"အောင်ပိုင်ဖုန်းဆက်တယ်၊ ကိုခိုင်ကားပေါ်က ကျလို့တဲ့
မြို့ဆေးရုံကို တင်ရမယ် …
အခုကားနဲ့ ပြန်လာနေပြီတဲ့ …
ကားလမ်းကနေ ထွက်ပြီးစောင့်နေပါတဲ့ …၊
ကိုခိုင်က သတိမေ့နေတုန်းပဲလို့ ပြောတယ်"
မကြည်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။
"ဒါဆို ခုနက ဗိုနပ်ချွတ်မှာ ရပ်နေတာတာ …
ဘုရား၊ ဘုရား ကိုခိုင်သာမှ မဖြစ်ပါစေနဲ့"တုန်ရီတဲ့အသံ တွေနဲ့ မကြည် ဆုတောင်းမိလိုက်ပါတယ်။
ကိုခိုင်တစ်ယောက် အမြန်လမ်းမကြီးရဲ့တစ်နေရာမှာ …
ကားပေါ်က ပြုတ်ကျ၊ ချက်ချင်း သတိလစ်မေ့မျောသွား ပေမယ့် …
သူ့ရဲ့ဝိညာဉ်က





မကြည်နှင့်သားလေးရှိတဲ့အိမ်ကို အရောက်ပြန်လာပြီး ညှိုး ငယ်တဲ့မျက်နှာနဲ့ ကိုယ်ထင်လာပြတဲ့အဖြစ်ကိုတော့ မကြည်တစ်သက် ဘယ်သောအခါမှ မေ့ပျောက်လို့ ရမှာမဟုတ်တော့ပါဘူး။

**သေနေ့စေ့တဲ့သူ**

ကိုခိုင်ကားပေါ်က ပြုတ်ကျတဲ့အဖြစ်က ဒီလိုပါ၊ ကိုတင်မင်း ကို ရန်ကုန်ဆေးရုံကြီးမှာ တင်ပေးခဲ့ပြီး လိုက်ပို့တဲ့ကားနဲ့ပဲ ကိုခိုင်တို့အဖွဲ့ ပြန်လာခဲ့ကြတယ်။

အမြန်လမ်းအစ၊ လှည်းကူးလမ်းဆုံရောက်တော့ ည ဆယ့် နှစ်နာရီထိုးတော့မယ်။

သူတို့အားလုံး ကားနောက်ခန်းထဲမှာ လဲလျောင်းရင်း လိုက်ပါလာကြတယ်။

အားလုံးနီးပါး အိပ်ပျော်နေကြပေမယ့် ကိုခိုင်ကတော့ အောင်ပိုင်နဲ့စကားတွေ ပြောနေကြတယ်။

တစ်နေရာအရောက်မှာ "ငါ ဆီးအရမ်းသွားချင်နေပြီ"လို့ ကိုခိုင်ပြောကယ်။

ပြီးတော့ အိပ်နေသူတွေကို ကျော်ပြီး ကားခေါင်းခန်းကို လက်နဲ့ပုတ်ပြီး ကားရပ်ဖို့ အချက်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချက်ပေးပြီးတာနဲ့ နောက်ဖက်ကားတံခါးပိတ်ဆီ သွားတယ်။ ကားက တုံ့ခနဲ ရပ်တယ်။

ကိုခိုင် တံခါးပိတ်ကို ကျော်ပြီး ခုန်ချဖို့အလုပ်မှာ ...

ကားကမရပ်ဘဲ မောင်းအထွက်၊

ကိုခိုင်ကားပေါ်က ရှမ်းပြန်ပြီး ပြုတ်ကျသွားတယ်။

ဒရိုင်ဘာက တဗုန်းဗုန်းပုတ်တဲ့အသံကို ကြားတယ်။ ဒါပေမယ့် ဘာသံလဲဆိုတာ မသဲကွဲဘူး။

ဒါကြောင့် ခဏရပ်လိုက်တယ်။

ထပ်ပြီး ဘာသံမှ မကြားတာနဲ့ အရှိန်မြှင့်ပြီး မောင်းထွက်လိုက်တယ်။

အဲဒီမှာ ကားအောက်ခုန်ဆင်းဖို့ ပြင်နေတဲ့ ကိုခိုင် ကားပေါ်က ပြုတ်ကျသွားတာပဲ ...၊

ကားမောင်းထွက်သွားတော့မှ အောင်ပိုင်က ကားကို အတင်းရပ်ခိုင်းရတယ်။

ကားနောက်ဆုတ်ပြီး ကိုခိုင့်ကို လိုက်ရှာကြတယ်။

၅၈ မိုင် ၅ ဖာလုံ မိုင်တိုင်အနီးက လမ်းဘေးမြက်ရိုင်းပင်တွေပေါ်မှာ မှောက်ခုံလဲကျနေတဲ့ ကိုခိုင့်ကို တွေ့ရတယ်။ အဲဒီအချိန်က ညတစ်နာရီတိတိ ရှိနေပြီ။



ကိုခိုင့်ကျောတစ်ပြင်လုံး ဒဏ်ရာတွေနဲ့ စုတ်ပြတ်သတ်နေတယ်။

ခေါင်းက သွေးတွေက နားထင်ပေါ် စီးကျနေတယ်။

ခြေထောက်နှစ်ဘက်စလုံးမှာလည်း ပွန်းရာ၊ ပဲ့ရာတွေနဲ့ သွေးအလိမ်းလိမ်း မြင်ရက်စရာ မရှိဘူး။

"ကိုခိုင် ... ကိုခိုင်"

အားလုံး ဝိုင်းခေါ်ပေမယ့် ကိုခိုင် ဘာမှ မတုန့်ပြန်နိုင်တော့ဘူး။ ဒါပေမယ့် အသက်မျှင်းမျှင်း ရှူနေတုန်းပဲ။

တစ်ခါတစ်ခါ ပါးစပ်က ဖူးခနဲ ဖူးခနဲ လေတွေ မှုတ်ထုတ်တယ်။

အနေအထားက ဦးနှောက်ကို ထိခိုက်မိတဲ့ အနေအထားပဲ။

စတွေ့တဲ့အချိန်ကနေ မနက်သုံးနာရီခွဲ ကညွတ်ကွင်းရောက်တဲ့အထိ သတိပြန်လည်မလာဘူး။

အသင့်စောင့်နေတဲ့ မကြည်ကို တင်ပြီး မြို့ကို ကားဆက်မောင်းတယ်။

မြို့ဆေးရုံက ရန်ကုန်ဆေးရုံကြီးကိုတင်ဖို့ လွှဲတယ်။

တကယ်ဆိုရင် ကိုခိုင်ပြုတ်ကျတဲ့နေရာ မိုင်တိုင်အမှတ် ၅၈ မိုင် ၅ ဖာလုံဆိုတာ ပဲခူးအနီးဝန်းကျင်မှာပဲ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးဆေးရုံကိုသာပို့ရင် ကိုခိုင့်အသက်ကို ကယ်နိုင်သေးတယ်။ အိမှမတော်လည်း ချက်ချင်းနောက်လှည့် ရန်ကုန်ဆေးရုံကြီးကို ပြန်မောင်း၊

ကိုခိုင်သေချင်မှ သေလိမ့်မယ်။

ခုတော့ မိုင်တစ်ရာကျော်ဝေးတဲ့ မြို့ထိ ဆက်မောင်းလာပြီးမှ ဆေးရုံတင်တယ်။

အတူပါလာသူတွေရဲ့ စိတ်ကူးစိတ်သန်းကို စဉ်းစားလို့မရဘူး။

ကိုခိုင့်ကို မသေသေအောင် ဆေးရုံအရောက် နောက်ကျအောင် တမင်လုပ်ကြတာတော့ မဟုတ်ဘူး။

အဖော်ပါလာသူအားလုံးဟာ ကိုခိုင့်အပေါ် ချစ်ကြ၊ ခင်ကြ၊ လေးစားအားကိုးကြသူတွေချည်းပါ။

နောက်ဆုံး သေသေချာချာ တွေးဆအဖြေရှာကြည့်မှ ...

ဒီနေ့ဟာ ကိုခိုင် သေကိုသေရမယ့်နေ့၊

သေနေ့စေ့တဲ့နေ့ ဖြစ်လို့ပါလားဆိုတာ အဖြေရလိုက်တယ်။

တုတ်တယ်၊ (၅.၆.၂၀၁၄)နေ့ ဓနတ်(၆)နာရီခွဲ၊

မြို့ကနေ တားနဲ့ ရန်ကုန်ဆေးရုံကြီးကို အသွား၊





အမြန်လမ်း မိုင်တိုင်အမှတ် ၁၁၅ မိုင်အရောက်မှာ၊

ကိုခိုင်တစ်ယောက် ဘဝတစ်ပါးကို ကူးပြောင်းသွားခဲ့တယ်။

ကိုခိုင်ဆုံးတဲ့အကြောင်း ဖုန်းသတင်းရရချင်း စာရေးသူတို့ဇနီးမောင်နှံ နှစ်ယောက်လုံး ရန်ကုန်ကနေ ကညွတ်ကွင်းကို သွားခဲ့ကြပါတယ်။

သက်မျှောက်ညနဲ့ သေသူ့ဝိညာဉ်

ကိုခိုင့်အလောင်းကို ကညွတ်ကွင်းအိမ်ပြန်ယူလာခဲ့တယ်။

ရေလုံတိုက်ပေးပြီး ဧည့်ခန်းမှာ အလောင်းစင်ပြင်၊

ပြီးတာနဲ့ သံဃာတစ်ပါးပင့် သက်မျှောက်ခွမ်းကပ် တရားရတယ်။ တကယ်တော့ ကိုခိုင်က လူကောင်းတစ်ယောက်ပါ။ ရေးရွာရေး၊ သာရေးနာရေး၊ ဘယ်တော့မှ နောက်မကျဘူး။

ပြီးတော့ ဘယ်နေရာကနေနေ ကူညီတတ်တယ်။

လောကုတ္တရာအရေးနဲ့ပတ်သက်ရင်လည်း အိနြေဖို့ လက်နေးဘူး။ အခါအခွင့်သင့်တိုင်း သီလဆောက်တည်တယ်။

ဒါပေမယ့် သူ့မှာ အားနည်းချက်ရှိတယ်။

အဲဒီ အားနည်းချက်က ဆင်ခြင်တုံတရားပဲ။

အထူးသဖြင့် ဒေါသကို သတိနဲ့ မငြိမ်းသတ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူဒေါသထွက်ပြီဆိုရင် လူသတ်ရမှာလည်း ဝန်မလေးဘူး၊ စက်တိုင်တက်ရမှာလည်း မကြောက်ဘူးဆိုတဲ့လူစား။

ပြီးတော့၊ သူ့မိသားစုကို အရမ်းခင်တွယ်တယ်။

သူ့မိသားစု မျက်ရည်ပေါက်ကြီးငယ်ကျအောင် နှိပ်စက်ချင်ကားဖို့တော့ မကြံနဲ့။

အဲဒီလူတွေ အတွက်တဲ့၊ ငှက်ကြီးတောင်ဓားတစ်ချောင်း မြည့်နေအောင် သွေးထားတယ်။

ဒီလို စိတ်ကြမ်းလူကြမ်း၊ တုံးတိုက်တိုက် ကျုံးကိုက်တိုက်လူ၊ အစွဲအလန်းကြီးသူမို့ ကိုခိုင်သေတဲ့အခါ တစ်ရပ်ကွက်လုံး လန့်နေကြတယ်။

"ကိုခိုင်ကတော့ ကျွတ်မှာမဟုတ်ဘူး၊ တစ္ဆေတလည်း ခြောက်လိုက်မယ့်ဖြစ်ခြင်း"လို့ ကြက်သီးတထထနဲ့ ပြောကြတယ်။

ပြောတဲ့အတိုင်းပါပဲ။

သေတဲ့နေ့ကစပြီး ကိုခိုင် တစ်ရပ်ကွက်လုံးကို ပြောင်ဆန်အောင် မွှေတော့ ခြောက်တော့တာပါပဲ။

အဲဒီညမှာ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်ထွားထွားကျိုင်းကျိုင်းနှင့် မည်းမည်းသဏ္ဍာန်တစ်ခုကို လမ်းပေါ်သွားနေတာ တွေ့ကြရတယ်။





ကိုခိုင် သူ့အိမ်နဲ့ သူ့အမေအိမ်ကို ကူးချည် သန်းချည် လုပ်နေပြီဆိုတာ သိလိုက်ကြတယ်။

တုတ်လည်း တုတ်တယ်။

သူ့အမေအိမ် မီးဖိုချောင်ထဲမှာ အိုးတွေလှန်၊ ခွက်တွေ လှန်နဲ့ ပြောင်းဆန်အောင် ခြောက်တယ်။

အိုးခွက်တွေကို အသာအယာ လှန်တာမဟုတ်ဘူး။

သူ့ပုံစံအတိုင်း ခပ်ကြမ်းကြမ်းလှန်လျောနေတော့ အိုးသံ ခွက်သံတွေက ဆူညံနေတယ်။

တစ်ခါ သူ့ညီအိမ်ကို သွားတယ်။

သူ့ညီက အသုဘအိမ်ရောက်နေတယ်။

အိမ်မှာက ကြောက်လို့ မလိုက်ရဲတဲ့ မိန်းမနဲ့ ကလေးတွေပဲ ကျန်နေတယ်။

ခဏနေတော့ ညီဖြစ်သူရဲ့ မိန်းမလည်း ကလေးလက်ဆွဲပြီး သူ့ယောက်ျားဆီ ပြေးရတော့တာပဲ။

မပြေးလို့လည်း မဖြစ်ဘူး၊ တစ်အိမ်လုံး သွက်သွက်ခါ လှုပ်ယမ်းနေမှတော့ ဘယ်နေရဲတော့မှာလဲ ...၊

သူ့အစ်မကြီး မမြအိမ်ကိုကျတော့ တစ်မျိုး၊



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲဝင် အိုးသံခွက်သံပေးတယ်။

မမြက စောင်ခေါင်းမြီးခြုံထားလျက်ကနေ

"ကိုနိုင်ရယ်၊ ငါ့ကိုတော့ မခြောက်ပါနဲ့၊ ငါကြောက်လွ
လို့ပါ"လို့ပြောတယ်။

အဲဒီတော့မှ ပြန်သွားပုံရတယ်။ ဘာသံမှ မကြားရတော့
မနက်လင်းလို့ မီးဖိုထဲဝင်ကြည့်လိုက်တော့ လမ်းသွား
မရဘူး။

ငှါးရှိသမျှ အိုးခွက်ပန်းကန်တွေအားလုံး သမံတလင်းပေ
စီပြီး ချထားခဲ့တယ်။

အရပ်ထဲမှာ အများသူငါ ယူဆကြသလို ...

ကိုနိုင်တစ်ယောက် လူ့ဘဝကနေ သေလွန်ပြီး အ
ကူးပြောင်းသွားပြီဆိုတာကို သိမှသိသေးရဲ့လား။

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို ဘယ်သူ့ကိုမှ ခေ
မရ၊ ပြောလို့မရနဲ့။

ဘာဖြစ်လို့ဖြစ်မှန်းမသိသေးတဲ့ ကိုနိုင်ရဲ့ဝိညာဉ်တာ
ဆွေမျိုးတွေအိမ်ကို လျှောက်သွားပြီး။

သူရောက်နေတဲ့အကြောင်း အသိပေးနေတာများလာ
စာရေးသူတွေးနေမိပါတယ်။





ဒေါသထွက်ပြ၊ ပြုံးပြ၊ မဲ့ပြခဲ့တဲ့အလောင်း

သုံးရက်မြောက်တဲ့နေ့မှာ ကိုနိုင့်အလောင်းကို ကွင်းနောက်
သုသာန်ပို့ပြီး မီးသင်္ဂြိုဟ်တယ် ...။

သေဆုံးတဲ့အချိန်ကနေ မီးသင်္ဂြိုဟ်ခါနီးအချိန်ထိ ကိုနိုင့်
အလောင်းကို မိတ်ဆွေမျိုးတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေလာပြီး
ကြည့်ကြတယ်။

အဲဒီမှာ မျက်နှာအမူအယာအမျိုးမျိုး ပြောင်းလဲနေတာကို
တွေ့ကြရတယ်။

သေတဲ့နေ့က အလောင်းစင်ပေါ်က ကိုနိုင့်မျက်နှာဟာ
ခက်ထန်မာကျောနေတယ်။

တစ်စုံတစ်ယောက်ကို ဒေါသထွက်နေတဲ့ပုံမျိုး၊

ကိုနိုင် ဘယ်သူ့ကို ဒေါသထွက်နေတာလဲ။

ဇာတ်ဆောင်မှာ တစ်ယောက်ယောက်ကိုများ ဒေါသထွက်
သွားခဲ့တာလား ...၊

စဉ်းစားစရာပဟေဠိတစ်ပုဒ်လို ဖြစ်နေတယ်။

(၂)ရက်မြောက်မနက်၊ ကိုနိုင့်အလောင်းကို ကြည့်လိုက်
တော့ အားလုံးအံ့အားသင့်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင့်မျက်နှာက နှစ်နှစ်မြိုက်မြိုက်ကြီး ပြုံးလို့။

တစ်ခုံတစ်ရာအတွက် အားရကျေနပ်နေတဲ့မျက်နှာမျိုး

ဘာကိုသဘောကျပြီး ဒီလောက်ကြီး ပြုံးနေတာလဲ

ဘယ်သူမှ တွေးလို့မရဘူး။

သကြိုတ်မယ့်နေ့ မနက်ခင်းကျတော့ မျက်နှာအမူအယာ

တစ်မျိုးပြောင်းသွားပြန်တယ်။

မဲ့နေတယ်။

မဲ့တယ်ဆိုတာက ဝေဒနာ ခံစားရလို့ မဲ့နေတဲ့အမဲ့

မဟုတ်ဘူး။

အလိုမကျလို့ သဘောမတွေ့လို့ မဲ့တဲ့အမဲ့။

စာရေးသူ၊ လူသေအလောင်း အများအပြားတွေ့ဖူးပါတယ်

တစ်ချို့ သေခါနီး ခံစားရတဲ့ ဝေဒနာကိုလိုက်ပြီး လှုပ်လှုပ်

မျက်လုံးပြူး၊ မချိမဆန့် ခံစားနေရတဲ့မျက်နှာမျိုးတွေလည်းရှိတယ်

ဘယ်လိုပဲဖြစ်ဖြစ်၊ နှစ်ဆယ့်လေးနာရီကျော်ပြီဆိုတာနဲ့

အလောင်းမှန်သမျှရဲ့ မျက်နှာအားလုံးမှာ သုညဆိုတဲ့ အမိပ္ပာယ်

ရှိတော့တယ်။

အသက်ရှင်နေတဲ့ လူတစ်ယောက်ရဲ့မျက်နှာလို ငို

ရီ၊ ပြုံး မလုပ်နိုင်ပါဘူး။





အဲဒီဆိုရင် ကိုနိုင့်အလောင်းက ဘာကြောင့် ဒေါသထွက်ပြ၊

နှစ်မြိုက်မြိုက် ပြုံးပြ၊ မဲ့ပြတာတွေ လုပ်နေရတာလဲ။

ကိုနိုင်ရဲ့ဝိညာဉ်ကပဲ သူ့ခံစားချက်တွေကို ပြနေတာများ

လား။

ဒီလိုပြလို့ရော ရလို့လား။

စာရေးသူ ဉာဏ်မမီပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ကိုနိုင်ရဲ့ဝိညာဉ်ကတော့ အလောင်းစင်

ပေါ်ကနေ ဒေါသထွက်ပြ၊ ပြုံးပြ၊ မဲ့ပြပြီး ...

စာရေးသူနှင့်တကွ အားလုံးကို ပဟေဠိတွေ ပေးသွား

တာတော့ အမှန်ပါပဲ။

ကြောက်ကယ်ခြောက်တဲ့ ကိုနိုင့်ဝိညာဉ်

သေခါနီးမှာ သေနိမိတ်တွေပေးပြီး အသေဆိုးကြီးခဲ့ရတဲ့

ကိုနိုင် ...၊

ဝိညာဉ်ဘဝနဲ့ မိန်းမဆီအရောက်ပြန်လာတဲ့ကိုနိုင်၊

အသက်မဲ့ခန္ဓာရဲ့ မျက်နှာပေါ်မှာ ဒေါသထွက်ပြ၊ ပြုံးပြ၊

မဲ့ပြပြီးအားလုံးကို အံ့အားသင့်အောင် လုပ်ခဲ့တဲ့ကိုနိုင်တာ ...



www.burmeseclassic.com

www.burmeseclassic.com



သေတဲ့နေ့ကနေ ခုနစ်ရက်လည်တဲ့နေ့အထိ ပြောင်းဆန်အောင် ခြောက်လှန့်နေခဲ့ပါတယ် …။

မိဘဆွေမျိုးတွေ၊ ခင်မင်တဲ့မိတ်ဆွေတွေအိမ်ကို ညတိုင်းသွားတယ်။

အိုးခွက်ပန်းကန်တွေ လှန်လှောတာ၊ အိမ်ကို လှုပ်ယမ်းတာ။

အိပ်နေသူတွေရဲ့ စောင်တွေဆွဲ၊ ခြေထောက်တွေဆွဲတာ လုပ်တယ်လို့ ကိုခိုင်ရဲ့ခြောက်တာခံရသူတွေက စာရေးသူကို ပြောပြပါတယ်။

စာရေးသူကိုယ်တိုင်လည်း တစ်လပြည့်ဆွမ်းကျွေးတဲ့ (၅.၇.၂၀၁၇)နေ့ညမှ ရန်ကုန်ပြန်ခဲ့တာမို့ တစ်ချို့အဖြစ်အပျက်တွေကို သိမြင်တွေ့ကြုံခဲ့ရပါတယ်။

အလောင်းကို သုသာန်မှာ မီးသင်္ဂြိုဟ်ခဲ့တဲ့ သုံးရက်မြောက်ညက သမီးကြီးရဲ့အိမ်ကို ကိုခိုင် ခဲနဲ့ပေါက်တယ်။

သမီးကြီးက အိမ်ထောင်ကျပြီး ကိုခိုင်အိမ် ခေါ်ရင်ကြားလောက်၊ ဝါးလုံးတန်းခြံစည်းရိုးလေးပဲခြားတဲ့ အိမ်မှာနေတာပါ။

သမီးကြီးက ညဦးပိုင်း အသုဘအိမ်မှာ လာနေပြီး ညနက်တော့ သူ့အိမ် ပြန်သွားတယ်။





ညနှစ်နာရီလောက်မှာ သမီးကြီးရဲ့အိမ်ကို ခဲနှင့်ပေါက်တော့တာပဲ။

ခဲက လက်သဲခွံလောက်အရွယ် ကျောက်စရစ်ခဲလေးတွေပါ။

သူ့သမီးကြောက်မှာစိုးလို့နဲ့တူရဲ့။

ခဲကြီးတွေလည်း မသုံးဘူး၊ အားပြင်းပြင်းနဲ့လည်း မပေါက်ဘူး။

စတဲ့သဘော၊ အိမ်ထရံကို ထိရုံအသာအယာ ပေါက်နေတာပါ။

ခဲတစ်လုံးနဲ့တစ်လုံး သုံးမိနစ်လောက်ပဲ ခြားပြီး ပေါက်နေတယ်။

စာရေးသူအပါအဝင် ဆွေမျိုးမိသားစု ဆယ်ယောက်လောက်တာ အသံမထွက်ရဲဘဲ ဒိတ်တိတ်လေး ချောင်းကြည့်၊ နားထောင်နေကြပါတယ်။

“ကိုခိုင်တော့ သူ့သမီးအသုဘအိမ်မှာ မရှိတဲ့အတွက် သွားနှိုးနေတာဖြစ်မယ်” လို့ပဲ၊ တီးတိုးပြောရင်း ချွေးပြန်နေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်ကျော်ကျော်ကြာပြီးမှ ခဲပေါက်တာလည်း ရပ်တန့်သွားပါတယ်။

နောက်တစ်ကြိမ်ကြုံရတာက ဒါးရက်ပြောက်နေ့ မနက် (၈) နာရီလောက်မှာ ကြုံရတာပါ။

ကညွတ်ကွင်းမြို့ရဲ့ ထုံးစံအတိုင်း ဒါးရက်နဲ့ ရက်လည် ဆွမ်းကျွေးတယ်။

သံဃာတော်ပဉ္စ ဆွမ်းကပ်၊ တရားနာပြီး ဖိတ်ကြားထားတဲ့ ဧည့်ပရိသတ်ကို ကညွတ်ကွင်း မုန့်ဟင်းခါးနဲ့ ဧည့်ခံကျွေးမွေးနေတဲ့ အချိန် ...။

အိမ်ရှေ့မဏ္ဍပ်ထဲမှာ ဧည့်သည်တွေ ပြည့်ကျပ်နေတယ်။

အဲကြောင့် တစ်ချို့ဧည့်သည်တွေကို အိမ်ပေါ်ခေါ်ပြီး ဧည့်ခံရတယ် ...။

အဲဒီ အထဲမှာ အစ်မကြီးမမြလည်း ပါတယ်။

မမြက အိမ်ရှေ့ပြတင်းပေါက်ကို ကျောပေးပြီး မုန့်ဟင်းခါး စားနေတာ။

စားနေရင်းတန်းလန်း မမြခါးတွေ တွန့်လိမ်နေတယ်

ပါးစပ်ကလဲ ...





"တဲ့ ... ကိုခိုင်၊ ငါ့ကို မစပါနဲ့တယ်၊ ငါ နင့်ကို ကြောက်ပါတယ်"လို့ ပြောနေတယ်။

ပြောလို့မရဘူးနဲ့တူပါရဲ့။

ခါးကို ဘယ်တွန့်လိုက်၊ ညာတွန့်လိုက်လုပ်ပြီး ပြတင်းပေါက်နဲ့ဝေးတဲ့အတွင်းဘက်ကို တိုးသွားပါတယ်။

ပြီးတော့ ...

"ငါ ... သနားလိုက်တာ ကိုခိုင်ရယ်"လို့ ပြောပြီး ကြုံကြုံပါအောင် ငိုတော့တာပါပဲ။

တရေးသူနဲ့ ဧည့်သည်အချို့လည်း မမြဖြစ်နေတာကို အံ့အားသင့်ပြီး ကြည့်နေမိကြပါတယ်။

ခဏနေလို့ မမြကို မေးကြည့်တော့မှ ...

"ကိုခိုင်ရယ်လေ၊ ခါးကို ဘယ်တို့လိုက် ညာတို့လိုက် လုပ်ပြီး ကလိထိုးနေတယ်"လို့ ပြောပါတယ်။

ဒီတော့မှ မြဲထဲမှာ ကိုခိုင်ရှိနေတယ်ဆိုတာကို စဉ်းစားမိပြန်တယ်။ ကိုခိုင်ဟာ မမြကို လူ့ဘဝရှိစဉ်ကတည်းက ချစ်ခင်ရင်းနှီးမှု ရှိပါတယ်။

မိဘပိုးချောင်ထဲဝင်၊ အိုးခွက်ပန်းကန်ရှိသမျှကို သမ်ဘာလင်းပါ စီချထားခဲ့တဲ့ အိမ်ကလည်း မမြရဲ့အိမ်ပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၆)ရက်မြောက်နေ့မှာ ဖြစ်ပွားတဲ့အဖြစ်အပျက်ကလည်း ထူးဆန်းတဲ့အဖြစ်အပျက်ပါပဲ။

ဒီအဖြစ်ကလည်း နေ့ခင်းဆယ်နာရီခွဲလောက်မှာ ဖြစ်တာလို့ ပြောပါတယ်။

ကိုခိုင်ရဲ့ဗီညာဉ်ရောက်သွားတဲ့အိမ်က သူ့ရဲ့ဦးလေးဖြစ်သူ အိမ်ပါ။

ဦးလေးရဲ့ဇနီး ဒေါ်တိုးက ရေတံကင်အနီးမှာ အဝတ်လျှော် နေတာပါ။

အဲဒီအချိန်မှာ တဖျပ်ဖျပ် အသံကြားလိုက်ရတယ်။

အနီးမှာလည်း ဘယ်သူမှ မရှိဘူး။

ကိုခိုင်လာခြောက်ပြီဆိုတာ သိလိုက်တယ်။

နေ့လည်ခင်းကြီးလည်း ဖြစ်နေတာကြောင့် ဒေါ်တိုးစိတ်ထဲ မှာ သိပ်မကြောက်လှဘူး။

ဒါကြောင့် ...

"ကိုခိုင်၊ နင့်ကို ငါကြောက်မယ်ထင်လို့ လာခြောက်နေ တာလား၊

နင်မောရုံပဲရှိမယ်၊ ငါကတော့ လုံးဝမကြောက်ဘူး"လို့ အော်ပြောလိုက်တယ်။



ပြောပြီးလို့ အဝတ်ကျန်းလျှော်နေတုန်းမှာပဲ "ဖတ်"ခနဲ လောက်လေးခွပစ်သံလိုလို ကြားလိုက်ရပြီး ...

ကျောက်စရစ်ခဲလေးတစ်လုံးက အရှိန်ပြင်းပြင်းနဲ့ ဒေါ်တိုး ရဲ့ခါးကို လာမှန်ပါတယ်။

ဒီတော့မှ ဒေါ်တိုးလည်း "ကြောက်ပါပြီကိုခိုင်ရဲ့၊ မပစ်ပါ နဲ့တော့"လို့အော်ပြီး နီးရာအိမ်တစ်အိမ်ကို ဝင်ပြေးသွားရပါတယ်။

ဒီအကြောင်းကို ဒေါ်တိုးကသူ့အသိမ်းမှာပြောလို့ သိရတာပါ။

လောက်လေးမှန်လို့ အညိုအမဲ စွဲနေတဲ့ခါးက အစ်ရာ ကိုလည်း မြင်တွေ့ရပါတယ်။

သူ့မိန်းမ ကြြည်ဆိုလည်း နေ့တိုင်းအိပ်ရေးပျက်ရပါ တယ်။

နာရေးကိစ္စတွေကြောင့် လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်လို့ အိပ်မောကျတာနဲ့ လာပြီးလှုပ်နှိုးတယ်လို့ ပြောပြပါတယ်။

အကောင်အထည်တော့ မမြင်ရဘူးတဲ့။

ဒီလို နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း ကိုခိုင်လာခြောက် တာကို တကိုက်ထိတ် တလန့်လန့် ကြောက်ရွံ့နေကြရင်း အရေး အကြီးဆုံးနေ့လို့ ယူဆထားကြတဲ့ ခုနစ်ရက်လည်တဲ့နေ့ကို ရောက် လာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်လည်တဲ့နေ့

သေပြီးတဲ့သူတစ်ယောက်ဟာ သူ့အိမ်မှာ ခုနစ်ရက် နေလို့ရတယ်။

အိမ်စောင့်နတ်၊ မြေစောင့်နတ်နှင့် အိမ်တွင်းကလည်း ခွင့်ပြုရတယ်။

ခုနစ်ရက်ပြည့်ရင်တော့ အိမ်မှာ နေခွင့်မရှိတော့ဘူး။

ဆိုင်ရာပိုင်ရာတွေက သူ့ကို နှင်ထုတ်တယ်။

သေသူကလည်း အိမ်ကနေ အပြီးတိုင် ထွက်သွားကြရတယ်လို့ အယူအဆ အစွဲအလန်းရှိကြပါတယ်။

တရားတော်နဲ့ကြည့်ရင် ဒီအတွေးအယူဟာ မှားယွင်းတဲ့ အယူပါ။

အမှန်တကယ်က သတ္တဝါတစ်ဝုံတစ်ယောက် သေဆုံးပြီဆိုတာနဲ့ အချိန်အကြား အလပ်မရှိ ဘဝသစ်ကို ကူးပြောင်းကြရတယ်။

ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာကလွဲလို့ အားလုံးဟာ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ကြရစမြဲပါ။



ဒါဆို ဘာကြောင့် ခြောက်တာ၊ လှန့်တာတွေ ရှိနေ
တွေ့နေရတာလဲလို့ မေးစရာရှိပါတယ်။

ဒါက သေသူဟာ သူစွဲလန်းတဲ့ နေအိမ်တိုက်တာ ဥစ္စာ
ပစ္စည်း၊ ဇနီးသားသမီး စသည်တွေကြောင့် ဘဝသစ်ကို ကူးပြောင်း
ပြီးသော်လည်း ...

စွဲလန်းခဲ့တဲ့ သက်ရှိ၊ သက်မဲ့တွေအနီးမှာပဲ ပြန်လည်
တည်မှီနေထိုင်နိုင်တဲ့ သဘောသဘာဝကြောင့်ပါ။

အချို့ဆို မကျွတ်မလွတ်တဲ့ နေအိမ်ခြံထဲမှာ နှစ်ပေါင်းများစွာ
နေတာ ကြားသိရပါတယ်။

ဒီလိုနေထိုင်ရင်းနဲ့ အသံပေး၊ အနံ့ပေး၊ ကိုယ်ထင်ပြ
အိမ်မက်ပေးစသည်ဖြင့် သူရှိနေတဲ့အကြောင်း ထင်ရှားအောင် ပြတတ်
ကြပါတယ်။

ဒါကိုပဲ ခြောက်တယ်၊ လှန့်တယ်လို့ ခေါ်ကြတာပါ။

ဒီလိုခြောက်တဲ့ လှန့်တဲ့အတွက် ခုနစ်ရက်နေခွင့်ရှိတယ်
ဆိုတဲ့ အယူအဆပေါ်လာပုံရပါတယ်။

ဒါကြောင့်လည်း တိုင်းရဲ့မိသားစုဝင်အားလုံး ခုနစ်ရက်
လည်တဲ့နေ့ကို အထူးသဖြင့် ထိတ်ထိတ်လန့်လန့် ဖြစ်နေကြခြင်းပါ

www.burmeseclassic.com



တစ်ခုထူးခြားတာက ခုနစ်ရက်လည်တဲ့ညတာ အရှင်အရှင် ညတွေထက်ပိုပြီး ထင်ထင်ရှားရှား ခြောက်လှန့်ခြင်းပါပဲ။

ညသယ်နာရီလောက်မှ အိပ်ပေါ်တို ကိုခိုင်တက်လာပုံ ရပါတယ်။

ခြေသံပြင်းပြင်းနဲ့ လှေကားကတက်လာတဲ့အသံကို ကြား ကြရတယ်။

မအိပ်သေးတဲ့သူတွေက အလန့်အထိတ်နဲ့ အိပ်နေသူ တွေကို လှုပ်နှိုးကြတယ်။

အိပ်နေတဲ့သူတွေကလည်း အလန့်တကြား နိုးထပြီး ကြောက်ကြောက်လန့်လန့်နဲ့ ငြိမ်နေကြတယ်။

ခြေသံက အားလုံးစုအိပ်နေတဲ့ ဘုရားခန်းကိုဖြတ်ပြီး နောက်ဘက်အိပ်ခန်းထဲ တန်းဝင်သွားတယ်။ အကောင်အထည် မမြင်ရပေမယ့် သွားလာလှုပ်ရှားနေတဲ့ အရိပ်တစ်ခုကို လူအားလုံး တွေ့ရပါတယ်။

ပြီးတော့။ အိပ်ခန်းကနေ မီးဖိုခန်းကူးသွားပုံရပါတယ်။

အိုးတွေ ဖွင့်သံ၊ ပိတ်သံ၊ ဇွန်းကန်တွေ ဆွဲယူသံ စတဲ့ အသံတွေ ကြားရပါတယ်။





ခြေသံတလည်း တရှပ်ရှပ်နဲ့ပါပဲ။

ဒီကြားထဲ တစ်စုံတစ်ယောက်ကို အသံထွက်နေပုံရ ပါတယ်။

မကြားခဏဆိုသလို "တောက်" ခတ်တဲ့အသံကြီးကိုလည်း ကြားနေရပါတယ်။

တော်တော်လေးကြာတော့ နောက်ဘက်အိပ်ခန်းထဲက "ကလစ်"ဆိုတဲ့အသံကို ကြားရတယ်။

အိပ်ခန်းထဲမှာ သူတိုင်နေကျ လေသေနတ်တစ်လက်ရှိပါ တယ်။

"ကလစ်"ဆိုတဲ့အသံက လေသေနတ်မောင်း တင်လိုက်တဲ့ အသံမှန်း အားလုံးသိကြတယ်။

ခဏနေတော့ "ဖန်း"ခနဲ လေသေနတ်မောင်းဖြုတ်လိုက်တဲ့ အသံကို ကြားလိုက်ကြရတယ်။

ခဲကျည်ဆံပါပုံတော့ မရပါဘူး။ ဘာကြောင့်လည်းဆိုတော့ တစ်နေရာရာကို ထိမှန်တဲ့အသံ မကြားရလို့ပါ။

သန်းကောင်ကျော် ညတစ်နာရီလောက်ထိ အိပ်ပေါ်မှာ အခန်းတွေကူးပြီး တရှပ်ရှပ် သွားလာနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံနဲ့အတူ ရိပ်ခနဲ ရိပ်ခနဲ ဝဲသွားတဲ့အရိပ်လို အရာကိုလည်း မြင်တွေ့ကြရပါတယ်။

တစ်အိမ်လုံးကို ပြောင်းဆန်အောင် စိတ်တိုင်းကျသွားလာလှုပ်ရှားပြီးမှ ...

ခြေသံပြင်းပြင်းနဲ့ အိမ်အောက်ကို ဆင်းသွားတယ်။

အိမ်ထဲဆင်းပြီး ခြံထဲကို လှည့်ပတ်နေပုံပါ။

အိမ်အောက်မှာ မွေးထားတဲ့ မန်းဒလီဘဲတွေ တရှုံးရှုံးအော်ကြ၊ လန့်ပြေးကြတဲ့အသံတွေကို အိမ်ပေါ်က ကြားနေရပါတယ်။

တော်တော်လေးကြာတော့ မြောက်ဘက်လမ်းမကြီးအတိုင်း ခွေးဟောင်သံ၊ အူသံတွေကို ဆူဆူညံညံ ကြားရတယ်။

ဒီတော့မှ ကိုနိုင်တစ်ယောက် မြောက်ဘက်အစွန်မှာနေတဲ့ သူ့မိဘ၊ ဆွေမျိုးအိမ်သွားပြီဆိုတာ သိကြရပါတယ်။

နောက်နေ့မနက်ကျတော့ ...

မြောက်ပိုင်းက ဆွေမျိုးတွေအိမ်မှာလည်း ကိုနိုင်တစ်ညလုံး ပြောင်းဆန်အောင် သောင်းကျန်းတဲ့အကြောင်း ...

မနက်လင်းခါနီးမှ ငြိမ်သွားတဲ့အကြောင်း ကြားရပါတယ်။





ကိုနိုင်တာသေလွန်ပြီး နှစ်ပတ်လောက်အထိ မိသားစုဝင်တွေနှင့် ဆွေမျိုးမိဘ၊ မိတ်ဆွေတွေအိမ်ကို သွားလာပြီး ခြောက်လှန့်နေပါသေးတယ်။

အဲဒီနောက်မှာတော့ အသံပေးတာ ခြောက်တာ၊ လှန့်တာ၊ ဘာတစ်ခုမှ မပြုတော့ပါဘူး။

သူ့အတွက် ရည်စူးပြီး ပြုလုပ်တဲ့ကောင်းမှုကုသိုလ်တွေရဲ့ အဖို့ဘာဂကို သာဓုခေါ်ပြီး ...

ခြောက်လှန့်နေတဲ့တစ္ဆေသရဲဘဝက ကျွတ်လွတ်၊

မြင့်မြတ်ရာဘုံဘဝကို ရောက်သွားတာလား ...၊

ဒါမှမဟုတ် ...၊

အခြားတစ်နေရာရာကိုများ သွားလာနေလို့လား ...

ဒီလိုမှ မဟုတ်ရင်လည်း ...

ရောက်ရာဘဝမှာ ပျော်တတ်တဲ့သတ္တဝါတွေရဲ့ သဘာဝအတိုင်း ဘဝသစ်မှာပျော်ပြီး ဘဝဟောင်းကို မေ့သွားလို့လား ဆိုတာတော့ ...

ကိုနိုင်တလွဲပြီး ...

ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေခြောက်ခံရသူများ

ဒီအဖြစ်အပျက်က အသက်ခြောက်ဆယ်ကျော်မှ တစ်ခါပဲကြုံတဲ့အဖြစ်အပျက်ပါ။

ညမှောင်ကြီးမည်းမည်းမှာ အကောင်အထည် မမြင်ရဘဲ ရေဗွက်တွေ တပွမ်းပွမ်း နင်းပြီး ကိုယ့်နောက်က သရဲလိုက်လာတဲ့အဖြစ်ကို ကိုယ်တွေ့ကြုံရတာပါ။

မအေးနိုင်တုန်သွားတယ်။

ပါးစပ်ကလည်း လန့်အော်မိတယ်။

ရုတ်တရက် ဓာတ်မီးကို အပေါ်မြှင့်ပြီး ထိုးမိလိုက်တယ်။

"အမလေး ... သရဲကြီး"

ဟုတ်တယ်၊ သရဲကောင်ရဲ့အရစ်က ထန်းပင်တစ်ပင်လိုမြင့်တယ်။

ကိုယ်လုံးက ပိန်ပိန်ရှည်ရှည်ကြီး။





သရဲ ရှိ၊ မရှိ ပြဿနာ

"သရဲ တကယ်မရှိဘူး ..."

"ယုံလည်း မယုံဘူး ..."

အချို့လူတွေက ပြောကြတယ်။

အချို့ကတော့

"သရဲတစ္ဆေဆိုတာ တကယ်ရှိတယ် ..."

"ကိုယ်တိုင်လည်း သရဲခြောက်ခံရဘူးတယ်" လို့ ဆိုကြပြန်တယ်။

"ဒါဆိုရင် လိုက်ခြ၊ သရဲကြည့်ချင်တ...

သရဲခြောက်ခံချင်တယ်"

မယုံကြည်သူက လှောင်သလို၊ ပြောင်သလိုစိန်ခေါ်တယ်။

ဒီတော့လည်း တစ္ဆေသရဲ ယုံကြည်သူတွေအနေနှင့် လက်တွေ့ပြဖို့ ခက်ခဲပြန်ရော။

သရဲတစ္ဆေနဲ့ပတ်သက်ပြီး ကိုယ်တွေ့ကြုံဖူးသူတွေက ယုံတယ်။

မကြုံမတွေ့ဘူးသူတွေက မယုံဘူး။



www.burmeseclassic.com

www.burmeseclassic.com



နာဗာဘာဝလောကရဲ့ လျှို့ဝှက်တဲ့ ထူးခြားဆန်းကြယ်မှုတွေကို လူတိုင်းသိအောင် ထင်ထင်ရှားရှား မပြနိုင်သမျှ သရဲရှိတယ်/မရှိဘူးဆိုတဲ့ ဒွိဟသံသယ ရှိနေဦးမှာပါ။

ယုံကြည်သူ/မယုံကြည်သူတွေရဲ့ အငြင်းပွားမှုကလည်း ဆူညံနေဦးမှာ အမှန်ပါပဲ။

ခေတ်အမီဆုံး၊ အဖွံ့ဖြိုးဆုံးဆိုတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေမှာ သရဲရှိ၊ မရှိနဲ့ပတ်သက်ပြီး ခေတ်မီသိပ္ပံနည်းတွေနဲ့ ဖော်ထုတ်ဖို့ ကြိုးစားကြတယ်။

ဒါပေမယ့် ပြဿနာရဲ့တိကျရေရာတဲ့ အဖြေကိုတော့ လက်လှမ်းမမီနိုင်ကြသေးပါဘူး။

ဂေါကယ်တော့ သရဲတစ္ဆေဆိုတာ အမှန်တကယ်ရှိတဲ့ အရာတွေပါ။

သူတို့ဟာ ထင်ရှားမြင်ရတဲ့ လူတွေ၊ တိရစ္ဆာန်တွေလို ထင်ရှားမမြင်ရတဲ့ နတ်တွေ၊ ဗြဟ္မာတွေ ငရဲသားတွေလို သုံးဆယ်တစ်ဘုံသား ပြိတ္တာတွေပါပဲ။

ကြောက်အောင်၊ လန့်အောင်၊ မူးဝေအောင် ခြောက်လှန့်တတ်တဲ့သဘာဝရှိတဲ့အတွက် သရဲ၊ တစ္ဆေလို့ ခေါ်တာဖြစ်ပါတယ်။



လူတို့မတွေးဆနိုင်တဲ့ အံ့ဩဖွယ် အထူးထူး၊ အဆန်းဆန်းတွေ လုပ်တတ်တဲ့အတွက်လည်း နာနာဘာဝလို့ ခေါ်တယ်လို့ ဆိုပါတယ်။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ ပေတဝတ္ထုတွေဟာ ပြိတ္တာလို့ခေါ်တဲ့ သရဲ၊ တစ္ဆေ၊ နာနာဘာဝတွေအကြောင်းပဲဖြစ်ပါတယ်။

စာရေးသူကတော့ ...

မတုတ်မမှန်တာကို မြူတစ်မှုန်စာတောင် မပြောတဲ့၊ ဗုဒ္ဓမြတ်စွာဘုရားပြောတဲ့စကားတော်အရရော ...

ကိုယ်တွေ့မျက်မြင်နပူးတွေ၊ နားတွေ့၊ ကြုံခဲ့တဲ့အတွက်ကြောင့်ရော ...

(စာရေးသူရဲ့ညောင်မျိုးပင်က သရဲမ စာအုပ်မှာ ဖော်ပြပြီးပါပြီ)

သရဲတစ္ဆေရှိတယ်ဆိုတာကို ယုံကြည်လက်ခံတဲ့သူပါ။

ဒါကြောင့်လည်း ထူးဆန်းအံ့ဩစရာကောင်းတဲ့အဖြစ်အပျက်တွေနဲ့ ...

သရဲတစ္ဆေနာနာဘာဝတွေနဲ့ ပတ်သက်တဲ့ဖြစ်ရပ်မှန်အဖြစ်အပျက်တွေကိုပဲ ရှာဖွေလေ့လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ကြုံခဲ့သူတွေဆီ သွားရောက်မေးမြန်းပြီး ရေးသား တင်ပြခဲ့ပါတယ်။

ယခုတင်ပြရမယ့် အကြောင်းအရာတလည်း အမှန်တကယ် သရဲခြောက်ခံရသူပြောပြတဲ့ အဖြစ်အပျက်ပါ။

သူ့နာမည်က ဦးတင်မြင့်(အမည်လွှဲ)ဖြစ်ပြီး သူနေတာက ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မီးလောင်ပြင်ဖြစ်ပါတယ်။

နောက်ကလိုက်လာတဲ့သရဲ

ဦးတင်မြင့်ရဲ့ မူလနေရပ်က လှိုင်မြို့နယ်မှာပါ။

သူနေတဲ့(၁၃)ရပ်ကွက်ကြီး မီးလောင်တော့ မီးဘေးဒုက္ခ သည်တွေ အကုန်လုံး မြို့ပြင်ရောင်းထုတ်ခံရတယ်။

သစ်ရိပ်မရှိ ဝါးရိပ်နတ္ထိ လွင်တီးခေါင်မြေကြီးထဲမှာ အတွက် ရိုက်ပြီး နေရာချပေးတယ်။

မူလနေခဲ့တဲ့ လှိုင်ဆိုတာက နေ့ရော၊ ညပါ စည်ကားဆူညံ နေတဲ့နေရာ။

အခုရောက်လာတာက ရွာပြင်ဝေးပုန်း ကျီးနှင့်ပုတ်ပုတ်ဆိုတဲ့ နေရာ။



အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာ ရေး၊ စားဝတ်နေရေး၊ လူနေမှုစရိုက် အစစကွာတယ်။

ဒါပေမယ့် ဘာမှ မတတ်နိုင်ဘူး။

တစ်ယောက်တည်း ကွက်ပြီး မိုးပြိုတာမဟုတ်တဲ့အတွက် ဦးတင်မြင့်တို့မိသားစုလည်း အများနဲ့အတူ မြို့ကွက်ရိုက်ထားတဲ့ လယ်ကွင်းပြင် ရိုးပြတ်တောကို ပြောင်းခဲ့ရတယ်။

သူတို့နေတဲ့ရပ်ကွက်ကို တာဝန်ရှိသူတွေက နာမည်လှလှ လေး ပေးထားတယ်။

ဒါပေမယ့် ဘယ်သူမှမခေါ်ဘူး။ ဘယ်သူကမှလည်း အဲဒီ နာမည်ကို မသိကြဘူး။

လှိုင်မီးလောင်ပြင်က ပြောင်းလာတဲ့သူတွေနေတဲ့ ရပ်ကွက်မို့ မီးလောင်ပြင်လို့ပဲ ခေါ်ကြ၊ သိကြတယ်။

မီးလောင်ပြင်မှာနေတယ်ပြောမှ တိတိကျကျ သိကြတယ်။

တစ်ခုရှိတာက မီးလောင်ပြင်မှာ နေကြရပေမယ့် သူတို့ အားလုံးရဲ့လုပ်ငန်းကိုင်ငန်းတွေ၊ စားဝတ်နေရေးအတွက် လှုပ်ရှား ရှာဖွေရာ စားကျက်နေရာတွေက မီးလောင်ပြင်မှာ မရှိဘူး။

မူလနေတဲ့ လှိုင်မြို့နယ် ပတ်ဝန်းကျင်မှာပဲရှိတယ်။

လုပ်ငန်းခွင်အချိန်မီရောက်ဖို့ မိုးမလင်းခင်လာတည်းတာ။

www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ပြင်ကနေ တစ်မိုင်ခရီးလောက် ခြေကျင်လျှောက်မှ ကားစီးလို့ ရထားစီးလို့ရတဲ့ လော်ကားကို ရောက်တယ်။

အဲဒီကမှ အလုပ်ခွင်ရှိရာ သွားကြလာကြရတယ်။

ဦးတင်မြင့်ကတော့ အလုပ်ဝင်နေတဲ့ သားကြီး၊ သမီးကြီး တွေကို မီးလောင်ပြင် ခေါ်မလာတော့ဘူး။

လှိုင်မှာပဲ အိမ်ခန်းငှားပြီးထားတယ်။

သားတွေ သမီးတွေကို သက်သောင့်သက်သာ လုပ်ငန်းခွင် ဝင်နိုင်အောင် စီစဉ်ထားတယ်။

ပြီးတော့မှ ဖအေတစ်လှည့်၊ မအေတစ်လှည့်စီသွားပြီး စောင့်ရှောက်ရတယ်။

ခေတ်ကိုက အိမ်ရှိလူကုန် အလုပ်လုပ်မှ ထမင်းဝတဲ့ခေတ် ဆိုတော့ ဒုက္ခများပေမယ့် ဒီလိုပဲ လုပ်ရတာပဲ။

တစ်နေ့ စနေ၊ တနင်္ဂနွေ အလုပ်ပိတ်ရက်တွေမှာ သမီး ကြီးက မီးလောင်ပြင်ကို အလည်လာတယ်။

မောင်လေး၊ ညီမလေးတွေကို လွမ်းလို့တဲ့။

ခက်တာက၊ သူလွမ်းတာက တနင်္ဂနွေထိမပြေဘူး။

တနင်္လာနေ့ အလုပ်ပြန်ဆင်းရမှာ၊ တနင်္ဂနွေညနေမှ အေးအေးဆေးဆေးပြန်၊ ရတယ်။





ရတော့ တနင်္လာနေ့ မနက်ကျမှ ထပြန်တယ်။

ဦးတင့်မြင့်ကိုယ်တိုင် သမီးကြီးကို လိုက်ပို့တယ်။

အစောဆုံးထွက်တဲ့ကားကို မီဖို့ မီးလောင်ပြင်ကနေ မနက် သုံးနာရီခွဲမှာ ထွက်ခဲ့ကြတယ်။

ခြေသားလမ်းအတိုင်း တစ်မိုင်လောက် လမ်းလျှောက်ကြ ရတယ်။

ညအမှောင်ထုလည်း ထုနဲ့ထည်နဲ့ အားကောင်းနေတုန်း။

အဲဒီအချိန်မှာ သူတို့နောက်ကို သရဲတစ်ကောင် လိုက်လာ ခဲ့တယ်လို့ ဦးတင်မြင့်က ပြောပြပါတယ်။

သရဲက မီးလောင်ပြင်က စထွက်ကတည်းက လိုက်လာ [illegible]

ဖိုးလူသားတို့ လော[illegible] တစ်လျှောက်လုံး ရှောက် တွေချည်းပဲ။

သရဲက [illegible] လိုက်လာတာ။ ရေထဲမှာ လူလမ်းလျှောက်သလိုမျိုး၊ တဖွမ်းဖွမ်းနဲ့ ဗလမတော့ အသံကြား ကြားချင်း သိန့်သွားတာပေါ့၊ ဓာတ်မီးနဲ့လျှောက်ထိုးကြည့်တော့ ဘာဆိုဘာမှ မရှိဘူး။

www.burmeseclassic.com



ဖားတွေ၊ ငါးတွေ ခုန်တာဖြစ်မယ်လို့ သမီးကို မကြောက်အောင် ပြောထားရတယ်။

ဒါပေမယ့် ဖားတွေ၊ ငါးတွေ ခုန်တဲ့အသံမဟုတ်ဘူးဆိုတာ ကျွန်တော်သိတယ်။ သမီးလည်းသိပုံရပါတယ်။

ကျွန်တော်တို့ရပ်ပြီး ဆက်မီးထိုးကြည့်နေတုန်းမှာ သရဲကလည်း ရပ်သွားပုံရတယ်။

ရေသံ ခြေသံ မကြားရတော့ဘူး။

ကျွန်တော်တို့ လမ်းဆက်လျှောက်တော့ ကြားရပြန်ရော။

လိုက်နေတာက နောက်ဘက်ငါးတစ်ရိုက်အကွာလောက်ကပဲ။

ရေသံ တဗွမ်းဗွမ်းကို ထင်ထင်ရှားရှား ကြားရတာ။

"အဖေ၊ ဒါ ဖားခုန်တဲ့အသံ မဖြစ်နိုင်ဘူးနော်" တဲ့။

သမီးကြီးရဲ့အသံက တုန်နေတယ်။ ကြောက်နေပုံရတယ်။

"ဘာမှမကြောက်နဲ့၊ အဖေတစ်ယောက်လုံးရှိတယ်။ သမီးဂုဏ်တော်ကိုသာရွတ်နေ" လို့ ပြောရတယ်။

ပြီးတော့ သားအဖနှစ်ယောက် မပြေးရုံဟာမယ် ခပ်သွက်သွက် လျှောက်ကြတယ်။



ကျွန်တော်တို့ သွက်သွက်လျှောက်ရင် သရဲကလည်း ခပ်သွက်သွက်လျှောက်တာပဲ။

ရေသံက တဗွမ်းဗွမ်း၊ တဗွမ်းဗွမ်းနဲ့ ဆက်တိုက်လိုက်လာတယ်။

ကျွန်တော်ဓာတ်မီးနဲ့ သုံးခါတိတိ ထိုးကြည့်ခဲ့တယ်။ ဘာမှမတွေ့ရဘူး။

သရဲရဲ့ ခန္ဓာကိုယ်အကောင်အထည် မတွေ့ရပေမယ့် သရဲခြောက်တာ အသေအချာပဲ။

သရဲကလွဲပြီး ဘာမှ မဖြစ်နိုင်ဘူး။

သရဲရှိတဲ့အကြောင်း ပုံပြင်တွေ ဖတ်ဖူးတယ်။

သူများတကာပြောတာ ကြားဖူးတယ်။

ကိုယ်တိုင် မတွေ့မကြုံဖူးခဲ့ဘူး။

ဒီအဖြစ်အပျက်က အသက်ခြောက်ဆယ်ကျော်မှ တစ်ခါပဲ ကြုံရတဲ့ အဖြစ်အပျက်ပါ။

ညမှောင်ကြီးမည်းမည်းမှာ အကောင်အထည်မမြင်ရဘဲ ခြေသံ ကြားပြီး ကိုယ့်နောက်က သရဲလိုက်လာတဲ့အဖြစ်ကို ကိုယ်တွေ့ကြုံရတာ။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်တဲ့စိတ်ထက်၊ စိတ်လှုပ်ရှားနေမိတယ်။ သမီး ကြောက်မှာကိုပဲ စိုးရိမ်နေမိတယ်။

ဘာပဲဖြစ်ဖြစ်၊ ချွေးပြန်ခဲ့ရတယ်ဆိုတာတော့ ဝန်ခံပါတယ်။

အဲဒီသရဲဟာ ကျွန်တော်တို့နောက်က တောက်လျှောက် လိုက်လာပြီး ကားလမ်းမရောက်ခါနီးမှ ကျန်ခဲ့တယ်။

ဒီအဖြစ်အပျက်က ကျွန်တော့်အတွက် ရှားရှားပါးပါး ကြုံရတဲ့ ထူးထန်းအဖြစ်အပျက်ပါ။

နောက်မှ ပြန်စဉ်းစားမိတယ်။

ညအချိန်ဆိုတာ တစ္ဆေသရဲတွေ နာနာဘာဝတွေ အစာရှာ ထွက်တဲ့အချိန်။

အဲဒီသရဲဟာ ကျွန်တော်တို့ဆီက အစာတောင်းဖို့ လိုက်နေ တာများလားလို့။

သူက အစာတောင်းဖို့ လိုက်နေတာကို ကျွန်တော်တို့က သရဲခြောက်တယ်ထင်ပြီး သွားနေကြတယ်။

သူ့အတွက် ဘာမှ မပေးနိုင်ဘူး။

ဒါလိုတွေးမိတဲ့အတွက် စိတ်မကောင်းဖြစ်မိတယ်လို့ စာရေး သူကို ပြောပြခဲ့ပါတယ်။



## သရဲတစ္ဆေတောင်နှင့်ပက်ပင်းတိုးမိသူ

သရဲမယုံကြည်သူတွေ၊

သရဲနှင့်ပတ်သတ်ပြီး လေ့လာချင်သူတွေအတွက် ဖြစ်ရပ်မှန် အဖြစ်အပျက်တစ်ခုပါ။

သရဲနှင့်ပတ်ပင်းတိုးမိခဲ့သူက ကညွတ်ကွင်းရဲ့စခန်းတ ရဲ့ တပ်ကြပ်ကျော်တင့်ရဲ့ဇနီး မအေးနိုင်ပါ။

အမျိုးသမီးတစ်ယောက် သရဲနဲ့တွေ့တာ ဘာမှ မဖြစ် ဘူးလားလို့ မေးစရာရှိတယ်။

မအေးနိုင်ရဲ့ အဲဒီနေ့က ထိတ်လန့်တုန်လှုပ်နေတာကို ဒေါ်လှသီ(မိုလ်တဲရပ်)က မြင်ရတွေ့ရတဲ့အတိုင်း ပြောပြခဲ့ပါတယ်။

"မအေးနိုင်ရဲ့ပုံက အရမ်းကြောက်လန့်နေတဲ့ပုံပဲ။ ချွေးသီး ချွေးပေါက်တွေလည်း စို့ရွှဲလို့။

အကြောက်လွန်ပြီး မျက်နှာအမူအယာ ပျက်နေတာ ကလည်း အရမ်းသိသာနေတယ်။

အဲဒီနေ့က ကိုကျော်တင့်၊ မအေးနိုင်တို့ရဲ့ အလှူအခင်းနေ့၊

သူတို့ရဲ့တစ်ဦးတည်းသောသားလေးကို ရှင်ပြုပေးတဲ့နေ့။ အလှူက အေးအေးလူပါ။

မဆူညံပဲမထိုးဘူး၊ ဆိုင်းတွေအသံချဲ့စက်တွေ မထားဘူး။

www.burmeseclassic.com



အလှူမလှည့်ဘူး။

ဘာသကာသနမှ မပါသဲ၊ ဘုန်းကြီးကျောင်းမှာပဲ ထွမ်းတစ်ထွမ်းကျွေး၊ တရားနာ၊ ညွှပရိတ်သတ်ကျွေးမွေးပြီးလှူတဲ့ အေးအလှူ။

အလှူအဝင် နေ့လည်ကတည်းက ကိုကျော်တင့် မအေးနိုင်တို့ မိသားစုရော ...

ဝေယျာဝစ္စလုပ်ကိုင်ကူညီကြမယ့် မေလှသီတို့လုပ်အားပေးအဖွဲ့တွေရော အလှူလုပ်မယ့် ပုသိမ်ကျောင်းကို ရောက်နေကြတယ်။

ဖြစ်ချင်တော့ မနက်အာရုဏ်မှာ ဆက်ကပ်လှူဒါန်းမယ့် အချိုပွဲမုန့်တွေ မေ့ကျန်နေခဲ့တယ်။

မေ့နေတာကို သိတဲ့အချိန်က ညနေ(၇)နာရီကျော်မှ၊ ညအမှောင်တောင် မှောင်စပြုနေပြီ။

ခိုင်းရမယ့် ယောက်ျားလည်းမရှိ၊ မယူလို့ကလည်း မဖြစ်တဲ့အဆုံး မအေးနိုင်ကိုယ်တိုင်ပဲ ရဲစခန်းပြန်လာခဲ့ရတယ်။

သိပ်ဝေးတဲ့ခရီးလည်းမဟုတ်၊ အခေါက်ခေါက်အခါခါ သွားနေကျလမ်းမို့ သိပ်တော့ မကြောက်မိဘူး။

ပုသိမ်ဘုန်းကြီးကျောင်းဝင်းထဲက ထွက်တာနဲ့ တောင်မြောက်တန်းနေတဲ့ ဓါးတောရပ်လမ်းမကြီးကိုတွေ့တယ်။





လမ်းမကိုကန့်လန့်ဖြတ်ကူးတာနဲ့ လေးပေလောက်ပဲကျယ်တဲ့ အုတ်ခဲတွေ စီခင်းထားတဲ့ လမ်းကျဉ်းလေးရှိတယ်။

အဲဒီ အုတ်လမ်းကျဉ်းလေးအတိုင်း ၁၀ မိနစ်လောက်ပဲလျှောက်၊ ရန်ကုန်-မန္တလေး မီးရထားလမ်းကိုတွေ့မယ်။

မီးရထားလမ်းဖြတ်ကျော် ခြံနှစ်ခြံကြားက အုတ်လမ်းကျဉ်းအတိုလေးတစ်ခုကို လျှောက်ပြီးတာနဲ့ ရန်ကုန်-မန္တလေးတားလမ်းမကြီးကိုရောက်ပြီ။

လမ်းမကြီးရဲ့ အနောက်ဘက်ကပ်လျက် မျက်စောင်းထိုးမှာက ကညွတ်ကွင်းရဲစခန်းပဲ။

ဆိုရရင် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ပဲ ကြာတဲ့ခရီး။

ပြောစရာတစ်ခုရှိတာက လေးပေအုတ်လမ်းရှည်ပဲ။

လမ်းက ကျဉ်းမြောင်းပါတယ်ဆိုမှ တစ်ဘက်တစ်ချက်မှာ ပုပ္ပါးတောချောင်း အုတ်တံတိုင်းအရှည်ကြီးရှိတယ်။

ပြီးတော့ သစ်ကြီးဝါးကြီးတွေက အုပ်ဆိုင်းနေလို့၊ နေ့ခင်းကြီးတောင် အမှောင်နဲ့အေးစိမ့်မှုကို ခံစားရတယ်။

စိတ်အားငယ်တတ်တဲ့ သူဆိုရင်တော့ အသဲတုန်စရာကောင်းတဲ့နေရာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မအေးနိုင် ရဲ့စခန်းရောက်သွားတယ်။

အိမ်ကနေ အချိုပွဲအတွက် မုန့်တွေယူပြီး ပြန်ထွက်လာခဲ့တယ်။ အဲဒီအချိန်မှာ ည(၈)နာရီထိုးပြီ။

အမှောင်ကလည်း တော်တော်ထူထဲနေပြီ။

ဘယ်လောက်မှ မကြာတဲ့ခရီးပေမယ့် မအေးနိုင်လို မိန်းမသားတစ်ယောက်အတွက် စိတ်အားငယ်စရာပါ။

ဗဟိုကင်းတာဝန်ကျ ကင်းသမားတစ်ယောက်က "မအေးနိုင် မှောင်နေပြီ၊ လိုက်ပို့ပေးရမလား"လို့ မေးတယ်။

မအေးနိုင်က "ရတယ်၊ နေပါစေ"လို့ပြောပြီး ဓာတ်မီး တစ်လက်အားကိုးနဲ့ ဘုန်းကြီးကျောင်းကို ပြန်လာခဲ့တယ်။

ကားလမ်းမကနေ အုတ်လမ်းတိုလေးပေါ်အတက်မှာတော့ မအေးနိုင် နောင်တရမိတယ်။

"အဖော်ပါမလာတာ မှားပြီလို့လည်း တွေးမိလိုက်တယ်"

ဘာကြောင့်လည်းဆိုတော့ တစ်လောကလုံး မှောင်နှင့် မည်းမည်း ဖြစ်နေလို့ပါ။

သွားရမယ့်လမ်းမှာ သစ်ကြီးဝါးကြီးတွေနှင့် ဖုံးအုပ်ထားတယ်။ မှောင်မည်းအေးစိမ့်နေတယ်။





တစ်ဖက်တစ်ချက်က အုတ်ဂူတိုင်တွေကြောင့်လည်း လူသူ တိတ်ဆိတ်ငြိမ်သက်ပြီး ကြောက်စရာလန့်စရာကောင်းနေတယ်။

ဒါပေမယ့် မသွားလို့လည်း မဖြစ်ဘူး။

မအေးနိုင် ကြောက်စိတ်နဲ့ ဂုဏ်တော်တွေရွတ်ပြီး အပြေး တစ်ပိုင်း လျှောက်လာခဲ့တယ်။

သုတ်သုတ်သွက်သွက် လျှောက်လာတဲ့မအေးနိုင်တစ်ယောက် တစ်နေရာအရောက်မှာတော့ တုန့်ခနဲ ရပ်တန့်သွားရတယ်။

အကြောင်းကတော့ သူ့ရှေ့ဝါးတစ်ရိုက်လောက်အကွာမှာ မားမားကြီးရပ်နေတဲ့ အဖောင်းကြီးတစ်ကောင်ကြောင့်ပါ။

ထိုးလာတဲ့ဓာတ်မီးရောင်က ရပ်နေတဲ့ အကောင်ကြီးရဲ့ အမွေးအမျှင်တွေနဲ့ ခြေထောက်နှစ်ချောင်းကို ထိုးမိတယ်။

"အမလေး၊ ဘာကောင်ကြီးလဲ ...."

မအေးနိုင် တုန်သွားတယ်။ ပါးစပ်ကလည်း လန့်အော်မိတယ်။

ရုတ်တရက် ဓာတ်မီးကို အပေါ်မြှင့်ပြီး ထိုးမိလိုက်တယ်။

"အမလေး ... သရဲကြီး"

[illegible]တယ်၊ သရဲကောင်ကြီးရဲ့အရပ်က ထန်းပင်တစ်ပင်လို မြင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးက ပိန်ပိန်ရှည်ရှည်ကြီး၊ ကြောက်စရာ ရုပ်ပျက်ဆင်းပျက်မျက်နှာကြီးနှင့် နီရဲပြူးကျယ်တဲ့ မျက်လုံးကြီးနှစ်လုံးကို တွေ့လိုက်ရတယ်။

မအေးနိုင်နောက်ကို အလိုလို ပြန်လှည့်မိရက်သား ဖြစ်သွားတယ်။

ကြောက်လန့်ချောက်ချားစိတ်တွေနဲ့ နောက်ကြောင်းလှည့်ပြေးလာခဲ့တာ ရဲစခန်းပြန်ရောက်တဲ့အထိပါပဲ။

BURMESE CLASSIC

အရမ်းကြောက်လန့်ပြီး ယောင်တိုက်နေတဲ့ မအေးနိုင်ဟာ ရောက်ရောက်ချင်း အကျိုးအကြောင်း ဘာမှ မေးလို့မရဘူး။

တော်တော်လေးကြာမှ ပုံမှန်သတိပြန်ဝင်လာပြီး အကျိုးအကြောင်းစုံ ပြောပြနိုင်တယ်။

ဗဟိုကင်းမှူးက မအေးနိုင်ကို လိုက်ပို့ဖို့ ရဲတပ်ဖွဲ့ဝင် နှစ်ယောက် ထည့်ပေးရတယ်။

ဒါပေမယ့် မအေးနိုင်သွားနေကျဖြတ်လမ်းဖြစ်တဲ့ အုတ်လမ်းကျဉ်းလေးကနေ မသွားရဲတော့ဘူး။

ဈေးတန်းပေါင်းရပ်နဲ့ဝါးတောရပ်ကို ကွေ့ပတ်ပြီးသွားတဲ့ လမ်းကနေ ပုသိမ်ကျောင်းရောက်အောင် ပို့ပေးလိုက်ရတယ်။





မအေးနိုင်လည်း ကျောင်းရောက်ရောက်ချင်း ဝေယျာဝစ္စ ဒေါ်လှသီတို့အဖွဲ့ကို ပြောပြတယ်။

ဒေါ်လှသီတို့အဖွဲ့က မအေးနိုင်တွေ့လာတဲ့ သရဲကောင်ကြီးအကြောင်း ပုသိမ်ဆရာတော်ကို လျှောက်တယ်။

"အဲဒီကောင်ကြီးက သူတော်ကောင်းကြီးပါကွာ၊ ဘယ်သူ့ကိုမှ ရန်မလုပ်တတ်ပါဘူး၊

အခုလဲ အစာရှာထွက်ရင်း ပက်ပင်းတိုးမိတာ ဖြစ်ပါလိမ့်မယ်"လို့ ဆရာတော်ကြီးက အမိန့်ရှိပါတယ်။

ဆရာတော်ကတော့ ဒီသရဲကောင်ကြီးရှိတာကို သိပုံရပါတယ်။

သီလ၊ သမာဓိ၊ ပညာနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဆိုတော့ ကြောက်တဲ့စိတ် လုံးဝမရှိဘူး။ သရဲကောင်ကြီးရဲ့ နုံချာဆင်းရဲပင်ပန်းလှတဲ့ ဘဝကို ကြင်နာသနားစိတ်ပဲ ရှိရှာပါ။

ဆရာတော်ကြီးကတော့ ၁၉၉၀–၉၁ လောက်ကပဲ ပျံလွန်တော်မူသွားခဲ့ပါပြီ။

မအေးနိုင်တို့ ဒေါ်လှသီတို့ကတော့ ယနေ့တိုင် သက်ရှိထင်ရှား ရှိနေသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



တတယ်လို့များ စာဖတ်သူအနေနှင့် အဲဒီနေ့က မအေးနိုင် ကြုံခဲ့တဲ့ အဖြစ်အပျက်ကို ဒီထက်ပိုပြီး အသေးစိတ်သိချင်တယ် ဆိုရင်တော့ ...

စာရေးသူမှတစ်ဆင့် ဆက်သွယ်နိုင်ပါတယ်။

မအေးနိုင်၊ ဖေါ်လှသိန်းနှင့်တကွ မေယုစတွအဖွဲ့ဝင်တစ်ချို့ နှင့်ပါ တွေ့ဆုံမေးမြန်းခွင့်ရအောင် စီစဉ်ပေးပါ့မယ်။

တစ်ဖတ်သူများအား ထာဝရချစ်ခင်လေးစားလျက်

မောင်မှိုင်းညို့(ချောင်းဆုံး)

၂၀၁၄၊ ဇူလိုင်(၁၁)ရက်

BURMESE CLASSIC

## မိတ်ဆွေစာပေမှ ထုတ်ဝေဖြန့်ချိသည့် မောင်မှိုင်းညို့(ချောင်းဆုံး)စာအုပ်များ

“ပန်းကြွေတဲ့ဆောင်းတစ်ည” နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
“သေဒဏ်ထိုက်သောအကြံ” နှင့် ဒုမ်ဗိုလ်မှူးစောသိန်း စစ်ဆေးခဲ့သည့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
“ရှာဖွေနေရာလူသတ်မှု” နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ(ပထမအုပ်)
“ရှာဖွေနေရာလူသတ်မှု” နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ(ဒုတိယအုပ်)
“ကျိန်စာထိုက်သူ” နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
“သုံးမျက်မြတ် လူသတ်မှု” နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
ပိုးတွမ်တီးတေးဓေဓနာတော်ဆုံးပေါ်လိပ်နည်းအမျိုးမျိုး
“ညောင်မျိုးပင်သရဲ” နှင့် တစ္ဆေဖြစ်ရပ်မှန်များ
နတ်မြင်းသည်သူရဲကောင်းများ
ကလေးသူရဲကောင်းဇေယျာမိတ်
ဆွဲကြိုးချကုန်းကတစ္ဆေနှင့် ကျွန်းပစ်ထောင်သရဲ
သိုက်ဆက်သော်သော်ဖွေမ်နှင့် နာနာဘာဝဖြစ်ရပ်မှန်များ

ဥစ္စာစောင့်တွေလျှောက်ခဲ့တဲ့ရွာနှင့် သေရွာပြန်ဖြစ်ရပ်မှန်များ

www.burmeseclassic.com